
စကားထာလေးခွန်း

အပါအဝင်

# ထိုင်းရိုးရာ ပုံပြင်များ

ကိုရွှေသိမ်းမင်း



PiKoPiKo, 99

[redacted]

ပထမအကြိမ်

အုပ်-၁

၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ

**မျက်နှာဖုံး**

ပိုက်ပိုက်

**အဖုံးဖလင်**

**CONQUEROR**

ပန်းရွှေပြည်

**ပုံနှိပ်သူ(အဖုံးအတွင်း)**

ဦးထွန်းထွန်း၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်

(၀၂၇၂၆)၊ ၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ (၀၉၀၆)

၂၆၇၊ ခရေပင်လမ်း၊ ၃ ရပ်ကွက်၊

မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**စာမူခွင့်ပြုချက်**-၃၁/၉၉ (၈)

**အဖုံးခွင့်ပြုချက်**-၂၅/၉၉ (၁၀)

ကလေးတိုင်း ပညာပြည့်ဝ နှလုံးလှစေဖို့

စကားထာလေးခွန်း

အပါအဝင်

# ထိုင်းရိုးရာပုံပြင်များ

ကိုဧရာဝင်းမင်း

## ဒို့အဓိကအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ရပ်ရွာအေးချမ်းသာယာရေး ဝိုင်းကူညီစောင့်ရှောက်ပေး။
တိကျမှန်ကန် စိတ်ဓာတ်သန်၊ မြန်ဆန်ဆောင်ရွက် ပြည်သူ့အတွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။
နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထင်းခုတ်သမားကလည်း မင်းဖြစ်မင်းခံကော်သင့်မည့် အကြောင်း သတိပေးငြင်းဆန်၏။

သို့ဖြင့် မယားဖြစ်သူလည်း ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။

ည အိပ်ရာဝင်ချိန်ရောက်သည့်အခါမှ မယားမာယာဖြစ်၍ ငိုကြီးချက်မနှင့် တရှုံ့ရှုံ့ငိုနေလေတော့၏။

"ထင်းခုတ်သမားက ဘာကြောင့် ငိုရတာလဲ"ဟု မေးသော အခါမှ သူမက ပြန်မဖြေ။ ခေါင်းသာ တွင်တွင်ခါနေ၏။

ဇနီးကလေးမှာ အရွယ်ကလေးကလည်း ငယ်၊ ရုပ်ကလေး ကလည်း လှ၊ အိမ်ထောင်ကျတာလည်း မကြာသေးတော့ နှစ်ခါမမူလိုက်ရဘဲ ထင်းခုတ်သမားခမျာ အသည်းကြွေ၍ အရည်ပျော်သွားရတော့သည်။

သူ့မိန်းမအား တယုတယဖက်၍ ချော့လာမြူလာပြီး

"အချစ်ကလေးရယ်။ မင်း ဘာတွေ ဖြစ်နေတာလဲ။ ကြေနတော့ မောင်ကြီးကို စိတ်ဆိုးနေပြီ ထင်တယ်။ကဲ. . မင်း ကျေနပ်အောင် မောင်ကြီး ဘာလုပ်ပေးရမလဲ။ မင်း ဆန္ဒရှိ မယ်ဆိုရင် ဘယ်လောက်ပဲ အခက်အခဲ ရှိပါစေ။ မောင်ကြီး ကြိုးစား ရယူပေးမှာပေါ့။ မင်း စိတ်မချမ်းမသာ ဖြစ်နေတဲ့ ကိစ္စသာ ပြောပေတော့"

ဇနီးကလေးလည်း အခွင့်ကောင်းကို အလွတ်မခံဘဲ လင် တော်မောင်အား မျက်လွှာကလေးလှန်၍ကြည့်ပြီး မျက်ရည် စက်လက်နှင့်

"နှမကလေးမှာရှိသမျှ အချစ်တွေပုံပြီး မောင်ကြီးကို အပ်နှင်းထားခဲ့တာ မောင်ကြီး အသိနော်။ မောင်ကြီးနဲ့ လက်ထပ်တဲ့နေ့က စပြီး ဒိုးတူပေါင်ဖက်လုပ်ကိုင်ပြီး အေး အတူပူအမျှ ခံစားခဲ့တာပါ။ တွေ့သမျှဒုက္ခတွေလည်း ခါးစည်း

ပြီး ခံခဲ့တာပါပဲ။ မောင်ကြီးပြုသမျှ နေရတဲ့ဘဝမှာ သေအထိ တိုင်အောင် မခွဲမခွာဘူးလို့ သစ္စာပြုခဲ့ပါတယ်။ ဒါပေမယ့် မောင်ကြီးဟာ နှမရဲ့မေတ္တာတွေကို အလေးအနက်မထားသလို နှမအပေါ်လည်း ယုံကြည်မှု မရှိခဲ့ဘူးလေ။ မောင်ကြီး ဝှက်ခဲ့တဲ့ စကားထာလေးပုဒ်အဖြေ မပေးတာထောက်ရင် ကျွန်မတို့ နှစ်ယောက်ဟာ လင်မယား မဟုတ်သလိုပဲ။ စိမ်းကားရက်စက်ရာ ရောက်ပါတယ်။ ကိုယ့်မိန်းမကို ကိုယ် အကောင်းမထင်တဲ့ ယောကျ်ားဟာ ဘယ်လိုယောကျ်ားမျိုး ဖြစ်သွားမလဲဟင်"

ဇနီးသည်၏ဖြားယောင်းသွေးဆောင်သော မာယာစကား တွေကို ကြားလိုက်သည့်အဆုံးမှာတော့ မောင်မင်းကြီးသား ထင်းခုတ်သမား အယုံကြီး ယုံစားသွားတော့သည်။

ဒီကြားထဲ မရွှေချောက အမူပိုပိုမြူချီချီနှင့် ပြုစုယုယမှု တွေ ပေးလိုက်သည့်နောက် လေးခွန်းသောစကားထာများ၏ အဖြေတွေကို ထုတ်ပြောလိုက်မိလေတော့၏။

ထိုညအဖို့ ကြည်ကြည်နူးနူး အိပ်ပျော်သွားကြ၍ မနက် မိုးလင်းသည်နှင့် ထင်းခုတ်သမားက ဇနီးကလေးအား နှုတ် ဆက်ပြီး အလုပ်ခွင်သို့သွား၏။

မိန်းမငယ်လည်း ရွှေနန်းတော်သို့ တစ်ချိုးတည်း ဒုန်းစိုင်း ပြေးခဲ့ရာမှ တံခါးမှူးအား စကားထာများကို အဖြေပေးဖို့ ရောက်လာပါကြောင်း အသိပေးလိုက်၏။

ထိုမှ ဘုရင့်ရှေ့တော်မှောက် အခစားဝင်ခဲ့ရသည်။

ဘုရင်က စကားထာတစ်ခုချင်းကို မေးလိုက်တိုင်း သူမ က ခင်ပွန်းသည်ပြောလိုက်သည့် အဖြေများကို မှန်မှန်ကန် ကန် ပြန်လျှောက်တင်နိုင်ခဲ့၏။

သို့သော် သူမ နန်းတော်ထဲမှ ပြန်ထွက်မည်ဆဲဆဲ၌ ဘုရင် ငယ်က ရုတ်တရက် သံသယဝင်သွားသဖြင့် ရှေ့တော်မှောက်

သို့ ပြန်ခေါ် ခိုင်းလိုက်သည်။

ပြီးနောက်

"မယ်မင်းက ဘယ်သူများပါလိမ့်။ ငါ ကိုယ်တော်ဘုရား တစ်နေရာရာမှာ တွေ့ဖူးခဲ့သလားဟဲ့"

"မှန်လှပါ အရှင်မင်းမြတ်။ ကျွန်တော်မဟာ ထင်းခုတ်သမားရဲ့ဇနီးမယားဖြစ်ပါတယ် ဘုရား"

"ဒါဆို ဒီစကားထာတွေရဲ့ အဖြေကို မယ်မင်း ဘယ်က ရသလဲ"

"အမှန်အတိုင်း မကွယ်မဝှက် လျှောက်တင်ရမယ်ဆိုရင် ဖြင့် ကျွန်တော်မျိုးမရဲ့ခင်ပွန်း ထင်းခုတ်သမားကိုယ်တိုင်က ပြောပြခဲ့လို့ သိရတာပါဘုရား"

မိန်းမငယ်က အသံ ကတုန်ကယင်လုပ်၍ လျှောက်တင် ခဲ့၏။

ဘုရင်ကလေးလည်း ဒေါသကြောင့် မျက်မှောင်ကုပ် သွား၏။

သို့သော် မင်းမှာ သစ္စာ၊ လူမှာ ကတိ ဆိုသည့်အတိုင်း မိန်းမငယ်အား ရန်မပြုဘဲ ဆုတော်လာဘ်တော်များနှင့်အတူ ပြန်ခွင့်ပေးလိုက်၏။

ထို့နောက် ချက်ချင်းဆိုသလို ထင်းခုတ်သမားအား နန်း တော်သို့ ဖမ်းဆီးခေါ်ဆောင်လာစေ ဟု အမိန့်ထုတ်လိုက်၏။

မကြာမီ

ထင်းခုတ်သမားလည်း မင်းချင်းများ စောင့်ကြပ်လျက် ရှေ့တော်မှောက် ဒူးထောက်ခ,စားခဲ့ရတော့၏။

ဘုရင်က

"မောင်မင်း။ မောင်မင်းကို စကားထာတွေရဲ့ အဖြေတွေ ဘယ်သူမှ မသိစေနဲ့။ ပေါက်ကြားသွားခဲ့ရင် ကြီးလေးတဲ့ အပြစ်

ဒဏ်ပေးမယ်လို့ ငါကိုယ်တော် သေသေချာချာမှာခဲ့တာ မေ့သွားပြီလား ဟေ။ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကို ပျော်ပျော်ကြီးစံချင်တယ်နဲ့ တူရဲ့။ ငါဘုရင် အမိန့်တော်ကို ဖီဆန်ပြီး မောင်မင်းမယားကို လျှို့ဝှက်အဖြေတွေ ပေးလိုက်တာဟာ ရာဇဒဏ် သင့်စေရမှာပဲ"

တဒင်္ဂအတွင်း ထင်းခုတ်သမားလည်း သူ့မှားပြီလို့ နားလည်လိုက်သည်။

ဘုရင့်ကို မခန့်လေးစားနှင့် အာဏာဖီဆန် ကတိဖျက်မိပါရောလားလို့လည်း နောင်တ ရလိုက်သည်။

တစ်ဆက်တည်းမှာတော့ သူ့အနေဖြင့် မယားဖြစ်သူကို ငုံထားမတတ် အသက်ပေးချစ်ခဲ့ကြောင်း ယခုလည်း ဘုရင့်ကြေညာမောင်းကို ကြားလိုက်သည့်မယားက နည်းအမျိုးမျိုးဖြင့် နားပူနားဆာတိုက်၍မေးခဲ့သဖြင့် ဖွင့်ဟပြောမိခဲ့ကြောင်းကို ထုတ်ဖော်ဝန်ခံစကား ဆိုခဲ့တော့၏။

ရာဇမာန်ပွားနေသော ဘုရင်ကလေးက သူ့စကားကို နားမဝင်ဘဲ ပါးကွက်အာဏာသားတွေကို ဆင့်ခေါ်၍ ဘုရင့်အမိန့် မနာခံမှုဖြင့် ထောင်သွင်းအကျဉ်းချထားစေဟု အမိန့်တော်မှတ်လိုက်သည်။

အာဏာပါးကွက်သားများက ဖမ်းဆီးကြိုးတုပ်နေရင်းတန်းလန်းမှ ထင်းခုတ်သမားလေးခမျာ ကြောက်အားလန့်အား မျက်ကလဲဆံပြာဖြင့် ဘုရင့်ကို သံတော်ဦးတင်မိပြန်၏။

"ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား။ ကျွန်တော်မျိုးဟာ ဇနီးသည်ကို ချစ်ခင်ယုံစားမိလို့ စကားထာအဖြေများ ဖွင့်ပြောမိတာ ဖြစ်ပါတယ်။ သူမဟာ ကျွန်တော်မျိုးလိုပဲ ဒီအဖြေတွေကို သိုသိုသိပ်သိပ် လျှို့ဝှက်ထားလိမ့်မယ်လို့လည်း ထင်ခဲ့ပါတယ်။ ဒါပေမယ့် သူမဟာ ကျွန်တော်မျိုးအပေါ် သစ္စာ

စောင့်ရမယ့်အစား သစ္စာဖောက်ခဲ့ပါပြီ။ ဒါဟာ အရှင်မင်းမြတ် သဘောမကျစွာ စောဒကတက်ခဲ့တဲ့ စတုတ္ထမြောက် စကားထာ နံပါတ်လေးရဲ့ သက်သေပြချက်အဖြစ်လည်း ထင်ရှားသွားပါ ပြီ။ အရှင်မင်းမြတ် မှတ်မိပါလိမ့်မယ်။ ငွေတွေကို ရန်သူကို ပေးတယ်ဆိုတာ ကျွန်တော်မျိုးရဲ့မိန်းမကို ပေးအပ်ခြင်းရဲ့ အဓိပ္ပာယ်ပါပဲဆိုတဲ့ လျှောက်တင်ချက်ပါဘုရား"

ထင်းခုတ်သမား စကားအဆုံးမှာပင် ဘုရင်ကလေးလည်း စကားထာလေးခွန်းကို ပြန်တွေးမိလိုက်သည်။ သည်တော့ လည်း ဟုတ်လိုက်လေ။ သူ့စကားတွေက ဘယ်မှားလို့လဲ။ အထင်အရှား မှန်ပေသားကလား စသဖြင့် ဆင်ခြင်ဉာဏ် ဝင် သွားသည်။

"ဩော်၊ အေး။ မောင်မင်း အချိန်မီသတိပေးလို့ တော်ပါ သေးရဲ့။ စကားထာများနဲ့ အလားတူ မောင်မင်းဟာ ဉာဏ်ကြီး ရှင် ပီသပါပေရဲ့။ သဟာဖြင့် စောစောက ချမှတ်လိုက်တဲ့ အပြစ်တွေ လွတ်စေ။ ဒီအပြင် ဆုတော်လာဘ်တော် ရွှေစင် တစ်သိန်း ချီးမြှင့်စေ။ ဒါ့အပြင် မောင်မင်းဟာ ထင်းခုတ်သမား ဘဝနဲ့ မတန်၊ နန်းတွင်း ပညာရှိရာထူးနဲ့ ထိုက်ထိုက်တန်တန် သူ့ကောင်းအပြုခံလို့ ကြိုက်နှစ်သက်ရာ အပျိုတော်တစ်ပါးနဲ့ ယူစေဗျား"

ဟူ၍ အမိန့်တော် ချမှတ်လိုက်လေတော့သတည်း။ ။

**ဆင်ခြင်ရန်**

၁။ လျှို့ဝှက်အပ်သောစကားကို မယားသော်မှ မပြော အပ်။ လျှို့ဝှက်အပ်သောစကားကို လျှို့ဝှက်ထား ခြင်းသည်သာ အကောင်းဆုံး ဖြစ်၏။

၂။ ဆင်ထီး၊ မြွေဟောက်၊ ကျွန်အိုကြီးနှင့် ချစ်စရာ မိန်းမ လေးဦးစလုံး ဘယ်သူ့ကိုမှ မယုံပါလေနှင့်။



## အမေနှစ်ယောက် အရှုပ်တော်ပုံ

သတင်းစကားကို မေးချင်သဲနဲ့ ချိုင်းကြားညှပ် မေးယှဉ်ပါနွှင့်

([illegible])

တစ်ခါက ဘန်ကောက်မြို့၏ အောက်ဘက် ပဲမန်ရေချောင် မရားမြစ်အတွင်းရှိ ရေပေါ်အိမ်တစ်လုံးတွင် နိုင်ဆွတ်ချိုင်းဆိုသူ ထိုင်းလူငယ်တစ်ယောက်သည် မိခင် မုဆိုးမကြီးနှင့်အတူ အေး ချမ်းစွာ နေထိုင်လျက်ရှိ၏။

အချိန်တန်အရွယ်ရောက်သောအခါ ဘန်ကောက်၏ တစ် ဘက်ကမ်း မြစ်အနောက်ခြမ်းရှိ ကလောင်ဘန့်လွှမ်း တူး မြောင်းထဲတွင်နေထိုင်သော မုဆိုးမကြီး၏ သမီးကလေး နန်း ဆွမ်ဘွန်းနှင့် အိမ်ထောင်ကျခဲ့သည်။

သူတို့နှစ်အိမ် တစ်အိမ်နှင့်တစ်အိမ်မှာ လှေဖြင့်သွားလျှင် တစ်နာရီခရီးမျှသာရှိလင့်ကစား ဓလေ့ထုံးစံအရ နိုင်ဆွတ်ချိုင်း သည် သူ့မိန်းမနှင့်အတူ ယောက္ခမအိမ်၌ သွားနေခဲ့ရ၏။

နှစ်ဖက်သောမိခင်များမှာ ဇရာချိန်ရောက် အရွယ် ထောက်လာသလို အိုမင်းမစွမ်းဖြစ်၍ မကြာခဏ ရောဂါ ဖောက်လေ့ ရှိကြ၏။

ပြီးပုံက တစ်နေ့တော့ နန်းဆွမ်ဘွန်းတို့အိမ်သို့ လူကြီး တစ်ယောက် ရောက်လာပြီး နိုင်ဆွတ်ချိုင်း၏အမေ အတော် လေးဖျားနေကြောင်း သတင်းပေးသွား၏။

နိုင်ဆွတ်ချိုင်းလည်း မိခင်အိုကြီးအတွက် ထိတ်ထိတ်ပျာပျာ စိုးရိမ်ကြီးဖြစ်သွားရာမှ ဖနီးသည်အား ပြောပြ၏။

"ဒီအတိုင်းဆိုရင်တော့ ငါ့အမေကို သွားကြည့်ဦးမှပဲကွ။ ခုတလော အမေလည်း အရမ်းချချာနေတာ။ အသက်ရှင်တုန်း တတ်နိုင်သလောက်တော့ ပြုစုရတာပေါ့ကွာ"

နန်းဆွမ်ဘွန်းကလည်း အသာတကြည် ခွင့်ပြုရုံမက သူပါ လိုက်ချင်သည်ဟု ပြော၏။

ခက်တာက တစ်ပြိုင်တည်းလိုပင် နန်းဆွမ်ဘွန်းအမေ ကိုယ်တိုင်ကလည်း မကျန်းမမာနှင့် အိပ်ရာထဲ လဲနေသောကြောင့် တစ်ယောက်တည်းထားခဲ့လို့ မဖြစ်ပြန်ချေ။

လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ပြီးသည့်နောက် နိုင်ဆွတ်ချိုင်းတစ်ယောက်တည်း သွားဖို့သာ ဆုံးဖြတ်လိုက်ရသည်။

နိုင်ဆွတ်ချိုင်း သူ့အမေကြီးထံ ရောက်သောအခါ အခြေအနေက ထင်သလောက်မဆိုးလှဘဲ တော်တန်ရုံလောက်သာ ဖြစ်နေကြောင်း တွေ့ရသည်။ ဒါပေမယ့် လူကြီးပီပီ အားပြတ်နေသဖြင့် သူက လိုအပ်သလို ဝတ်ကြီးဝတ်ငယ်ပြုစုပေးနေခဲ့ရာမှ သုံးလေးရက်ကြာ နေလိုက်မိ၏။

ဖြစ်ချင်တော့ သူတို့ရေပေါ်အိမ်နှင့် နှစ်အိမ်ခြားမှာပင် နေသော အမေ၏အစ်မ ကြီးဒေါ်ကြီးမှာ မမျှော်လင့်ဘဲ ရုတ်တရက် လေဖြတ်ပြီး သေဆုံးသွားရှာသည်။

အဒေါ်အိမ်၌ ယောကျ်ားသားကြီးကြီးမားမားလည်း မရှိသဖြင့် အသုဘကိစ္စမှာ နိုင်ဆွတ်ချိုင်းခေါင်းပေါ်သို့ ပုံကျခဲ့ရသည်။

မအားမလပ်နိုင်အောင် ဖြစ်နေသည့်ကြားမှ အိပ်ရာထဲ လဲကျန်ခဲ့သော နန်းဆွမ်ဘွန်းအမေကြီးအတွက်ပါ စိတ်ပူနေ

ရပြန်သည်။ သူ အိမ်ကထွက်လာကတည်းက ယောက္ခမကြီး သတင်း အစအနမှမရခဲ့တော့လည်း ပို၍ စိုးရိမ်နေမိ၏။

ကြီးဒေါ် ဆုံးပြီး နောက်တစ်နေ့မှာပင် ကြီးဒေါ်၏သမီး သူညီမဝမ်းကွဲဖြစ်သူက ရိုးရာဓလေ့အတိုင်း ကတုံးရိတ်၍ ဝတ်စုံဖြူ ဝတ်ခဲ့သည်။ ပြီး သရဏဂုံဆွမ်းကျွေးရန် လိုအပ်သည်များကိုဝယ်ဖို့ ကလောင်ဘန်လွမ်းသို့ လှေဖြင့်ထွက်လာခဲ့၏။

နန်းဆွမ်ဘွန်းတို့ အိမ်အနီးသို့ ရောက်လာသည်တွင် နန်းဆွမ်ဘွန်းကလည်း ဝရန်တာမှ ထွက်အကြည့်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံးဆည်းမိလေ၏။

ကတုံးရိတ်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်ထားသော မိန်းမပျိုကို တွေ့လိုက်သည်နှင့် ရင်ထဲတွင် ဒိန်းခနဲ တုန်လှုပ်ချောက်ချားသွား၏။

"ဘုရား။ ဘုရား။ ဒုက္ခတော့ ဖြစ်ပြီ ထင်ပါရဲ့။ နိုင်ဆွတ်ချိုင်းရဲ့အမေတော့ သေပြီ။ ဒါကြောင့်သာ သူ့ညီမဝမ်းကွဲက ဒီ အ,မင်္ဂလာဝတ်စုံ ဝတ်ပြီး ဈေးဝယ်ထွက်လာတာ ဖြစ်ရမယ်။ ကြည့်စမ်း။ သူ့ကိုသာ ငါ မတွေ့လိုက်ရင် ဒီအကြောင်း သိမှာမဟုတ်ဘူး။ ငါ့ယောကျ်ားကလည်း ဘာလို့များ အကြောင်းမကြားပါလိမ့်။ ဘာပဲဖြစ်ဖြစ် သူ ပြန်လာရင် ငါ့ကို မသိရကောင်းလား၊ နေစိမ့်ကောင်းလား လို့ အပြစ်တင်လာတော့မယ်။ လူကြီးသူမတွေ ဆုံးမစကားလည်း ရှိတယ်မဟုတ်လား။ လင်ကိုချစ်ရင် ယောက္ခမကိုလည်း ကိုယ့်အမေအရင်းလို ချစ်ရမယ်တဲ့"

ထိုသို့ တွေးမိတွေးရာ တွေးလိုက်မိသည့်အဆုံး လှေပေါ်မှ မိန်းမပျိုကို လှမ်းခေါ်ကာ မိန်းမပျို၏ ညှိုးနွမ်းနေသော မျက်နှာပြင်ကို အကဲခတ်လျက်

"အဖွားကြီး ဘယ့်နှယ်နေသေးလဲ။ အသည်းအသန် ဖြစ်

နေတုန်းပဲလား"

မိန်းမပျိုကလေးကလည်း နန်းဆွမ်ဘွန်းမက သူ့အမေကိုပဲ မေးသည်ထင်ပြီး ပြန်ဖြေလိုက်၏။

"ဆုံးပြီ အစ်မရေ။ မနေ့ညနေကပဲ ဆုံးသွားပြီ။ နက်ဖြန် မနက် ဘုန်းကြီးကျောင်းမှာ သွားသရဏဂုံတင်ပြီး သင်္ဂြိုဟ်မယ် အစ်မရဲ့"

မိန်းမပျိုကလေးက ဈေးဝယ်နောက်ကျနေမှာ စိုးသဖြင့် ကတိုက်ကရိုက်ဖြေပြီး လှေလေးကို အမြန်လှော်ထွက်သွားသည်။

သည်တော့ နန်းဆွမ်ဘွန်းကလည်း အဖြစ်မှန်ကို ရေရေလည်လည် လုံးစေ့ပတ်စေ့သိခွင့်မရလိုက်ဘဲ သူ့ယောက်ျား၏ အမေ သူ့ယောက္ခမကြီး သေပြီလို့သာ နားလည်လိုက်မိ၏။

ကံအားလျော်စွာ နောက်တစ်နေ့မနက်၌ သူ့မိခင်ကြီး ကိုယ်တိုင်က သက်သာလာသဖြင့် နန်းဆွမ်ဘွန်းသည် ယောက္ခမကြီးအား သင်္ဂြိုဟ်ချိန်အမီ ကလောင်ဘန်လွမ်းသို့ လှေကလေးဖြင့် ဒုန်းစိုင်းလှော်ခဲ့လေ၏။

ခင်ပွန်းဖြစ်သူ နိုင်ဆွတ်ချိုင်းကလည်း ရသမျှအချိန်ကလေးအတွင်း အလုအယက်ခေါင်းတုံးရိတ်၍ ဝတ်စုံဖြူ ဆင်မြန်းကာ အခေါင်းအလောင်းအား ဘုန်းကြီးကျောင်းကို ပို့ဆောင်သည့်အခမ်းအနား၌ ဦးဆောင်ကြီးကြပ်ခဲ့သည်။

ကျောင်းရောက်တော့ လှူဖွယ်ပစ္စည်းများ ပေးလှူပြီး တရားနာကြရသည်။ နိုင်ဆွတ်ချိုင်းကတော့ တရားနာရင်း တန်းလန်းမှပင် အိမ်မှာကျန်ခဲ့သော ယောက္ခမကြီးကို သတိရနေမိပြန်၏။

ငါ့ယောက္ခမကြီး နေမှ ကောင်းရဲ့လား။ သေများ သေပြီလား ဟူ၍ တွေးပူနေမိ၏။

ထို့ကြောင့်လည်း တူးမြောင်းအတွင်း အစုန်အဆန် ဝင်

ထွက်သွားလာနေကြသော လှေများကို တစ်ချိန်လုံးစောင့်ကြည့်နေခဲ့ရာမှ သူတို့နှင့် အိမ်နီးနားချင်း တစ်ဦးတလေ တွေ့လျှင် သတင်းမေးရန် ကြံစည်ထား၏။

ယင်းအခိုက်မှာပင် သူမိန်းမ်နန်းဆွမ်ဘွန်းလည်း ဘုန်းကြီးကျောင်းအနီးသို့ ရောက်လာသည်။ လှေကို ကမ်းစပ်တစ်နေရာတွင် ထိုးဆိုက်လိုက်သည်။ ထို့နောက် မထင်မရှားပုန်းလျှိုးကွယ်လျှိုးဖြင့် အခြေအနေကို အကဲခတ်လှေလာနေမိ၏။

ဤတွင် သူယောကျ်ားများ နိုင်ဆွတ်ချိုင်းနှင့် ဆွေမျိုးသားချင်းများက အလောင်းကို ရေချရန်ပြင်ဆင်နေသည်ကို တွေ့လိုက်ရ၏။ သူတို့အားလုံးလည်း ခေါင်းတုံးကိုယ်စီနှင့် ပိတ်ဖြူတွေဝတ်ထားကြောင်း သတိပြုမိလိုက်၏။

"အင်း။ ငါလည်း အဝတ်ဖြူတွေတော့ ဝတ်လာတာပဲ။ ဒါပေမယ့် ခေါင်းတုံးရိတ်ခဲ့ဖို့ မေ့လာတယ်။ မဖြစ်သေးပါဘူး။ လူ အကဲ့ရဲ့မခံရအောင် အချိန်မီ ခေါင်း သွားရိတ်လိုက်ဦးမှပဲ"

ထိုသို့အတွေးဖြင့် နန်းဆွမ်ဘွန်းလည်း သူလှေရှိရာသို့ တိတ်တဆိတ်ပြန်လာခဲ့ပြီး အနီးဆုံး ဆံသဆိုင်တစ်ဆိုင်သို့ လှေကို အပြေးလှော်လာခဲ့သည်။

ခေါင်းတုံး, ကမန်းကတန်းတုံးပြီးနောက် ဘုန်းကြီးကျောင်းသို့ ချက်ချင်းပြန်လာ၏။ ထိုအချိန်တွင် သူခင်ပွန်း နိုင်ဆွတ်ချိုင်းမှာ သူ ရွာသူရွာသားများကို တမျှော်မျှော်လုပ်နေရာမှ သူမိန်းမနိုင်ဆွမ်ဘွန်းကိုယ်တိုင် ခေါင်းတုံးကြီးနှင့် ဝတ်စုံဖြူဝတ်ပြီး ကျောင်းဝင်းထဲသို့ ဝင်လာသည်ကို ဖြန်းခနဲ လှမ်းတွေ့လိုက်တော့သည်။

သည်တွင်ပင် သူယောကျ်ားကြီးလည်း ဆုံးပါပကောလားဟု ကောက်ကာငင်ကာတွေးလိုက်မိရာမှ ရင်တုန်ပန်းတုန်ဖြစ်၍ ခြေ ဖျားလက်ဖျားတွေ အေးစက်သွားသည်။ ခံစားချက်ကြောင့်

ကယိမ်းကယိုင်ပင် ဖြစ်သွားရသည်။

သူမိန်းမ နန်းဆွမ်ဘွန်းကလည်း သောကမီးတောက်လျက် မျက်ရည်တွေဝဲနေသော သူယောကျ်ားကို မြင်သည်နှင့် ဒရော သောပါးပြေး၍ ဖက်ငိုလေတော့၏။

နိုင်ဆွတ်ချိုင်းလည်း ဇနီးသည်၏ပခုံးကို ကိုင်ရင်း မေးလေ၏။

"အမေ သေပြီ။ ဟုတ်တယ် မဟုတ်လား"

တကယ်တမ်းကျတော့ 'အမေ သေပြီ' ဆိုသည့်စကားသာ သူပါးစပ်က ထွက်လာနိုင်၍ 'ဟုတ်တယ် မဟုတ်လား' ဆိုသော မေးခွန်းမှာ လည်ချောင်းထဲ၌ တစ်ဆို့ကျန်ခဲ့သည်။

ဤသည်ပင် သူမိန်းမ နန်းဆွမ်ဘွန်းအတွက် ပိုမို အဖြစ် သည်းသွားရပြီး ယောကျ်ားကို လည်ချင်းယှက်၍ ရှိုက်ကြီးငင်ကြီး ငိုမိစေတော့၏။

လူပုံအလယ်တွင် ငိုမဆုံးအောင် ငိုချင်းချနေကြသော လင်မယားနှစ်ယောက်၏အဖြစ်ကို ပရိသတ်တွေကလည်း အံ့ဩ တကြီးငေးကြည့်နေမိကြသည်။

ထိုအထဲမှ လူတစ်ယောက်က မမြိုသိပ်နိုင်ဘဲ ဖွင့်ဟ ဝေဖန်မိပုံက -

"နိုင်ဆွတ်ချိုင်းဟာ သူကြီးဒေါ်ကြီး သေကတည်းက ငိုသံ ဝေးလို့ မျက်ရည်တစ်ပေါက်တောင် ကျခဲ့တာ မဟုတ်ဘူးကွ။ ခု သူမိန်းမနဲ့တွေ့မှ အတိုးချပြီး ငိုပွဲဆင်နေတာ ထူးတော့ ထူးတယ်။ ခု ငိုတာ သူကြီးဒေါ်ကြီးသေတာနဲ့ မဆိုင်ဘူး ထင်တယ်။ သူတို့မှာ တခြားအကြောင်းတစ်ခုခု ရှိရမယ်"

သူတို့က ပူဆွေးသောကမီးတောက်နေသော လင်မယား နှစ်ယောက်ကို အနှောင့်အယှက်မပေးကြဘဲ ရှေ့ဆက် ဘာတွေ ဖြစ်ဦးမလဲဆိုပြီး စောင့်ကြည့်နေခဲ့ကြ၏။

နိုင်ဆွတ်ချိုင်းနှင့် နန်းဆွမ်ဘွန်းတို့ကတော့ မတ်ဝန်းကျင်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် ဖက်ရင်း တဟီးဟီးနှင့် အော်ကြီးဟစ်ကျယ် ပြိုင်ငိုနေကြဆဲဖြစ်၏။

ငိုကောင်းကောင်းနှင့် အားရပါးရငို၍ ကွမ်းတစ်ရာညက်လောက် ကြာပြီဆိုတော့မှ မျက်ရည်တွေ ခမ်းသွားသလို အငိုတိတ်သွားကြသည်။

သည့်နောက်မှ နိုင်ဆွတ်ချိုင်းထံမှ ပထမဆုံး စကားသံထွက်လာ၏။

"အို။ မနန်းရယ်။ ငါလည်း အိမ်က ထွက်သာထွက်လာခဲ့ရတယ်။ တစ်စက်ကလေးမှ ရင် မအေးပါဘူးကွယ်။ နောက်ဆံတွေ တင်းပြီး စိတ်တွေလေးခဲ့ရတာ အမှန်ပဲ။ ခုလိုသေလောက်တဲ့အထိ ရောဂါသည်းလိမ့်မယ်လို့လည်း မအောက်မေ့ခဲ့လို့ပါကွာ"

"ကျွန်မလည်း သူ့ကို ကိုယ်တိုင်မပြုစုလိုက်ရတာ ဝမ်းနည်းလို့မဆုံးအောင် ဖြစ်ရပါတယ်ရှင်။ အဲ့ဒီအတွက် ကျွန်မကိုယ် ကျွန်မလည်း တစ်သက်လုံး ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ပါဘူး။ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ် . . ."

နန်းဆွမ်ဘွန်း၏စကားတွေက နိုင်ဆွတ်ချိုင်းကို အံ့အားသင့်သွားစေရာမှ ကြားဖြတ်၍ မေးခွန်းထုတ်လိုက်မိ၏။

"မင်း ဘာတွေ လာပြောနေတာလဲ မနန်း။ မင်း အိမ်မှာ တစ်ချိန်လုံး ရှိနေခဲ့တာပဲ မဟုတ်လား။ သူ့အနားက တစ်ဖဝါးမှ မခွာဘဲ စောင့်ရှောက်နေခဲ့လျက်သားနဲ့ မပြုစုလိုက်ရဘူးလို့ ဘာကြောင့် ပြောရတာလဲ"

ယင်းသို့ မေးသည့်တိုင်အောင် နန်းဆွမ်ဘွန်းက အဓိပ္ပာယ် မပေါက်မိသေးဘဲ သူ့ယောကျ်ားက စိတ်ဆိုးလို့ တမင် ငေါ့ပြောသည်အမှတ်ဖြင့် ဝမ်းနည်းပက်လက် အော်ငို

ပြန်တော့၏။

"ကျွန်မ အမှန်အတိုင်း ပြောတာပါ ကိုနိုင်ဆွတ်ရယ်။ ဘုရားပေးပေး ကျမ်းပေးပေး။ ကျွန်မမှာ အပြစ်ရှိလို့ ရှိကြောင်း ဝန်ခံတာပါ။ အမေက ဒီလောက် သေကောင်ပေါင်းလဲဖြစ်လိမ့် မယ်လို့ မထင်မိတာလည်း အမှန်ပါပဲ။ စိတ်တိုင်းကျ မပြုစု လိုက်ရသည့်တိုင်အောင် အသက်ထွက်ချိန်ကလေးမှာ ကျွန်မ ရှိဖို့တော့ ကောင်းတာပေါ့။ အို တကယ်ပဲ၊ ဒါကို တွေးမိတိုင်း ဖြေမဆည်နိုင်အောင် ဖြစ်ရပါတယ်။ ယူကျုံးမရ အမူလုံး ထ,ရ ပါတယ်ကိုနိုင်ဆွတ်ရဲ့"

နန်းဆွမ်ဘွန်း၏စကားတွေက နိုင်ဆွတ်ချင်းကို အံ့ဩ သည်ထက်အံ့ဩဖို့သာ ဖန်တီးခဲ့ရာမှ ထပ် မေးမိပြန်၏။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူ အသက်ထွက်ချိန်မှာ မင်း သူ့ဘေးနားမှာပဲ ရှိနေတာမဟုတ်လား" လို့။

သည်တစ်ကြိမ်မှာတော့ နန်းဆွမ်ဘွန်း အံ့အားသင့်ရသည့် အလှည့်ပေတည်း။ နိုင်ဆွတ်ချင်း၏ မျက်နှာအမူအရာများက တမင် ဝေ့နေတာမျိုး မဟုတ်ကြောင်း တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ထို့အပြင် အလေးအနက်နှင့် ရိုးရိုးသားသား မေးနေ တာမှန်းလည်း သတိပြုမိလိုက်ရာမှ သူမက ပြန်ပြောမိ၏။

"ဘယ့်နှယ်ရှင်။ ကျွန်မက သူ့အနား ဘယ်လို ရောက်နိုင် ပါ့မလဲ။ ရှင့်ညီမဝမ်းကွဲ ရှင့်ကြီးဒေါ်ရဲ့သမီးက လမ်းကြုံရင်း ပြောသွားလို့သာ ရှင့်အမေ သေမှန်းသိရတာ"

ဤတွင်မှ နိုင်ဆွတ်ချင်းလည်း တစ်ခုခု တစ်နေရာရာ မှားတော့ မှားသွားပြီဟု နားလည်လိုက်သလို မျက်ရည်တွေ သုတ်လိုက်ပြီး -

"နေစမ်းပါဦး မိန်းမရဲ့။ မင်း ပြောနေတာတွေ မရှင်း မရှင်းနဲ့ ဗလုံးဗထွေးနိုင်လှပါလား။ အခု ဘယ်သူ့အမေ သေ

တယ်ထင်လို့လဲ"

"ဟင်။ ခု သေတာ ရှင့်အမေ မဟုတ်ဘူးလား"

"ဩို။ ဘယ်ကလာ ဟုတ်ရမှာလဲ။ ငါ့အမေက မသေတဲ့အပြင် အိမ်မှာ ဒေါင်ဒေါင်မြည်နေတာပဲ"

ထိုအခါမှ နန်းဆွမ်ဘွန်း၏ မျက်ရည်များလည်း မျက်လှည့်ပြလိုက်သလို ခမ်းခြောက်သွားရာမှ ပြန်လှန်မေးမိလေ၏။

"ဒါဖြင့် ရှင်ကရော ကျွန်မကို တွေ့တွေ့ချင်း ဘာလို့ ငိုကြီးချက်မ ဖြစ်သွားရတာလဲ"

နိုင်ဆွတ်ချိုင်းက ပြန်ဖြေ၏။

"ဩော်။ မင်းက ကျောင်းထဲကို ခေါင်းတုံးကြီးနဲ့ ပိတ်ဖြူဝတ်ပြီး ဝင်လာတာကိုးကွ။ ဒီတော့ ငါကလည်း မင်းအမေကြီး သေပြီလို့ ထင်တော့တာပေါ့"

"ဒါနဲ့ ရှင်က အ,မင်္ဂလာဝတ်စုံတွေ ဝတ်ပြီး ဘယ်သူ့ကို သင်္ဂြိုဟ်မလို့လဲ"

"ဟ။ ခုဟာက ငါ့ကြီးဒေါ်ကြီးလေ။ မနေ့ကပဲ ရုတ်တရက်သေသွားတာ။ ဒါကြောင့်လည်း ငါ လာ သင်္ဂြိုဟ်ရတာပေါ့။ ကဲ။ နေစမ်းပါဦး။ မင်းကတော့ ဘာဖြစ်လို့ ခေါင်းတုံးကြီး ရိတ်ပြီး ပိတ်ဖြူဝတ်လာရတာလဲ"

"ဒါက ဒီလိုပါ။ မနေ့ညနေက ရှင့်ညီမဝမ်းကွဲက ဒီပုံစံအတိုင်း ကျွန်မအိမ်ရှေ့ရောက်လာတယ်။ ကျွန်မက အဖွားကြီး ဘယ့်နှယ်နေသေးလဲ မေးတော့ သူက သေပြီတဲ့။ ဒီတော့ ကျွန်မလည်း မိုးလင်းလင်းချင်း လိုက်ချလာတာ။ ဘုန်းကြီးကျောင်းထဲမှာ ရှင့်ကို ခေါင်းတုံးအတိုင်းမြင်တော့ ရှင့်အမေ သေလို့ သင်္ဂြိုဟ်တော့မှာပဲဆိုပြီး ခေါင်းတုံး ကပျာကရာ ပြေးတုံးခဲ့တာပဲ"

နန်းဆွမ်ဘွန်း စကားဆုံးသည်နှင့် နိုင်ဆွတ်ချိုင်းက အား

ရပါးရ ဟားတိုက်ရယ်တော့၏။

ပြီးတော့လည်း

"ဟုတ်ပြီ။ ငါ သဘောပေါက်ပြီ။ မင်းက ငါ့အမေ အကြောင်း မေးတာကို သူက သူ့အမေကို မေးတယ်မှတ်ပြီး ပြောသွားတာပဲ။ အဲဒါကိုမှ မင်းက ငါ့အမေ သေတယ်လို့ တလွဲထင်ခဲ့တာကလား။ ဒီ့အပြင် မင်းကို ပူပုံပန်းနဲ့တွေ့ရာက ငါကလည်း မင်းအမေ သေပြီလို့ အထင်လွဲသွားပြန်ရော။ နောက်ဆုံးတော့ တို့နှစ်ယောက်စလုံး မဆင်မခြင်နဲ့ ဘယ်လောက်များ ရှုးရာကျလိုက်သလဲလို့ကွာ"

အဖြစ်မှန်သိ၍ အဖြေမှန် ပေါ်သွားသည့်အဆုံး စိတ်အေးချမ်းသာဖြင့် ရယ်နိုင်ပြုံးနိုင်ကြသော်လည်း လူတောထဲတွင် ရှက်စရာကောင်းလှချည်ရဲ့ဆိုပြီး ခေါင်းငိုက်စိုက် ပြန်ချနေလိုက်ကြတော့၏။

သို့သော် သူတို့အဖြစ်ကို ပရိသတ်များ သိသွားကြရာမှ ငိုအားထက်ရယ်အားသန် ဖြစ်သွားကြရပြန်သည်။

တစ်ချို့က လက်ဝါးကာ၍ ခပ်အုပ်အုပ်ရယ်ကြသည်။

တစ်ချို့ကလည်း အချင်းချင်းလက်တို့၍ မျက်စပစ်ရင်း တခွိခွိနှင့်ဖြစ်နေကြ၏။

မအောင့်နိုင်သူအချို့ကတော့ ဘုန်းကြီးကျောင်းအပြင်ဘက်သို့ ထွက်ပြေးပြီး မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်ကြရသော ဟူ၏။ ။

**ဆင်ခြင်ရန်**

၁။ ချွဲသံကြားရုံနဲ့ နှလုံးကွဲသေတတ်တဲ့ ယုန်တွေလို မမိုက်မဲမိပါစေနှင့်။

၂။ အရာရာကို စူးစမ်းဆင်ခြင်ပြီးမှ ဆုံးဖြတ်ပါ။

☺

## မိစ္ဆာနှင့် တဝေ လက်ထပ်ပွဲ


လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ရာဇာပူရီမြို့၌ 'နိုင်ကယို'ဆိုသူ လူငယ်တစ်ယောက် ရှိ၏။ သူ့မိဘများက ဂုဏ်သရေရှိ မြို့မျက်နှာဖုံး လူရိုးလူကောင်းများ ဖြစ်သော်လည်း နိုင်ကယိုကတော့ လူရှုပ်လူပွေ လူလေလူလွင့် ဖြစ်၏။ အပေါင်းအသင်းများနှင့် ပေါးလားဝါးလားအချိန်ဖြုန်းနေလေ့ ရှိ၍ တစ်မြို့လုံးက အော့ကြောလန်၏။

အသက် နှစ်ဆယ့်တစ်နှစ် ပြည့်သည့်တိုင်အောင် စာလည်း ကောင်းကောင်းမသင်၊ လက်ကြောတင်းအောင်လည်း မလှုပ်၊ အိမ်တိုစွ တာဟီရလည်း ဘာမှ မကူညီ။ မိဘလုပ်စာကိုချည်း ပြောင်ပြောင်တင်းတင်းထိုင်စားနေသူ သားဆိုးသားမိုက်တစ်ယောက်ဆိုလည်း မမှား။

ထိုထက် ပိုဆိုးသည်က ဖခင်ကြီး စုဆောင်းထားသော ငွေများကို မကြာခဏအလစ်သုတ်၍ မိန်းမပေါ့ကလေးများနှင့် သုံးဖြုန်းစားသောက်ပစ်ခြင်းပင်။

သူ့အဖေနှင့်အမေက သူ့အကျင့်ဆိုးတွေကိုပြင်ဖို့ အတန်တန်ဆုံးမပေမယ့် တစ်ခွန်းမှ နားမထောင်။ ခေါင်းမာမာနှင့် ပို၍ပင် အရွဲ့တိုက်ပြလိုက်သေး၏။

စင်စစ်တော့ သူ ယခုလို လူဆိုးကလေးဖြစ်ရခြင်းမှာ တစ်ဦးတည်းသောသားဖြစ်၍တစ်ကြောင်း၊ မိဘများကိုယ်တိုင် ငယ်ငယ်ကတည်းက အလိုလိုက်လွန်းခဲ့၍တစ်ကြောင်း အကျင့်



ပျက်ချင်တိုင်း ပျက ခဲ့ရခြင်းသာ ဖြစ်တော့၏။

တစ်နေ့ နိုင်ကယိုသည် သူဌေးကြီးတစ်ဦး၏ ခြံဥယျာဉ်ဘေးမှ ဖြတ်သွားရင်း ခြံထဲတွင် လမ်းလျှောက်နေသော သူဌေး သမီးကလေးကို တွေ့မြင်သွားရာမှ ဇာတ်လမ်း စခဲ့သည်။

သူဌေးသမီးကလေးမှာ"မယ်ပိယန်"အမည်တွင်၍ အသက် တစ်ဆယ့်ခြောက်နှစ်ကျော်ရုံကလေးသာ ရှိ၏။ မျက်နှာက နုတ် သမီးကလေးလိုလှကာ ကိုယ်ခန္ဓာက ပန်းပုရုပ်တစ်ရုပ်ကဲ့သို့ ပြေ ပြစ်တင့်တယ်၏။

ထို့အပြင် ရိုးသား၏။ ယဉ်ကျေးသိမ်မွေ့၏။ စိတ်ကောင်း ရှိ၏။ စိတ်ထား ဖြူစင်မွန်မြတ်၏။ မိန်းကလေးတစ်ယောက် အနေဖြင့် စံတင်လောက်သောအရည်အချင်းနှင့် ပြည့်စုံသူ ကလေးဟု ဆိုရပေမည်။

နိုင်ကယိုကတော့ မယ်ပိယန်ကို မြင်မြင်ချင်းပင် အစွဲကြီး စွဲ၍ အချစ်ကြီး ချစ်သွားလေပြီ။

သူ့အဖို့ မယ်ပိယန်နှင့်ကော သူ့မိဘများနှင့်ပါ မရင်းနှီး သဖြင့် နီးစပ်ရာမိန်းကလေးများကမှ တစ်ဆင့် မိတ်ဖွဲ့ဖို့ ကြိုး စားခဲ့၏။

သို့သော် မယ်ပိယန်မှာ လိမ္မာပါးနပ်သလောက် ဣန္ဒြေ ကြီးသူကလေးဖြစ်သဖြင့် နိုင်ကယို၏ကြိုးစားမှုများမှာ သဲထဲ ရေသွန် ဖြစ်ခဲ့ရသည်။

သူ့အပေါ် နိုင်ကယို အရူးအမူးဖြစ်နေပြီဟု ကြားရက တည်းက မယ်ပိယန်ကလည်း မျက်နှာချင်းမဆိုင်မိအောင် ရှောင် နေခဲ့သည်။

နိုင်ကယိုထံမှ အောင်သွယ်တွေ တစ်ယောက်ပြီးတစ် ယောက် လွှတ်သမျှကိုလည်း စကားပြန်မပေးဘဲ နေခဲ့၏။

သို့သော် အောင်သွယ်တွေက အဖြစ်မှန်ကို ပြန်မပြောဘဲ

နိုင်ကယိုကို ညာစားကြ၏။ တချို့ကလည်း မယ်ပိယန်က သူ့အချစ်ကို လက်ခံသယောင် ပြန်စာအတုရေး၍ အောင်သွယ်ခကို မြှက်မြှက်ကလေး တောင်းယူကြပြန်၏။

ဒါပေမယ့် မကြာမီ အောင်သွယ်အဖွားကြီးတွေကြီးက သူ့ကို နှပ်ချနေမှန်းသိသွားပြီး အသစ် ထပ်ရှာပြန်သည်။ အသစ်တွေကလည်း ရှေးနည်းအတိုင်း သူ့ကို လှည့်စားခဲ့ကြပြန်၏။

နောက်ဆုံးတော့ အကြံကုန် ဂဠုန်ဆားချက် ဆိုသကဲ့သို့ တစ်နည်းမဟုတ် တစ်နည်းကြံ၍ သူ့မိဘများကို ပြန်၍အပူကပ်မိတော့၏။

သူ့အမေနှင့်အဖေအား ပိယန်၏မိဘများထံ သွားရောက်နားဖောက်တောင်းရမ်းပေးဖို့ အရေးဆိုခြင်း ဖြစ်၏။

နိုင်ကယို၏ အဖေနှင့်အမေက နာမည်ဆိုးနှင့် ကျော်ကြားနေသော သူတို့သားကို သမီးရှင်မိဘများအနေနှင့် ဘယ်လိုမှ သဘောတူမှာမဟုတ်မှန်း တွက်မိပြီးသားပင်။

သို့သော် နိုင်ကယိုကို လိုဘမဖြည့်လျှင် ဆိုးသည့်ထက်ဆိုးအောင် ထင်ရာစိုင်းမှာကို တစ်ဖက်ကလည်း စိုးရိမ်ရသေးသည်။

နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး မြို့ပိမြို့ဖတစ်ချို့ကို အကူအညီတောင်းကာ မယ်ပိယန်မိဘများထံ သမီးတောင်းလွှတ်ခဲ့ရတော့သည်။

မယ်ပိယန်၏မိဘများကလည်း ထင်သည့်အတိုင်းပင် အလုပ်လက်မဲ့ဘဝဖြင့် ပေတေပျက်စီးနေသော နိုင်ကယိုနှင့် သူတို့သမီးကို ဘယ်နည်းနှင့်မှ မပေးစားနိုင်ကြောင်း ငြင်းဆန်လိုက်ကြ၏။

သို့သော် 'သင့်လက်ထဲက မြွေကို သင့်လည်ပင်း ပြန်မပတ်အောင် လွှင့်ပစ်ပါ' ဟူသော စကားပုံအတိုင်း စကား

လှအောင် အလိမ္မာသုံးခဲ့ကြသည်။

နိုင်ကယို၏မိဘများထံ လောလောဆယ် လက်မခံနိုင်သည့်အတွက် ဝမ်းနည်းပါကြောင်း၊ သမီးကို နားချဖို့ အချိန်ယူပါဦးမည့်အကြောင်းဖြင့် စာပြန်ခဲ့၏။

ထိုသတင်းစကားများ နိုင်ကယို ကြားခဲ့ပြန်တော့ စိတ်အပျက်ကြီးပျက်ပြီး မစားနိုင်မအိပ်နိုင် တပိန်ပိန်တလိမ်လိမ်နှင့် အချစ်နာကျသည့်ဘဝကို ရောက်ရတော့သည်။

လူ့ဘဝက မရတာမှ ပိုလိုချင်သည်။

ယခုလည်း စိမ်းစိမ်းကားကား ငြင်းပယ်ပါသည်ဆိုမှ အချစ်က ကြီးသည်ထက် ကြီးလာသည်။

ထိုအခါ မယ်ပိယန်ကို အသေရရအရှင်ရရ မရရတဲ့နည်းဖြင့် အရယူမည်ဟု သန္နိဋ္ဌာန် ချလိုက်လေတော့၏။

နောက်ဆုံးတွင် နိုင်ကယိုဘက်က ကံကောင်း၍ မယ်ပိယန်အတွက် ကံဆိုးစေမည့် အခြေအနေတစ်ရပ်က ဆိုက်ရောက်လာရချေ၏။

ဖြစ်ရပုံမှာ နိုင်ကယိုနှင့် မယ်ပိယန်တို့ကြားတွင် လူကြမ်းမင်းသားတစ်ယောက် ပေါ်လာခြင်းပေတည်း။

သူတို့မြို့၌ နိုင်တောင်းဆိုသူ လူငယ်တစ်ဦးလည်း ရှိသည်၊ နိုင်တောင်းသည် ရိုးသားခြင်း၊ ကြိုးစားခြင်း၌ စံပြုလောက်အောင် ကောင်းမွန်သူ ဖြစ်၏။ မူးယစ်သောက်စား လောင်းကစားခြင်းများလည်း ကင်းရှင်းပြီး လူချစ်လူခင်ပေါ၍ မိဘများနှင့်အတူ အေးချမ်းစွာလုပ်ကိုင်နေထိုင်သော သားလိမ္မာကလေးဟုလည်း ဆိုနိုင်၏။

သို့ဖြင့် မိဘများကလည်း ဝတ္တရားအရ မိန်းမပေးစားရန် စီမံခဲ့ရာမှ မယ်ပိယန်အား ချွေးမလောင်းအဖြစ် သဘောကျသွားခဲ့ကြသည်။

မယ်ပိယန်၏မိဘများထံ စကားကမ်းလှမ်းခဲ့သည်တွင် နိုင်တောင်းလိုလူကို ပြင်းစရာမရှိကြောင်းနှင့် သမီးကိုယ်တိုင်က ကြည်ဖြူစွာလက်ခံခဲ့ကြောင်း ပြန်ကြားလိုက်၏။

ထိုမှ မိဘချင်းဆုံတွေ့ပြီး မင်္ဂလာရက်ကိုပင် သတ်မှတ်လိုက်ကြပါလေပြီ။

နိုင်ကယိုခမျာ ထိုသတင်းကို သိလိုက်သည်နှင့် အသည်းတွေ အမှုန့်ကြေ အရည်ပျော်မတတ် ခံစားရ၏။ အရှူးတစ်ပိုင်းကြီးဘဝနှင့် တွေ့သမျှလူကို ရင်ဖွင့်နေခဲ့၏။

မယ်ပိယန်နှင့်နိုင်တောင်းသတင်းက သူ့အတွက် ကျိန်စာဆိုးကြီးလို ဖြစ်နေ၍ မင်္ဂလာရက် နီးသည်ထက်နီးလာလေ နိုင်ကယိုအဖို့ အပူပီး တောက်လေ ဖြစ်ရချေ၏။

တစ်ခါတစ်ရံ ဘုန်းကြီးဝတ်သွားဖို့ ကြံမိ၏။

တစ်ခါတစ်ရံလည်း သူ့ကိုယ်သူ သတ်သေရန်၊ သို့မဟုတ် တစ်နေရာသို့ ထွက်ပြေးပြီး ဇာတ်မြှုပ်ပစ်လိုက်ရန် စိတ်ကူး၏။

တစ်ခါတစ်ရံကျတော့ သူ့အချစ်ကို လုယူရပါ့မလား ဆိုပြီး ရန်သူတော်နိုင်ကောင်းကို သွားသတ်ဖို့ တွေးမိ၏။

လက်တွေ့အနေဖြင့်မူ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်ဖြင့် စိတ်ကယောက်ကယက်ဖြစ်ကာ မြို့ထဲတွင် တစ်လမ်းဝင်တစ်လမ်းထွက် ခြေဦးတည့်ရာ လျှောက်သွားနေရှာလေ၏။

တစ်နေ့ နိုင်ကယိုသည် အဖွားကြီးတစ်ဦး၏ အလှပြင်ဆိုင်ရှေ့တွင် အမိပွာယမ့် ဝင်ရပ်မိခဲ့သည်။

တစ်မြို့တည်းသားချင်း အကြောင်းသိဖြစ်နေသော အဖွားကြီးလည်း သူ့ဆိုင်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည့် နိုင်ကယိုကို အံ့အားတသင့်ကြည့်ကာ

"မင်းတစ်ကိုယ်လုံး ပေကျံစုတ်ပြတ်ပြီး လူရုပ်ပေါက်မပေါ်တော့ပါလား လူကလေးရယ်။ ကဲ ဒါနဲ့ အမေ့ဆိုင်ဘက်ကို

ဘာကိစ္စနဲ့ လာရတာလဲ"

ကရုဏာသက်စွာဖြင့် ဖွင့်မေးမိသည်။

နိုင်ကယိုက

"ကျွန်တော် ချစ်ကဲခဲ့ရတဲ့အကြောင်းကို လိုက်ပြောပြနေတာ။ ဒီမြို့မှာ အမေတစ်ယောက်တည်း ကျန်တော့မယ်ထင်လို့ အမေ့ကို ကြုံကြိုက်တုန်း ရင်ဖွင့်ပြရအောင် ဝင်လာတာပါ"

အစချီပြီး သူ၏အချစ်ရှူးဘဝကို အစအဆုံး ပြောပြလေတော့၏။

အဖွားကြီးက သူစကားဆုံးသည့်တိုင်အောင် နားထောင်ပြီး နိုင်ကယို အံ့ဩလောက်အောင် ရယ်ပါလေတော့သည်။

ရယ်ရင်းမော့ရင်းကလည်း

"အမယ်လေး ငါ့သားရယ်။ မိန်းမတစ်ယောက်အတွက်နဲ့များ ကိုယ့်ဘဝကိုယ် ဒီလောက် ဒုက္ခခံစရာ မလိုပါဘူး။ မင်း မယ်ပိယန်ကို သိပ်ချစ်တယ်။ အရမ်းလိုချင်တယ် မဟုတ်လား။ ဘာမှ မပူနဲ့။ အမေ့တာဝန်ထား။ ဒါလေးများတော့ အမေ့အတွက် အသေးအဖွဲ့ပဲ"

အဖွားကြီး၏အားပေးစကားများကြောင့် နိုင်ကယိုတစ်ယောက် ညှိုးခွေနေရာမှ လန်းဆန်းလာသည်။ သူ ခံစားနေရသောသောကတွေကိုပင် မေ့သွားပြီး ဝမ်းသာအားရ ပြောမိသည်။

"တကယ်ပဲလား ဟင် အမေ။ ကျွန်တော်တော့ အမေနဲ့တွေ့ရတာ နတ်သမီးနဲ့ တွေ့ရတဲ့အတိုင်းပဲ။ ဒီမယ် အမေ။ အမေသာ မယ်ပိယန်ကို နိုင်တောင်းတို့အစား ကျွန်တော်နဲ့ ညားအောင်လုပ်ပေးနိုင်ရင် အမေ့ကို ငွေငါးထောင် ပေးမယ်ဗျာ။ ဘုရားရှေ့မှာ သစ္စာ ဆိုပါတယ်"

သည်တော့ အဖွားကြီးကလည်း အားရွှင်လန်းစွာ အာမခံလျက်

"ကောင်းပြီ။ ခုအချိန်ကစပြီး အမေနဲ့ တွေ့ခဲ့တဲ့ အကြောင်းကို ဘယ်သူ့ကိုမှ မပြောနဲ့တော့။ အေးအေးဆေး ဆေး အိမ်ပြန်ပြီး စိတ်ချမ်းသာလက်ချမ်းသာ နေပေတော့။ အားလုံး အမေ့တာဝန်ထား။ အမေ့ဘာသာ အမေ စီစဉ်မယ်။ ကိစ္စဂိစ္စတွေ အဆင်ပြေပြီဆိုတာနဲ့ ငါ့သားကို အမေ လာပြော မယ်။ ဒီနောက်တော့ မယ်ပိယန်ကို လက်ဆွဲပြီး နန်းသိမ်းပွဲ ခံဖို့သာ ပြင်ထားလိုက်ပေတော့"

နိုင်ကယိအား စိတ်ချလက်ချအိမ်ပြန်ခိုင်းလိုက်ပြီးနောက် အဖွားကြီးက ဘီး၊မှန်၊ကတ်ကျေး၊ပေါင်ဒါ၊မိတ်ကပ်၊အလှဆီ စသဖြင့် အလှပြင်ကိရိယာတွေကို စုဆောင်းလိုက်သည်။

မင်္ဂလာရက်က သိပ်မလိုတော့သဖြင့် နေ့တွင်းချင်းပင် သူ့လုပ်ငန်းကို စတော့သည်။

ဒါကတော့ မယ်ပိယန်နှင့် အရင်းနှီးဆုံး သူငယ်ချင်းမ ကလေးအိမ် သွားလည်လိုက်ခြင်းပင် ဖြစ်၏။

မယ်ပိယန်သူငယ်ချင်းမကို အိမ်မှာအခန့်သင့်တွေ့ရာမှ အလှပြင်ဦးမလား။ ဆံပင်ညှပ်မလား။ ဘာညာ စကားရော ဖောရောဖြင့် ဧည့်ခန်းမှာ ဝင်ထိုင်၏။

သည့်နောက် ထုံးစံအတိုင်း မိန်းမချင်း အတင်းချကြ တော့သည်။

ရောက်တတ်ရာရာ ဟိုပြောဒီပြော ပေါက်ကရတွေ လျှောက်မြောရင်းမှ မယ်ပိယန်တို့ မင်္ဂလာဆောင်အကြောင်း ရောက်အောင် စကားကို ဆွဲယူလာ၏။

မင်္ဂလာကိစ္စရောက်သည်နှင့် အဖွားကြီးက ပြောလက်စ အသံကို နှိမ့်ချလိုက်ပြီး

"အင်း။ အဖြစ်ကတော့ ရယ်စရာလည်း ကောင်း၊ သနား စရာလည်း ကောင်းပါပဲ။ မယ်ပိယန်တို့ အဖေနဲ့အမေဟာ ချမ်းသာသလောက် မယ်ပိယန်ကလေးက လှလည်း လှ သဘောကလည်း ကောင်း၊ လူချစ်လူခင် ပေါမှပေါ။ အဲ သူ ယူမယ့် သတို့သားကောင်ကလေးကလည်း လူတော်လူကောင်း ကလေးလို့ ပြောနိုင်လောက်ရဲ့။ ဒါပေမယ့် အို ဒီအကြောင်း မပြောတာ ကောင်းပါတယ်ကွယ်။ တော်ကြာ မယ်ပိယန်တို့ ကြားသွားရင် စိတ်မကောင်း ဖြစ်နေပါဦးမယ်။ အဲ နိုင်တောင်း ကြားရင်လည်း အိုကြီးအိုမနဲ့ငါ့ကို လာပြီး ဆံပင်ဖြူတွေ တစ်ချောင်းမကျန် ဆွဲနုတ်နေပါဦးမယ်"

အဖွားကြီးက ဖွင့်ပြောမလိုလိုနှင့် ပြန်ပိတ်သွား၍ မယ်ပိ ယန်၏သူငယ်ချင်းမမှာလည်း မရိုးမရွနှင့် သိချင်ပိုး ထ,ခဲ့ရပြီး ထိုအကြောင်းကို ပြောပြဖို့ အတန်တန်တောင်းပန်လေတော့၏။

သို့သော် အဖွားကြီးက ချက်ချင်းမပြောပြဘဲ နေလိုက် သေး၏။

နောက်ဆုံးကျမှ မပြောချင်ပြောချင်လေသံဖြင့်

"ဒါဆိုလည်း ညည်း ဒီစကားကို တစ်ခွန်းမှ မပေါက်ကြား စေရပါဘူးလို့ ကတိပြုမလား။ တကယ်လို့သာ ဒီစကားတွေကို မယ်ပိယန်နဲ့ သူ့မိဘတွေ သိသွားရင် မင်္ဂလာဆောင်ကို ချက် ချင်း ဖျက်ပစ်လိုက်မှာ သေချာတယ်။ မယ်ပိယန်ကလေးကို ချစ်တယ်။ တန်ဖိုးထားတယ်။ စိတ်ချမ်းသာ စေချင်တယ်ဆိုရင် အခုမပြောတာတွေကို ဘယ်သူမှ မပြောပါနဲ့"

အဖွားကြီး၏ လက်ခုပ်ထဲကရေဘဝနှင့် စေလိုရာစေ ဖြစ် ခဲ့ရသော မယ်ပိယန်၏သူငယ်ချင်းမကလေးလည်း အကြောင်း အရာကိုသိရဖို့အတွက် ကတိတွေ အထပ်ထပ်ပေးလျက် ဘုရား စူး ကျိန်ပြခဲ့သည်။ အဆုံးတွင်မူ ကောင်မကလေး၏နားသို့

ကပ်၍ အဖွားကြီးက နှစ်ကိုယ်ကြားကလေး ပြောပြလိုက်တော့၏။

"အေး။ မယ်ပိယန်ရဲ့သတို့သား နိုင်တောင်းဟာ လူမဟုတ်တဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲကွယ့်။ အဲဒါကို ငါယ်ငယ်ကလေးကတည်းက သိခဲ့တာ။ သူ့အဖေနဲ့အမေတွေကလည်း ဒါကိုသိပေမယ့် လူမသိအောင် ဖုံးဖိထားခဲ့ကြတယ်။ မင်း အမေ့ကိုချစ်သလို ပိယန်ကို ချစ်တယ်ဆိုရင်တော့ ကတိတည်ပါစေနော်"

အဖွားကြီးလည်း ပြောချင်တာပြောပြီး ချင်းတောင်းကို ဆွဲလျက် ကမျာကယာကလေး သုတ်ခြေတင်ထွက်သွားပါလေတော့သည်။

ထို့နောက် တစ်ဆက်တည်းမှာတော့ အဖွားကြီးက နိုင်တောင်း၏ သူငယ်ချင်းတစ်ယောက်အိမ်သို့ တန်းရောက်ခဲ့သည်။

သူငယ်ချင်းကောင်ကလေးကို အခန့်သင့်တွေ့သဖြင့် ရေတောင်းသောက်ရင်း ကွမ်းယာကလေးဘာကလေးများ မရှိဘူးလားဆိုပြီး အခန့်သား ဝင်ထိုင်၏။

ပြီးတော့ စပ်မိစပ်ရာ ထွေရာလေးပါးပြောရင်းမှ နိုင်တောင်းတို့မင်္ဂလာပွဲအကြောင်းကို ပြောခွင့် စောင့်၏။ အခွင့်သာသည်နှင့်

"နိုင်တောင်းဟာ ငါ့မျက်စိအောက်တင် ဒီမြို့မှာ ကြီးတာပါကွယ်။ တကယ့်ကို ရိုးရိုးအအနဲ့ အလုပ်ကြိုးစားပြီး လိမ္မာရေးခြားရှိလှတဲ့ ကလေးပဲ။ ဒါကြောင့်လည်း သူ့အတွက် စိတ်မကောင်း ဖြစ်နေရတာပေါ့။ သူက လမ်းတကာလျှောက်နေတဲ့ လူလည် မဟုတ်တော့ မိန်းကလေးတွေအကြောင်း အကောင်းအဆိုး ဘယ်သိပါ့မလဲ။ အမှန်တော့ သူ့အပြစ်ချည်းပဲ မဟုတ်ပါ

ဘူးလေ။ မိန်းမရွေးပေးတဲ့ လူကြီးတွေညွှန်ချက်လည်း ပါပါတယ်။ တည်မီတဲ့ဘုရား လင်းတပဲနားနားဆိုတဲ့ စကားပုံ ရှိပေမယ့် ဘုရားကို လင်းတနားတာတော့ မကောင်းဘူးပေါ့"

အစချီပြီး သွေးဆောင်ဖြားယောင်း၍ တစ်ဖက်သား အငမ်းမရ သိချင်လှပါပြီဆိုမှ ရှေးနည်းအတိုင်း နှုတ်လုံပါ့မယ် ဆိုတဲ့ကတိကို ခံရအရတောင်းကာ အောက်ပါအတိုင်း ပြောပြန်လေတော့၏။

"လူတွေကသာ မသိကြတာ။ စင်စစ်တော့ မယ်ပိယန်ဟာ ကဝေမကွယ့်။ ငယ်ငယ်ကလေးကတည်းက မွေးရာပါ ကဝေမ။ ည ည လူခြေတိတ်ချိန် တစ်မြို့လုံး အိပ်မောကျပြီဆိုမှ အိပ်ရာကထပြီး အစာရှာ ထွက်တော့တာပဲ။ ဒီလောက်ဆို မင်းသဘောပေါက်လောက်ရော့ပေါ့ ငါ့သားရယ်။ အေး။ နိုင်တောင်းသာ မယ်ပိယန်နဲ့ လက်ထပ်လိုက်လို့ကတော့ သုံးလ မကြာပါဘူး။ သူ့ အသည်းတွေအူတွေ ထုတ်ပြီး အစားခံရမှာ သေချာတယ်။ ကဲ မင်းပေးထားတဲ့ကတိကို မမေ့နဲ့နော်။ လေသံကလေး တောင်မှ မဟလိုက်ပါနဲ့။သူတို့ မင်္ဂလာပွဲရက်ကလည်း ကပ်နေပြီ။ မင်းအနေနဲ့ မင်္ဂလာပွဲ မပျက်စေချင်ဘူး မဟုတ်လား။ တို့နဲ့ သွေးသားမတော်ပေမယ့်လို့ မသိလိုက်မသိဘာသာ ရေငုံနှုတ်ပိတ်နေတာ အကောင်းဆုံးပဲလေ"

ပြောပြောဆိုဆိုနှင့် အဖွားကြီး အိမ်ထဲက လစ်ထွက်ခဲ့ပြန်သည်။

ဉာဏ်ကြီးရှင်အဖွားကြီးကား သူ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သူ့ဘာသာသူ နားလည်လိုက်ပါသည်။ စောစောက ကောင်မကလေးနှင့် ကောင်ကလေးတွေရဲ့ ကတိ ဘယ်လောက်ထိ တည်မလဲဆိုတာလည်း တွက်ပြီးသား ဖြစ်ပါသည်။

သူ ပြန်သွားလို့ ဘာမှ မကြာလိုက်ပါ။

မယ်ပိယန်၏သူငယ်ချင်းမကလေးနှင့် နိုင်တောင်း၏ သူငယ်ချင်းကောင်ကလေးတို့လည်း သက်ဆိုင်ရာ မိသားစုများထံသို့ အပြေးအလွှားသွား၍ သတင်းပို့ကြလေတော့၏။

သည်သတင်းတွေက နှစ်ဖက်မိဘများအတွင်း အတွင်းကြိတ် ပျံ့နှံ့သွား၏။ သို့သော် အတိအကျ အသေအချာ မရှိသေးသော ကောလာဟလမို့ ကျယ်ကျယ်ပြန့်ပြန့်တော့ သတင်းထွက်မလာသေးချေ။

မည်သို့ပင်ဆိုစေ၊ ကာယကံရှင် နိုင်တောင်းနှင့် မယ်ပိယန်တို့အဖို့တော့ မရှုနိုင် မကယ်နိုင် ခံစားသွားရ၏။ မယ်ပိယန်ဆိုလျှင် ကြားလိုက်ရသည့်သတင်းဆိုးကြောင့် အခန်းအောင်းပြီး တငိုတည်း ငိုနေရလေတော့သည်။

မဟုတ်မဟတ် လုပ်ဇာတ်ထွင်ခဲ့သူ အလုပြင်ဆိုင် အဖွားကြီးကိုယ်တိုင်လည်း သူ့ဇာတ် သူ နိုင်ပါ့မလား ရင်တထိတ်ထိတ်ဖြစ်နေရသည်။

ခုလောက်ဆို ကာယကံရှင်နှစ်ဦးစလုံးဘက်သို့ သတင်းရောက်သွားလောက်ပေပြီ။ သတင်းဖြန့်သူမှာ သူဆိုတာလည်းသိပြီး ဖြစ်လောက်ပြီ။ ဒီအတိုင်းဆို မနက်ဖြန် သူ့ဆီကို လူလွှတ်၍ စုံစမ်းခိုင်းနိုင်သည်။ မတော်လို့များ နှစ်ဘက်စလုံးက လူတွေ လာဆုံနေလျှင် အခက်။ ငါတော့ ဒုက္ခလှလှကြီး တွေ့တော့မှာပဲလို့ တွေးပူသွားမိ၏။

ဒို၊ ဒါပေမယ့် သူတို့ချင်း ဆုံခဲ့ပါတယ်။ ဆုံမှာ မဟုတ်ပါဘူး။ ဆုံတဲ့တိုင်အောင်လည်း ဖွင့်ပြောရဲကြမှာ မဟုတ်ပါဘူးဆိုပြီး စိတ်အေးသွား၏။

ထင်သည့်အတိုင်း နောက်တစ်နေ့ မိုးလင်းသည်နှင့် မယ်ပိယန်၏ဒေါ်လေးဖြစ်သူ အိမ်ရှေ့သို့ စောစောစီးစီး ရောက်လာ၏။

အဖွားကြီးက နောက်ပေါက်က ထွက်ပြေးမယ့်ဟန် ခြေယောင်ပြလိုက်သေး၏။

မယ်ပီယန်၏အဒေါ်က အမိဖမ်းတားနိုင်ခဲ့၏။

အဖွားကြီးလည်း မလွတ်သာမရှောင်သာသည့်ပုံမျိုးဖြင့် ပြန်လှည့်ပြီး မျက်နှာချင်းဆိုင်လျက် ခပ်မာမာခပ်ထန်ထန်ကလေး မေးလိုက်သည်။

"စောစောစီးစီး ဘာကိစ္စ လာတာလဲ"

ဟောက်လိုက်သံကြောင့် မယ်ပီယန်အဒေါ်လည်း တောင်းတောင်း[illegible]သူသိတင်းစကားတစ်ချို့ ကြားလာရသည့်အကြောင်း တစ်လုံးမကျန် ပြန်ပြောပြီး

"အမေကြီးရယ်။ သူတို့ပြောတဲ့အတိုင်း အမှန်ပဲလား။ နိုင်တောင်းဟာ မကောင်းဆိုးဝါးဆိုတာ တကယ်ပဲလား။ ကျွန်မတို့ကို ခင်တယ်ဆိုရင် မှန်တဲ့အတိုင်း အသိပေးပါရှင်"

ပထမတော့ အဖွားကြီးက မယ်ပီယန်၏သူငယ်ချင်းမကတိမတည်ရကောင်းလားဟု စိတ်ဆိုးဟန်ပြလိုက်သေး၏။ နောက်မှ သက်ပြင်းတစ်ချက် ချရင်း -

"အေးလေ။ ရွှေဆက် ငါ ဖုံးဖိထားလို့လည်း အပိုပါပဲ။ ဟုတ်တယ်။ နိုင်တောင်းဆိုတဲ့သူငယ်ဟာ မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်ဖြစ်ရုံမက အမြီးတောင် ပေါက်နေလိုက်သေးတယ်။ ဒါလာမယ့် ဒါကို သူကိုယ်တိုင်လည်း မသိရှာဘူး။ ဖြစ်ပုံက ညကြီးသန်းခေါင် သူ အိပ်ပျော်သွားပြီးနောက်မှ မကောင်းဆိုးဝါးဘဝ ပြောင်းပြီး အစာရှာ ထွက်ရတာကိုး။ အဲ့ဒီအချိန်မှာ အမြီးကြီးကလည်း တစ်လံလောက် ရှည်ထွက်လာတယ်။ သူအစာဝလို့ အိမ်ပြန်ရောက်ပြီဆိုမှ အိပ်ချင်မူးတူးနဲ့ ပြန်အိပ်ခဲ့သလို အမြီးကြီးလည်း ပြန်ဝင်သွားတော့တာကလား"

မယ်ပိလန်၏အခေါ်လည်း မျက်လုံးပြူးမျက်ဆံပြူး ကြောက်လန့်တကြားဖြစ်ကာ ဖျာဖျာသလဲထပ်မေးမိလေ၏။

"အမယ်လေး လေး။ ဒုက္ခပါပဲတော်။ ဒါဆိုရင် ကျွန်မတို့ ဘယ့်နှယ် လုပ်ကြရပါ့မလဲ။ မင်္ဂလာရက်ကလည်း သတ်မှတ်ပြီး နေပြီ။ အားလုံးလည်း အဆင်သင့် ပြင်ဆင်ပြီးနေပြီ။ နှစ်ရက် သုံးရက်ပဲ လိုတော့တာ။ ပြဿနာပါပဲ အမေရယ်"

အဖွားကြီးက ခေါင်းကုပ်ပြီး စဉ်းစားဟန်ပြု၏။ နောက် ခုလို အကြံပေးလိုက်၏။

"ဒီအချိန်ရောက်မှတော့ မင်္ဂလာပွဲကို ဖျက်လို့လည်း မကောင်းတော့ပါဘူး။ ဘယ်လို အကြောင်းပြပြီး ဖျက်မလဲ။ နိုင်တောင်းဟာ မကောင်းဆိုးဝါး ပူးနေတဲ့လူပါလို့ လေအေး လေးနဲ့ ပြောလို့လည်း မဖြစ်ဘူး။ တို့မှာ သက်သေသက္ကာယ ဘာမှလည်း ပြနိုင်တာမှ မဟုတ်ဘဲ။ အကြီးအကျယ် ပြဿနာ တက်ကြရုံပဲ ရှိမယ်။ ဒီတော့ အကောင်းဆုံးကတော့ အစီအစဉ် အတိုင်း သူတို့ကို မင်္ဂလာဆောင်ပေးလိုက်။ အဲ မင်္ဂလာဦးည မှာတော့ မယ်ပိယန်ကို မအိပ်စေနဲ့။ သူ့ယောကျ်ားကို အလစ် မပေးဘဲ ညလုံးပေါက် စောင့်ကြည့်နိုင်းလိုက်။ တစ်နေ့လုံး ပင်ပန်းလွန်းလို့ဆိုပြီး အိပ်ချင်ယောင်ဆောင်နေရင် ရပါတယ်။ နိုင်တောင်း အိပ်ပျော်ပြီဆိုမှ သူ့အမြီးကို ထစမ်းလိုက်။ အမြီးကို စမ်းမိတာနဲ့ မလွတ်တမ်း ဆွဲထားလိုက်ပေတော့။ ဒါဆို ရင် တစ်ခါတည်း သူက ဒူးထောက် အသနားခံမှာပဲ။ သူတို့လို မကောင်းဆိုးဝါးတွေရဲ့ အကျင့်လေ့က ဒီအတိုင်းပဲ။ လူ မိပြီ ဆိုတာနဲ့ ရှက်ပြီး မယ်ပိယန်ကိုလည်း ဇနီးမယားအဖြစ်နဲ့ ဆက် ပေါင်းဝံ့တော့မှာ မဟုတ်တော့ဘူး။ ဒီနည်းနဲ့ သူတို့ကို အေးအေး ဆေးဆေး လူမသိသူမသိ ခွဲပစ်လိုက်မယ်ဆိုရင် မယ်ပိယန်လည်း

အပျိုဘဝပျက်ရမှာ မဟုတ်တော့ဘူး။ ငါ့အကြံ မကောင်းဘူးလား"

မယ်ပိယန်ရဲ့အဒေါ်လည်း အဖွားကြီးရဲ့အကြံကို သဘောကျသွားပြီး အိမ်ပြန်ရောက်တာနဲ့ မယ်ပိယန်နှင့် သူ့မိဘတွေကို ပြန်ပြောပြလိုက်၏။

ထိုညနေမှာတော့ နိုင်တောင်းနှင့် သူ့ သူငယ်ချင်းကောင်ကလေးတို့ ရောက်ချလာသည်။

အဖွားကြီးက ကောင်ကလေးကို တွေ့တွေ့ချင်း ဒေါ်သံတကြီး ရှူးရှူးရှားရှားနှင့် ရန်ထောင်ပြလိုက်သေးသည်။

ပြီးတော့မှ သူ သိထားခဲ့ရသည့်အတိုင်းဆိုလျှင် မယ်ပိယန်လည်း ညဘက်တွင် လူတွေကို ရင်ခွဲ၍ အသည်းစားသော အသည်းစားကဝေမတစ်ဦး ဖြစ်ကြောင်း ဖွင့်ဟဝန်ခံလိုက်၏။

တစ်ဆက်တည်း၌

"အဲဒါ မင်းကိုယ်တိုင် မိအောင်သာ ဖမ်းပေတော့။ ညဘက် သူ့အရင် အိပ်ရာဝင်ပြီး အိပ်ချင်ယောင် ဆောင်သာနေလိုက်။ မင်း အိပ်ပြီအထင်နဲ့ သူဝင်လာပြီး မင်းကို စမ်းတာနဲ့ အမိအရသာ ဖမ်းပစ်လိုက်"

ဟုလည်း ထပ်ပြောလိုက်၏။

နိုင်တောင်းသည် အော်ဒိုမတတ် ဖြစ်သွားရာမှ

"ဘုရား။ ဘုရား။ ဒီအတိုင်း မှန်လို့ကတော့ ဒီမိန်းမကို ကျွန်တော် မယူရဲတော့ဘူး။ မင်္ဂလာပွဲကို အခုပဲ သွားဖျက်ပစ်လိုက်တော့မယ်" ဟု ဆိုလေ၏။

အဖွားကြီးကလည်း ကမန်းကတန်း ထ,ဆွဲ၍ ဤသို့ချော့မြှူ နားသွင်းပြန်၏။

"ဟာ။ အဲသလို စိတ်လိုက်မာန်ပါလုပ်လို့ မဖြစ်သေးဘူးလေ ငါ့သားရဲ့။ မင်းပဲ စဉ်းစားကြည့်ပါဦး။ သူ့မိဘတွေကို

မင်း ဘယ်လို သွားပြောမှာလဲ။ မယ်ပိယန်ဟာ ကဝေမကြီးဗျ။ သူ့ကို ကျွန်တော် မယူနိုင်တော့ဘူးလို့ သွားပြောလို့ ဖြစ်မလား။ မင်းမှာ ဘာ သက်သေအထောက်အထား ပြနိုင်လို့လဲ။ မင်းသာ သွားပြောလိုက်လို့ကတော့ ပြဿနာက မီးခိုးကြွက်လျှောက်လိုက်ပြီး အမေ့ခေါင်းပေါ် ပုံကျလာတော့မှာပဲ။ ငါ့မှာ မင်းအတွက် စေတနာကောင်းနဲ့လည်း ပြောရသေးရဲ့။ ခုကွလည်းရောက်ရဦးမယ်ဆိုရင် သေဖို့ပဲ ကောင်းတော့တယ်။ အို ဒါကြောင့်လည်း ဒီကိစ္စ ဘယ်သူ့ကိုမှ မပြောချင်တာပေါ့။ ဟော့ ဒီကောင် မင်းသူငယ်ချင်းက အတင်းအဓမ္မပြောပါလို့ ပူဆာခဲ့လို့သာ။ ခုတော့ ဒီနွားမသားက ငါ့ကို သစ္စာဖောက်တယ်"

အဖွားကြီးက သူငယ်ချင်းဘက်လှည့်၍ မာန်မဲအပြစ်တင်ပြ၍ ကောင်ကလေးက ခွင့်လွှတ်ဖို့ ရှိခိုးတောင်းပန်ရ၏။ နိုင်တောင်းလည်း အဖွားကြီး၏သရုပ်ဆောင်မှုကို ယုံသွား၏။

"ကဲပါ။ အမေ့စေတနာကို ကျွန်တော်တို့ နားလည်ပါပြီဗျာ။ လောလောဆယ် ကျွန်တော်တို့ ဘာလုပ်ရမလဲ။ အကြံပေးပါ"

သည်တော့မှ အဖွားကြီး၏ အကွက်ထဲဝင်ပြီး ဘီးတပ်ချောက်တွန်းခံလိုက်ရတော့သည်။

"မင်းလုပ်ရမှာက လွယ်လွယ်ကလေးပါ။ မင်္ဂလာဦးညမှာ မင်းက အရက်မူးချင်ယောင် ဆောင်ပြီး အိပ်ပြလိုက်။ ဒါပေမယ့် နည်းနည်း လေးမှ သတိမလစ်စေနဲ့၊ သူ့ကို အကဲခတ်နေ၊ သူကတော့ မင်း အိပ်ပြီဆိုတာနဲ့ ဗိုက်ဖောက်ဖို့ ကြိုးစားတော့မှာပဲ။ အဲဒါ သတိထား။ သူ့ အထိတောင် မခံနဲ့။ သူ မင်းကို အနိုင်ရသွားလို့ကတော့ မင်းလည်း မကောင်းဆိုးဝါး မိစ္ဆာကောင် ကဝေထီး ဖြစ်သွားပြီး ဘဝတစ်လျှောက်လုံး နစ်မွန်းပြီသာ မှတ်လိုက်။ ဒီတော့ သူ့လက်ကို မိမိရရ ဖမ်းဆွဲ

မိလိုက်တာနဲ့ သူ ,မချိမဆံ့အော်တဲ့အထိ နာနာကလေးသာ ကိုင်ညှစ်ပစ်လိုက်။ အဲဒီတော့မှ သူ့မိဘတွေ ရောက်လာကြမယ်။ ဒါဆိုရင် မင်းအတွက် သက်သေဖြစ်ပြီ။ ဘာမှ ငြင်းနိုင်တော့မှာ မဟုတ်ဘူး။ မယ်ပိယန်ကိုယ်တိုင်လည်း မကောင်းဆိုးဝါး ကဝေမိစ္ဆာတို့ သဘာဝ လူသိခံရမှာရှက်ပြီး မင်းကို ကွာရှင်းပေးလိုက်မှာပဲ"

နိုင်တောင်းလည်း အဖွားကြီးစကားကို အဟုတ်မှတ်၍ သူ့သူငယ်ချင်းနှင့်အတူ အိမ်ပြန်သွား၏။

သည်ကြားထဲတွင် တစ်မိသားနှင့် တစ်မိသား မယုံသံသယတွေကို အချင်းချင်း မရိပ်မိအောင် သိုသိုဝှက်ဝှက်ကလေး လုပ်ထားကြသည်။

ထို့အတွက် အသွားအလာ တန်းသွားပြီး ခပ်စိမ်းစိမ်းကလေးပင် ဖြစ်နေရတော့၏။

သို့ဖြင့် မင်္ဂလာပွဲကျင်းပရန် တစ်ရက်သာ လိုတော့သည်။ နိုင်ကယိုလည်း အလှပြင်ဆိုင်ရှင်အဖွားကြီး ဘယ်လိုဘယ်ပုံ ကြံဆောင်ထားမှန်း မသိဘဲ ဂယောင်ချောက်ချားနှင့် ပေါ်လာပြန်၏။

အဖွားကြီးက ရယ်ရယ်မောမော ရွှင်ရွှင်ပျပျနှင့်ပင် သူ့ကိုအားပေးနှစ်သိမ့်လိုက်၏။

"မင်းဟာမင်း အိမ်ပြန်ပြီး စိတ်အေးချမ်းသာနဲ့ အိပ်နေလိုက်စမ်းပါ ငါ့သားရယ်။ အမေနဲ့ အဆက်အဆံရှိတယ်ဆိုတာလည်း တခြားလူတွေကို ယောင်လို့မှ မပြောမိစေနဲ့။ မင်္ဂလာဆောင်တဲ့နေ့အထိသာ စောင့်။ အဖြေ ပေါ်လာလိမ့်မယ်"

အမယ်ကြီး၏ နောက်ဆုံးစကားက နိုင်ကယိုအား သွက်သွက်ခါ တုန်လှုပ်သွားစေသလို စိတ်လွတ်ကိုယ်လွတ်ဖြင့် ထ,အော်မိလိုက်၏။

"ဗျာ။ မင်္ဂလာဆောင်တဲ့နေ့အထိ စောင့်ရမယ်။ ဟုတ်လား။ အဲ့ဒီအချိန်ရောက်မှတော့ ဘာ ထူးတော့မှာမို့လဲဗျာ။ သွားပါပြီ။ ကျွန်တော် အဲဒီအထိတော့ မစောင့်နိုင်ဘူး အမေကြီးရာ"

အဖွားကြီးကတော့ အပြုံးမပျက် စကားဆက်၏။

"သိပ်လည်း မစိုးရိမ်ပါနဲ့ ငါ့သားရယ်။ တစ်ခုတော့ ရှိတယ်။ မင်း ကြိုက်တဲ့အချိန်မှာ ရချင်မှ ရမှာပေါ့။ မင်းအတွက် အခွင့်အရေးက သူတို့နှစ်ယောက်ကို အခန်းအပ်ပြီးမှ ရမှာကွ"

ဒီလိုပြောလိုက်မှ နိုင်ကယိုတစ်ယောက် အသည်းကျွဲခတ်သလို ထ,ခုန်တော့၏။

"အဲဒါ အဆိုးဆုံးပေါ့ဗျ။ အမေ ဘယ်လို ပြောလိုက်တာလဲ။ နိုင်တောင်းနဲ့ မယ်ပိယန် အခန်းအပ်ပြီဆိုမှ နတ်ပြည်က သိကြားမင်းတောင် ဆင်းကယ်နိုင်တော့မှာ မဟုတ်ဘူး။ အမေ လုပ်မပေးနိုင်တော့ဘူးဆိုလည်း ဟိုကောင် နိုင်တောင်းကို သွားသတ်မှ ဖြစ်တော့မယ်"

နိုင်ကယိုက ပြောပြောဆိုဆို လှည့်ထွက်မို့ ပြင်ရာ အဖွားကြီးက ဟက်ဟက်ပက်ပက် ဟားတိုက်ရယ်လေ၏။ ရယ်သံကြောင့် နိုင်ကယို ခြေလှမ်း တုံ့သွားရသည်။ နောက် အဖွားကြီး ခြေရင်း ကြမ်းပေါ်တွင်ထိုင်ပြီး တောင်းတောင်းပန်ပန်မေးမှမှ အဖွားကြီးက သူလုပ်ထားသမျှတွေကို အသိပေးဖွင့်ဟတော့၏။

သည်တော့မှ မူလက မှောင်ကျနေသော မျက်နှာမှာ အလင်းရောင်များ ထွက်လာပြီး ပြုံးယောင်သမ်းလာတော့သည်။ အဖွားကြီးကိုလည်း အထင်လွဲပြစ်မှားမိတာ ခွင့်လွှတ်ဖို့နှင့် ကျေးဇူးတင်စကားတွေဆိုပြီး အိမ် ပြန်ပြေးတော့သည်။

သည်လိုနှင့် မင်္ဂလာဆောင်ရက်သို့ ရောက်ခဲ့ပေပြီ။ နှစ်ဘက်မိဘဆွေမျိုးတွေ စုံစုံညီညီနှင့် သိုက်မြိုက်ခမ်းနားစွာ ကျင်း

ပခဲ့သော မင်္ဂလာပွဲ ဖြစ်၏။ သူတို့ မျက်နှာတွေက အပေါ်ယံ ဟန်ဆောင်ပြုံးပျော်နေဟန် ပြလင့်ကစား အတွင်းစိတ်ထဲမှာတော့ မရွှင်မလန်းဖြင့် ရစ်လေးနေမိကြ၏။

ညဘက် အခန်းအင်ပြီးနောက် မယ်ပီယန်နှင့် နိုင်တောင်း နှစ်ယောက်တည်း ကုတင်ပေါ်တွင် ရောက်နေကြသည်။

နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်မိရင်းက တစ်ယောက်ကိုတစ်ယောက် မငုံ့မရဲ ဖြစ်နေရာမှ စကား မပြောဖြစ်ကြဘဲ နှိုင်၏။

ရှံ့ရှာမုန်းတီးစိတ်များကြောင့်လည်း တင်ယောက်မျက်နှာ တစ်ယောက်ပင် မကြည့်ချင်ခဲ့ကြချေ။

နှစ်ယောက်စလုံး၏ ခေါင်းထဲ၌ မကောင်းဆိုးဝါးကို အမိခ်းဖို့သာ စိတ်ကူးနေမိကြလေသည်။

ထိုသို့ လက်ရဖမ်းမိမှ မကောင်းဆိုးဝါးအန္တရာယ်မှ လွတ်မြောက်မည်ဟု ယုံကြည်နားလည်ထားကြ၏။

ထို့ကြောင့် နိုင်တောင်းသည် အရက်သောက်ချင်ယောင် ဆောင်၍ အရက်မူးဟန်ပြပြီး ကုတင်ပေါ်တွင် မျက်နှာလွှဲ လှဲအိပ်နေလိုက်သည်။

မယ်ပီယန်လည်း နိုင်တောင်းအအိပ်ကို ထိုင်စောင့်ရင်း ဘိုလုပ်ဒီလုပ်နှင့် အချိန်ဆွဲနေလိုက်၏။

နိုင်တောင်း ငြိမ်သွားပြီဆိုတော့မှ ကုတင်ပေါ် အသာအယာတက်ပြီး ကျောပေးအိပ်၍ တစောင်းလှဲနေလိုက်၏။

မကြာမီ နိုင်တောင်းထံမှ ဟောက်သံများ ပေါ်ထွက်လာ၏။ အိပ်မောကျနေသည့် အထိမ်းအမှတ်များ ပြ၏။

ထိုအခါ မယ်ပီယန်က တစ်ဘက်သို့လှည့်၍ နိုင်တောင်း အခြေအနေကို အနီးကပ် အကဲခတ်ကြည့်မိ၏။ ဘယ်ဝေ ဥမှ အနွယ်ကြီး ထွက်လာမလဲ။ အမြီးပဲ ထွက်နေမလား စသဖြင့်

ရင်တာဖိုဖို ဖြစ်နေ၏။

နောက်ဆုံးတော့ အချိန်မီ ဖမ်းမှဆိုသောအတွေး ဝင်လာပြီး နိုင်တောင်း အမြီးပေါက်လာမည့် ငြီးညှောင့်ရိုးရှိရာ တင်ပါးသို့လက်ဖြင့် စမ်းကြည့်မည် ရွယ်လိုက်သည်။ နိုင်တောင်းကလည်း နိုးနိုးကြားကြား စိုးရိမ်ထိတ်လန့်စွာ အိပ်ချင်ယောင် ဆောင်နေရာမှ မယ်ပိယန်၏လက် ဝဲလာကြောင်းကို လေဟပ်ခံလိုက်ရသလို သိလိုက်၏။

သူ့ခမျာလည်း ကြောက်စိတ်ကြောင့် အသက်ရှူရပ်မတတ် ဟိုက်ခနဲ ဖြစ်သွား၏။ ကေန္တတော့ သူ ငါ့ဗိုက်ကို ဖောက်ပြီး အူတွေ အသည်းတွေ စားတော့လားအတွေးဖြင့် ခေါင်းနားပန်းကြီးသွား၏။

မယ်ပိယန်က နိုင်တောင်းအမြီးကို အမိအရဖမ်းဖို့ ကြိုးစားခဲ့သလို နိုင်တောင်းကလည်း မယ်ပိယန်လက်ကို အချိန်မီ ဆုပ်ကိုင်နိုင်ဖို့ ချောင်းနေခဲ့ရာမှ ကျီးလန့်စာစား ဖြစ်နေကြမည့် အဖြစ်ကို တွေးကြည့်ပါက ကွက်ကွက်ကွင်းကွင်း မြင်နိုင်၏။

သို့ဖြင့် မယ်ပိယန်က အသာကလေး ဖြည်းဖြည်းချင်း တရွေ့ရွေ့ လက်လှမ်းလာရာမှ စိတ်က ချောက်ချားကြောက်ရွံ့နေ၍ မသိမသာ လက်တုန်နေသဖြင့် နိုင်တောင်း၏ကျောကို ပုတ်မိလေတော့သည်။

ဤသည်မှ နိုင်တောင်း၏ ခံနိုင်ရည်ရှိမှုကို ကျော်လွန်သွားစေ၏။ နိုင်တောင်း ကြောက်အားလန့်အားဖြင့် မယ်ပိယန်၏ လက်ကောက်ဝတ်ကို အမိဖမ်းလိုက်၏။

ထို့နောက် အားရှိပါးရှိ ဖျစ်ညှစ်ပစ်လိုက်ပြီး အသံကုန်အော်ဟစ်လိုက်၏။

"ဟား ဟား ဟား။ မိပြီကွ။ မိပြီ။ ကဝေမကြီး မိပြီကွ။ ဘယ် ပြေးနိုင်သေးလဲ။ မကောင်းဆိုးဝါးမ"

ထို့အတူ မယ်ပိယန်ကလည်း အဖွားကြီး၏ဂုံးစကားများကို နားဝင်လျက်သားမှ နိုင်တောင်းက ပြူးတူးပြဲတဲ ထ,အော်လိုက်သည်တွင် ကြောက်အားပိုသွားပြီး ငယ်သံပါအောင် ထ,အော်မိလေတော့၏။

"အမေတို့။ အဖေတို့။ လာကြပါ။ မြန်မြန် လာကြပါဦး။ ဟောဒီမှာ နိုင်တောင်းရယ်။ လူစိတ်ပျောက်ပြီး သမီးကို ရန်ပြုတော့မလို့။ နိုင်တောင်း မကောင်းဆိုးဝါးမိစ္ဆာကြီး ဖြစ်နေပြီ။ လာကြပါ။ လာကြပါ"

ဆူဆူညံညံ အော်သံတွေကြောင့် အပြင်ဘက်က စောင့်နေသည့် မယ်ပိယန်မိဘများနှင့် နိုင်တောင်းတို့၏ ဆွေမျိုးအားလုံး အိပ်ခန်းထဲသို့ ဝရုန်းသုန်းကား ပြေးလွှားရောက်လာကြတော့၏။

အသစ်စက်စက် လင်မယားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် လက်ညှိုးငေါက်ငေါက်ထိုးရင်း'ကဝေမ' 'မကောင်းဆိုးဝါးကောင်' စသဖြင့် အပြန်အလှန် စွပ်စွဲနေကြသည်ကို တွေ့ရ၏။

ရုတ်ရုတ်သဲသဲမို့ နှစ်ဘက်စလုံးက အဖြေမှန်ကို မရှာနိုင်တော့ဘဲ ထိတ်လန့်တုန်လှုပ်နေကြသော နိုင်တောင်းနှင့် မယ်ပိယန်တို့ကိုသာ ဆွဲခေါ်လျက် လူချင်းခွဲခဲ့ကြရသည်။

နှစ်ဘက်အုပ်စု မျက်နှာစုံညီ ရှင်းလို့လည်း မရတော့အောင် ပြဿနာက ရှုပ်ထွေးခဲ့ရသည့်အဆုံး နိုင်တောင်းနှင့် မယ်ပိယန်တို့မှာ ဧလယ်ဝင် ဖင် မမည်းခင်က ကွဲရဖို့မှာ သေချာသလောက် ဖြစ်သွား၏။

သို့ဖြင့် နှစ်ဘက်သဘောတူ မင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ကြတော့သည်။ နောက်တစ်နေ့ မိုးလင်းသည်နှင့် နိုင်တောင်းနှင့် မယ်ပိယန်တို့သတင်းက တစ်မြို့လုံးကို တောမီးပမာ ပျံ့သွား၏။

ဒါပေမယ့် နိုင်ကာယိုကား မယ်ပိယန်အိမ်အနီး၌ ညက တည်းက အိပ်ပြီးနားစွင့်နေသဖြင့် အကြောင်းစုံကို သိပြီးဖြစ်၏။

ထို့ကြောင့် ညနေစောင်းတော့ အလှပြင်အဖွားကြီးထံ သွားတွေ့ကာ ကတိအတိုင်း ငွေငါးထောင် သွားပေး၏။

အဖွားကြီးကလည်း ဝမ်းသာအယ်လဲဖြင့် ငွေတွေကို ယူပြီး သင်ညာဏ် ပေးပြန်၏။

"ငါ့ဘက်ကတော့ တာဝန်ကျေပြီ။ ကျန်တာကတော့ မင်း အပိုင်းပဲ။ ဘာမှ ရွံ့မနေနဲ့တော့။ မယ်ပိယန်ကို မင်းကလွဲလို့ ဘယ်သူမှ ပြောရဲမှာ မဟုတ်တော့ဘူး။ အေး။ ပြဿနာ ဂယက်ကလေး နည်းနည်းငြိမ်သွားတဲ့အထိတော့ စောင့်လိုက် ပါဦး"

အခြေအနေက အဖွားကြီးပြောသည့်အတိုင်း ဖြစ်ခဲ့ပါ သည်။

မယ်ပိယန်ကို ကဝေမကြီးအဖြစ် ယုံကြည်သွားသော တစ် မြို့လုံးက ဆေးဖော်ကြောဖက် မလုပ်တော့ဘဲ ရှောင်ရှားခဲ့ကြ၏။

မည်သူ တစ်ဦးတစ်ယောက်ကမှလည်း လက်ဆက်ပါရစေ ဟု တောင်းခံလာခြင်း မပြုတော့ချေ။

နိုင်ကာယိုအတွက် အချိန်ကောင်းအခွင့်ကောင်း ဆိုက် လာခြင်း ဖြစ်လေ၏။

• နိုင်ကာယိုလည်း သူ့မိဘများကိုစေလွှတ်၍ မယ်ပိယန် အနေဖြင့် သူ့ကို ခင်ပွန်းအဖြစ် လက်ခံလိုခြင်းရှိ,မရှိ စုံစမ်း ကမ်းလှမ်းစေခဲ့သည်။

မယ်ပိယန်၏မိဘများကလည်း နိုင်ကာယို၏မိဘများကို ဖျူဖျူငှာငှာလက်ခံတွေ့ဆုံကာ

"ကျုပ်တို့သမီးကလေးဟာ သိက္ခာကျ၊ နာမည်ပျက်ပြီး ယူမယ့်လူတောင် မရှိတော့တဲ့ အပယ်ခံဘဝကို ရောက်နေပါပြီ။

ဒီဘာဝရောက်တာတောင် နိုင်ကယိုဆိုတဲ့ကလေးက မေတ္တာမပျက်ဘဲ လိုချင်ပါသေးတယ်ဆိုတော့ သူ့အချစ်က တကယ် စစ်မှန်နိုင်မြဲတယ်ဆိုရမှာပါ။ တစ်နည်းဆိုရင်တော့ နိုင်ကယိုဟာ သမီးကလေး မယ်ပိယန်ရဲ့ ကယ်တင်ရှင်လို့ ခေါ်လောက်ပါပေတယ်။ ဒီတော့ ကျုပ်တို့အနေနဲ့ ငြင်းစရာ မရှိတော့ပါဘူး။ မယ်ပိယန်ကို နိုင်ကယိုနဲ့ လက်ထပ်ထိမ်းမြားပေးပြီး သိက္ခာဆယ်ရတော့မှာပဲပေါ့'

နိဂုံးချုပ်လိုက်သောအခါ

နိုင်ကယိုသည် သူ့ဆန္ဒအတိုင်း မယ်ပိယန်ကို လက်ရသိမ်းပိုက်လိုက်နိုင်လေတော့၏။

မယ်ပိယန်နှင့်ပတ်သက်သော အမနာပစကားများမှာလည်း အချိန်ကြာတော့ အလိုအလျောက် လျော့ပါးပျောက် ကွယ်သွားကြပါတော့သတည်း။ ။

**ဆင်ခြင်ရန်**

၁။ စကားတစ်ခွန်းကြောင့် ပြည်ပျက်နိုင်၏။

၂။ သူများပြောတိုင်း မယုံနှင့်။

၃။ အရာရာကို ဆင်ခြင်တိုင်းထွာ ယုံသင့်မှ ယုံပါ။

၄။ မယုံသင့်တာ ယုံက အကျိုးမဲ့ရတတ်သည်။

☺



# ဖန်စိန်

**လောဘသည် အိမ်ရှေ့ပေါက်ကဝင်လာချိန်၌**

**စည်းစိမ်ချမ်းသာသည် နောက်ပေါက်မှ ထွက်သွားတတ်၏**

(ထိုင်းရှေးစကား)

ရှေးရှေးသောခါက ဘန်ကောက်မြို့တော်တွင် ဖရားချန်နန်ဆိုသူ ရတနာကုန်သည်ကြီးတစ်ဦး ရှိသတတ်။

ဖရားချန်နန်သည် ရတနာများ အကဲဖြတ်ရာတွင် နှစ်ယောက်မရှိအောင် ကျွမ်းကျင်လှ၏။ အဖိုးတန်အမျိုးမှန် ရတနာများကိုသာ ကိုင်တွယ်ရောင်းဝယ်လေ့ရှိသဖြင့်လည်း မင်းညီမင်းသား မှူးမတ်သေနာပတိများ အထူးသဖြင့် ဝန်တတော် မတ်ကတော်များ၏ လက်စွဲတော်ကြီး ဖြစ်ခဲ့ရ၏။

ထို့အတူ မြို့တော်၏ ဆင်းရဲသားရပ်ကွက်တစ်နေရာမှာလည်း ဘာပညာမှမတတ်သော နိုင်ကရိုဗီးဆိုသူ လူသာမန်တစ်ယောက်သည် အပေါစားကျောက်ကလေးများကို အကြံအဖန်လုပ်၍ ရောင်းချကာ အသက်မွေးဝမ်းကျောင်းနေလေ၏။

တစ်နေ့တော့ နိုင်ကရိုးဗီးသည် အောက်ပိုင်းပဲ့နေသော ခန့်ဗူးဆို့တစ်လုံးကို အမှတ်မထင် ကောက်ရခဲ့၏။

ဗူးဆို့လေးမှာ ဝီးသီးခန့်ရှိသော်လည်း အမျိုးကောင်းသဘာဝဖန်သားကို လှပစွာဖြတ်တောက်ထားသဖြင့် နိုင်ကရိုးဗီးတ လက်စွမ်းပြ၍ စိန်ကွက်ဖော် သွေးလိုက်သောအခါ စိန်

အစစ်တစ်လုံးနှင့် ခွဲမရအောင် တူသွားတော့သည်။

အရည်ရောအသားရော အပြစ်အနာအဆာ ကင်း၍ ကျောက်မျက်ပါရဂူကြီးများပင် မျက်စိလည်ကာ ရင်သပ်ရှုမော အံ့ဩသွားလောက်သည်ဟု နိုင်ကရိုဒီးက ယုံကြည်၏။

သို့ဖြင့် နိုင်ကရိုဒီးလည်း ဖန်ဖူးဆို့လေးကို ဂွမ်းတစ်ထပ် အဝတ်တစ်ထပ် ထုပ်ကာ ရတနာကုန်သည်ကြီး ဖရားချမ်နန် အိမ်သို့ ရောက်လာခဲ့တော့သည်။

"အစ်ကိုကြီးခင်ဗျား။ ညီလေးမှာ ဟိုး ဘိုးဘွား လက်ထက်က သားစဉ်မြေးဆက်သိမ်းဆည်းလာခဲ့တဲ့ ရှေးဟောင်း စိန်တစ်လုံး ပါလာပါတယ်။ ညီလေးရဲ့ဖခင်ကြီး ကွယ်လွန်ခဲ့ပြီမို့ အမွေအဖြစ်နဲ့ ရခဲ့တာပါ။ စိန်လုံးက ကြီးလည်း ကြီး၊ ကောင်း လည်းကောင်းဆိုတော့ ညီလေး ဝတ်ဆင်ဖို့ မထိုက်ပါဘူး။ ဒီအတိုင်း သိမ်းထားပြန်ရင်လည်း အလကားဖြစ်သွားမှာပါပဲ။ ပြီးတော့ တစ်နေ့ရှာမှ တစ်နေ့စားရတဲ့ ညီလေးလို ဆင်းရဲသား ကျောမွဲတစ်ယောက်အဖို့ ငွေကလည်း အမြဲလိုနေတာ ဖြစ် ပါတယ်။ ဒီတော့ ဒီ စိန်တုံးကို တန်ဖိုးဖြတ်ပြီးသာ ရောင်း ပေးပါ။ အစ်ကိုကြီးကို ယုံယုံကြည်ကြည် အပ်နှံပါရစေ။ အစ်ကိုကြီးလို မင်းပေါက်စိုးပေါက် ရတနာကုန်သည်ကြီး လက်ထဲမှာ အမြန်ဆုံးနဲ့ အမြင့်ဆုံးဈေး ရမယ်လို့လည်း မျှော် လင့်ပြီးသားပါ ခင်ဗျာ"

ထိုသို့ပြောပြီးနောက် သူက တယုတယ ဂရုတစိုက်နှင့် အဝတ်ထုပ်ကလေးကို ဖြည်၍ အထဲက စိန်လုံးကြီးကို ဖရား ချမ်နန်အား ပြသသည်။

ဖရားချမ်နန်လည်း နိုင်ကရိုဒီး၏ စိန်ကိုမြင်သည်နှင့် တဟားဟားနှင့် ကျယ်ကျယ်လောင်လောင်ဟားတိုက် ရယ်ချ လိုက်၏။ ပြီး ကရိုဒီးအား ခက်ခက်ထန်ထန် စူးစူးဝါးဝါးကြည့်

"မင်းက ဒါ ဘာသဘောလဲ ကလိန်ကကျစ်ကောင်ရဲ့၊ ပုလင်းတူးဆို့ဖန်ကွဲကြီးများ စိန်ကြီးစိန်ကောင်းဆိုပြီး လာညာမြ ရတယ်လို့ ဟင်"

ဒီစကားက ဖရားချမ်နန်ကို မျက်နှာပျက်သွားစေ၏။ ဒါပေမယ့် ချက်ချင်းပင် ဣန္ဒြေဆည်ကာ ဖန်ပုံးဆို့ မဟုတ်ရ ပါကြောင်း အကြောက်အကန် ငြင်းဆန်၏။ ရှေးဟောင်းအမွေ အနှစ် အစစ်ဖြစ်ကြောင်းလည်း ကျိန်တွယ်ပြော၏။

"ဘုရားစူးရပါစေဗျာ။ ဒီပစ္စည်းဟာ ကျွန်တော်အဖွားရဲ့ အဖွားရဲ့ အဖွား ငါးဆက်လောက်ကတည်းက ပိုင်ဆိုင်ခဲ့ကြ တာပါ။ ပြီးတော့ အစဉ်တစိုက် အမြတ်တနိုးနဲ့ တန်ဖိုးထားပြီး ခေါင်းပေါ် ရွက်ထားခဲ့ကြတဲ့ပစ္စည်းလည်း ဖြစ်ပါတယ်။ ဘာပဲ ဖြစ်ဖြစ် အစ်ကိုကြီး မယုံဘူးဆိုတဲ့တိုင်အောင် ယူထားပြီး ရောင်းကြည့်ပါ။ အစ်ကိုကြီးကိုယ်တိုင် ဝယ်ရမယ်လို့ဆိုတာ မဟုတ်ဘူးနော်။ ကျေးဇူးပြုပြီး စဉ်းစားပေးပါဦးဗျာ"

ကရိုဒီးက အငလေးအနက်ထားပြီး အထပ်ထပ်ပြောနေ တော့လည်း ဖရားချမ်နန်ကိုယ်တိုင် ဇဝေဇဝါဖြစ်သွား၏။ စိန် လုံးကို လက်ဝယ်ယူထားဖို့ သဘောတူလိုက်ရာမှ ဘယ်ဈေး နှင့် ရောင်းချင်သလဲ မေးခဲ့၏။

ကရိုဒီးက ငွေငါးထောင်လောက်နှင့် ရောင်းချင်ကြောင်း ပြောတော့. . ချမ်နန်တစ်ယောက် မျက်ရည်ထွက်သည်အထိ ရယ်ပြန်ပါလေတော့၏။ ပြီး တိုတိုနှင့် လိုရင်းကိုချုပ်၍ . .

"ဒီမယ် ငါ့လူ။ ငါးဆယ်နဲ့ ရောင်းနိုင်မယ်ဆိုရင်တော့ ထားခဲ့။ ကြောင်လည်ပင်းမှာ အလှဆွဲဖို့ တစ်ယောက်ယောက် လာဝယ်ရင်တော့ ရောင်းရကောင်းပါရဲ့။ ငါ့စိတ်ထင် မင်း ပစ္စည်းက အဲ့ဒီထက် ပိုပြီး သုံးမရတာတော့ အမှန်ပဲ။ မင်းကို

မရရအောင် ရောင်းပေးပါ့မယ်လိုတော့ ငါ အာမ မခံနိုင်ဘူး။ မင်း ထားချင်သပါဆိုရင်တော့ ထားသွား။ ဒါပဲ"

ဤသို့ဖြင့် ကရိုဒီးလည်း သူ့အဘွားအမွေ စိန်တုံးကြီးကို ဖရားချမ်နန်လက်ထဲ ဝကွက်အပ်ခဲ့ပြီး ဆိုင်ထဲမှ ထွက်ခွာသွားခဲ့လေ၏။

နှစ်လ သုံးလခန့် ကြာသွားလေပြီ။

ဖရားချမ်နန်လည်း ကရိုဒီး၏စိန်ရတနာကြီးကို မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့ပြီ။

ထိုအချိန်မှာပင် လာအိုလူမျိုး နိုင်ငံခြားသားတစ်ယောက် သူ့အိမ်သို့ ရောက်လာသည်။

လာအိုကြီးက သူ့ကို သူ့နိုင်ငံမှ မင်းသားတစ်ပါးက သူ့မိဖုရား၏လည်ဆွဲတွင် တပ်ဆင်ရန် ပထမတန်းစား စိန်တစ်လုံးအား ရှာခိုင်းလိုက်သဖြင့် အထူးအဝယ်တော်အဖြစ် လာခဲ့ရကြောင်း..

ဘန်ကောက်မြို့တော်တွင် ဖရားချမ်နန်သည် အထင်ပေါ်ဆုံးနှင့် အဖြောင့်မတ်ဆုံး ရတနာကုန်သည်ကြီးအဖြစ် ကြားသိရ၍ ဦးဦးဖျားဖျားရောက်လာခြင်း ဖြစ်ကြောင်း..

ထို့ကြောင့် ရှိသမျှ အကောင်းဆုံးစိန်များကို ပြသစေလိုကြောင်းဖြင့် မိတ်ဖွဲ့ပြောကြားခဲ့၏။

ဖရားချမ်နန်လည်း သူ့ရှိသမျှ ကောင်းမှုဆိုသည့် စိန်များကို လာအိုကြီးအား ထုတ်ပြလိုက်၏။ လာအိုကြီးက စိန်များကို အသေအချာစစ်ဆေး၏။ သို့ပေမယ့် အရည်ကောင်းသော်လည်း အသားက မကောင်း၊ အသားကောင်းသော်လည်း အရည်က မမီ၊ အရည်ရောအသားပါ ကောင်းပြန်တော့လည်း အရွယ်ပမာဏကသေးသဖြင့် စိတ်တိုင်းမကျ ဖြစ်နေ၏။

"ကဲ။ တခြား မရှိတော့ဘူးလား"ဟု လာအိုကြီးက ထပ်မေးခဲ့ရာမှ ကရိုဗီ၏ ဗူးဆို့စိန်ကြီးကို သွားသတိရလိုက်တော့သည်။

ပထမတော့ ဒါကြီးကို ထုတ်ပြရမှာ ရှက်စရာကြီး ဟု တွေးမိသေး၏။ ထိပ်တန်းရတနာကုန်သည်ကြီးတစ်ယောက်အနေဖြင့်လည်း စိန် မဟုတ်ဘဲနှင့် စိန်လို့ပြောရမှာ သိက္ခာကျမည် ထင်နေ၏။

သို့လင့်ကစား ပြစရာစိန် မရှိသည့်အဆုံးမို့ ငွတ်မိုတ်ပြီး ထုတ်ပြရန် ကြံလိုက်ရသည်။

လာအိုကြီး ကြည့်ရတာလည်း စိန်အကြောင်း ကျောက်အကြောင်း ရေရေလည်လည် နားလည်ပုံမရဘူး ဟု တွက်လိုက်သည်။

ထို့နောက် စိန်ဖန်လုံးကို ထုတ်ပြပြီး "ကျုပ် ပိုင်ဆိုင်သမျှစိန်တွေ ကုန်ပြီဆိုတော့ ဟော့ဒီမှာ သူများလာအပ်ထားတဲ့စိန်တစ်လုံးပဲ ကျန်တော့တယ်။ ကျုပ်ပစ္စည်းမဟုတ်တော့ကျုပ်လည်း အာမမခံနိုင်ဘူးဗျ။ ခင်ဗျား ကြိုက်ရင်လည်း ယူ"

သူ့ကိုယ်သူ ကာကွယ်ပြောခဲ့၏။ လာအိုကြီးက မြင်မြင်ချင်း ဖန်စိန်ကို ကောက်ယူကြည့်လိုက်ပြီး

ဟိုလှည့်ဒီလှည့်စစ်ဆေးကာ ဖရားချမ်နန်ဘက်သို့ လှည့်ပြောလိုက်သည်။

"အား။ ဒါ . . ကျုပ်လိုချင်တဲ့ အလုံးမျိုးပဲ။ အရွယ်လည်း အနေတော်ပဲ။ အရည်ကလည်း ကောင်းမှကောင်း။ ဈေးပဲပြောစရာ ရှိတော့တယ်။ ဈေးတည့်တာနဲ့ ပွဲ ပြီးပြီ။ ကဲ ဒါဘယ်လောက် ပေးရမလဲ ပြော"

ဆိုတော့ အဓိပတိရတနာကုန်သည်ကြီး တွေဝေစဉ်းစားသွားရသည်။ ဒါပေမယ့် ဦးနှောက်ထဲမှာတော့ အတွေးတွေ

ယောက်ထက်ခတ်သွား၏။

"အင်း။ ကရိုဒီးက ငါးထောင်ရရင် တော်ပါပြီတဲ့။ ဒီလောက်ကြီးတဲ့ စိန်တစ်လုံးကို ငါးထောင် ရောင်းရင် လာအိုကြီးက အကောင်းစားလို့ ယုံမှာ မဟုတ်ဘူး။ တစ်ခါတည်း အထာပေါက်သွားမယ်။ ဒီတော့ တစ်ဆတိုးပြီး တစ်သောင်းလို့ ပြောမှဖြစ်မယ်။ စိန်က အစစ် ဖြစ်စေဦး။ ငါ မနစ်နာဘဲ တစ်ဝက်အမြတ်ပေါ်နေပြီ။ ဒီကြားထဲ ပွဲခပါ ထပ်ရလိုက်ဦးမယ် ဆိုရင်တော့ ပွပြီပေါ့။ ဘာပဲဖြစ်ဖြစ် ဒီ ငတကြီးက အူကြောင်ကြောင်ဆိုတော့ ငါ တောင်းသလောက် ရနိုင်တယ်"

ဒီနောက် သူက လာအိုကြီးဘက် လှည့်ပြီး။

"စိန်ပိုင်ရှင်က တစ်သောင်းရမှ ရောင်းမယ်လို့ ပြောတယ်" ဟု ဈေးခေါ်လိုက်သည်။

လာအိုကြီးက "ဈေးကတော့ မနည်းမများပါပဲ။ယူမယ်ဆိုရင် ဖြစ်ပါတယ်"ဆိုပြီး တစ်ဆက်တည်း၌

"အေးဗျာ။ ခက်တာက ကျုပ်ကလည်း ခုလို တန်းပြီးတွေ့မယ်လို့ မထင်တာနဲ့ ငွေများများ ယူမလာမိဘူး။ လောလောဆယ် နှစ်ထောင်လောက်ပဲ ပါလာတယ်။ ဒီတော့ နှစ်ဦးနှစ်ဖက် အရောင်းအဝယ်ဖြစ်သွားအောင် ဒီလိုလုပ်ဗျာ။ ကျုပ်ငွေနှစ်ထောင်ကို စရံ ပေးထားခဲ့မယ်။ ကျန်တဲ့ငွေကို တစ်ပတ်အတွင်း ကျုပ် လာချေမယ်။ အဲ့ဒီလို ငွေ အကြေချေပြီးမှ စိန်ကို လက်လွှဲယူမယ်ပေါ့။ တကယ်လို့ ခင်ဗျားအနေနဲ့သဘောကျမယ်ဆိုရင် စာချုပ်ကလေးချုပ်ပြီး လက်မှတ်ထိုးကြရအောင်လေ။ ခုနစ်ရက်အတွင်း ကျန်တဲ့ငွေကို ကျုပ် လာမချေရင် စရံနှစ်ထောင် အဆုံး။ အဲ ဘာအကြောင်းနဲ့ဖြစ်ဖြစ်ခင်ဗျားဘက်က စိန်ကို မအပ်နိုင်ရင်တော့ ပေးထားတဲ့ စရံရဲ့နှစ်ဆ၊ လေးထောင် လျော်ရမယ်။ ဒါ မိတ်ဆွေကြီးအတွက်

သိပ် ဝန်လေးစရာ မရှိသလို ကျုပ်ကလည်း ကြားက ကိုယ်စား လှယ်အနေနဲ့ ဝယ်ပေးရတာဆိုတော့ နှစ်ဖက်စလုံး ကောင်း အောင် စီစဉ်ရတာပါ။ ဘယ့်နှယ်လဲ"

ဖရားချမ်နန့်ဗိုက်ထဲမှာ ဘုရားပွဲ လှည့်သွား၏။ လော လောလတ်လတ် ငွေနှစ်ထောင် ရမည်။ မလာလျှင် အဆုံးဆို တော့ သူ့ဘက်က ဘယ်လိုပဲ တွက်တွက် အသာစီးရနိုင်တာမို့ ပျော်သွားခြင်းပင်။

သို့ပေမယ့် ပါးစပ်ကတော့.. "ကျုပ်အတွက် ပူစရာ မလိုပါဘူး မိတ်ဆွေရာ။ ဒီစိန်ကို ခင်ဗျားကလွဲပြီး ဘယ်သူမှ မရောင်းပါဘူး။ စိတ်ချ" ဟုဆိုလိုက်၏။

လာအိုကြီးက.. "ဟာ။ ဘယ် ပြောနိုင်ပါ့မလဲဗျ။ ကျုပ် ထက် ဈေးပိုပေးတဲ့လူ ပေါ်လာရင် ရောင်းချင် ရောင်းမိမှာ ပေါ့။ ကျုပ်ကလည်း ကျုပ်ဘက်က အာမခံချက်ရအောင် လုပ်ရတာပါ။ ကဲ။ အထူးအထွေ ကန့်ကွက်စရာမရှိဘူးဆိုရင် လုပ်ငန်းကလေး စလိုက်ကြစို့ရဲ့"

စာချုပ်တစ်စောင်ကို လိုရင်းကိုတိုတိုရေးပြီး သက်သေ များနှင့်အတူ လက်မှတ်ထိုးလိုက်ကြသည်။

လာအိုကြီးလည်း စရံငွေ နှစ်ထောင်ပေးပြီး ဖရားချမ်နန် ကို နှုတ်ဆက်ကာ ပြန်ထွက်သွားတော့၏။

ထိုသို့ဖြစ်ပြီး သုံးရက်အကြာတွင် ဖရားချမ်နန်၏ ဆိုင်ရှေ့ မှ ကရိုဒီး ဖြတ်သွားစဉ် သူ့ကို လှမ်းတွေ့လိုက်ရာမှ ဝင်ချ လာ၏။

"လောပန်ကြီးရေ။ ကျွန်တော် ဟိုတလောက စိန်တစ်လုံး အပ်သွားခဲ့တာ သတိရပါသေးတယ်နော်။ အဲဒါ မရောင်းရ သေးရင် ကျွန်တော် ပြန်ယူသွားချင်လို့။ တခြားတော့ မဟုတ် ပါဘူး။ ဒီမြို့မှာ ဘယ်ကမှန်းမသိတဲ့ လာအိုကြီးတစ်ယောက်

စိန်အကောင်းစားတွေ လိုက်ရှာနေတယ် ကြားတယ်။ ကျွန်တော့် စိန်ကြီးကို သူ ပြကြည့်ရင် ကောင်းမလားလို့ လော်ပန်ကြီး လက်ထဲမှာ အယ်အခြေအနေရောက်နေလဲ ဟင်"

ကရိုဒီး၏စကားက ဖရားချမ်နန်အား ဘေးကြပ်နံကြပ် အကြပ်ရိုက်သွားစေ၏။

သူ့အနေနှင့် အမှန်ကို ဖွင့်ပြောလိုက်လျှင် သူကိုယ်တိုင် တစ်ပြားမှမတန်ဟုပြောခဲ့သော စိန်လုံးကို လာအိုကြီးက တစ်သောင်းပေးဝယ်သွားကြောင်း သိသွားပြီး ငွေအပြည့် ပြန် ပေးနေရတော့မည်။ သူ မသကာ ပွဲခရ အနည်းအကျဉ်းပေါ့။

အပြည့်အဝ မရှင်းဘူးဆိုပါက ကရိုဒီးက သူ့နာမည် ပျက်အောင် သိက္ခာလိုက်ချပေတော့မည်။

တစ်ဖက်က ကရိုဒီးကို စိန်လုံး ပြန်ပေးလိုက်မယ်ဆိုလည်း စရံနှစ်ဆ သူ့ငွေနှစ်ထောင် အိတ်စိုက်ပြီး မစားရ မသောက်ရ လျော်ရချေမည်။ ဒီလိုတော့ တွေးတောင် မတွေးရဲပါ။

နောက်ဆုံး သူ့အတွက် ဒီအကြပ်အတည်းက ထွက်ပေါက် တစ်လမ်းတည်းရှိတာ တွေ့ရသည်။

ဒါကြောင့်လည်း ကရိုဒီးဘက် လှည့်လိုက်ပြီး "ဪ ဟုတ်ပြီ။ ဟုတ်ပြီ။ လွန်ခဲ့တဲ့ သုံးလလောက်က အပ်ခဲ့တဲ့ စိန်ကြီး မဟုတ်လား။ အဲဒါ ငါ တစ်ခါ ထပ်စစ်ဆေးကြည့်လိုက် မိရာက စိတ်ပြောင်းသွားရတယ်။ တကယ်ကောင်းတဲ့ စိန်ကြီးပဲ။ အဆင်ပြေမယ်ဆိုရင် မင်းဆီက ငါ ဝယ်မယ်"

"ဗျာ။ အစတုန်းကတော့ တစ်ပြားတောင် မတန်ဘူး ဆို"

ကရိုဒီးက တအံ့တဩပြန်ပြောလိုက်တော့ ဖရားချမ်နန် က အပြုံးလေးစွက်လို့ . .

"ဟုတ်တယ်။ ဖြုန်းခနဲဆိုတော့ အကဲဖြတ် မှားသွားလို့ပါကွာ"

"ဒါဖြင့် လော်ပန်ကြီးက ဘယ်လောက် ပေးမှာလဲ"

"အို မောင်ရင်ပြောထားတဲ့ ဈေးအတိုင်းပဲပေါ့"

"ကောင်းပြီ။ ရောင်းမယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်။ နောက်ကျမှ ဘာကလေးညာကလေးမပြောနဲ့။ တစ်ပြားမှမတန်တဲ့ ဖန်တုံးကြီးကို ငါးထောင်နဲ့ လိမ်ရောင်းသွားတယ် ဘာညာဆိုတဲ့စကားတွေ မကြားချင်ဘူးနော်"

"စိတ်ချ။ ဘာပြဿနာမှ မပေါ်စေရဘူး ငါ တာဝန်ယူတယ်"

အာမခံပြီးနောက် ကရိုဒီးအား ငွေငါးထောင် ထုတ်ပေးလိုက်သည်။ ကရိုဒီးလည်း ငွေငါးထောင်ကို အိတ်ထဲထည့်ပြီး ဝမ်းသာအားရ ပြန်သွားသည်။

ဖရားချမ်နန်ကတော့ ပိုင်ပြီဆိုပြီး ဒူးကလေးနဲ့ကာ ကျန်ခဲ့၏။ တစ်ပတ်ပြည့်ဖို့ ငါးရက်သာ လိုတော့၍ လာအိုကြီး၏ ကတိကို ယုံစားပြီး စောင့်မျှော်နေခဲ့၏။

ခုနစ်ရက်ပြည့်ပြီး ရှစ်ရက်၊ ကိုးရက်၊ တစ်ဆယ်ရက် ရောက်သွား၏။ လာအိုကြီးက ပေါ်မလာ။

ဖရားချမ်နန်ခမျာ ခုန်ဆောင့်ပြီး ဟစ်ငိုချင်စိတ် ပေါက်ခဲ့ရလေပြီ။ လာအိုကြီးက စရံ နှစ်ထောင်သာ ပေးခဲ့၍ ကရိုဒီးအား ငါးထောင်ပေးလိုက်ခြင်းဖြင့် သုံးထောင်တိတိ သူ စိုက်ခဲ့ရသည် မဟုတ်ပါလား။

ရက်ကြာသည်ထက် ကြာပြီဆိုတော့မှ စေ့စေ့တွေးပြီး ရေးရေးပေါ် ပိပိရိရိအကွက်စေ့စေ့နှင့် အလိမ်ခံလိုက်ရပြီမှန်း သဘောပေါက်လာရတော့သည်။

ဘန်ကောက်မြို့လယ်ခေါင်မှ အဓိပတိကျောက်ကုန်သည်လူလည်ကြီးကို ဘာမဟုတ်တဲ့ ကရိုဒ်ဦးဆိုသူ ပမွားတစ်ယောက်က လာအိုတစ်ယောက်နှင့် ပေါင်းပြီး သူ့ကို အချဉ်ဖေါက်၍ ရိုက်စားလုပ်သွားခြင်းပါတကား။

ဘာမှမတန်သည့် ပုလင်းဗူးဆို့ ဖန်ကွဲတစ်စကိုပြပြီး နှစ်ထောင်ရင်း၍ သုံးထောင် လိမ်သွားခြင်းပဲ မဟုတ်ပါလား။

ဒီအကြောင်းကို ဘယ်သူ့မှလည်း ဖွင့်မပြောဝံ့။ သူတစ်ယောက်တည်း ကြိတ်၍ ခံစားနေလိုက်ရတော့သည်။

သို့သော် ထိုအချိန်ထိ ရေရှုံ့နှုတ်ပိတ် ငုတ်တုတ်ကလေး မှောက်ထိုင်ထိုင်လျက် လာအိုကြီးများ ပေါ်လာဦးမလား။ လမ်းပေါ်ကို တမျှော်မျှော်ဖြင့် သနားစရာ စောင့်မျှော်နေမိဆဲ ဖြစ်ပါသတည်း။

ဩော်။ ဖန်စိန်။ ဖန်စိန်။ အကြံအဖန်လုပ်တဲ့ ဖန်စိန်။

**ဆင်ခြင်ရန်**

၁။ လောဘသည် အသိဉာဏ်ကို ကန်းစေသဖြင့် မိုက်မဲစွာမှားယွင်းစေပြီး အဆုံးတွင် ပျက်စီးဆုံးရှုံးခြင်းသာ ဖြစ်စေတတ်စမြဲ။

☺

# မာယာထောင်ချောက်

မိန်းမတစ်ယောက်သည် ယောကျ်ားနှင့် ဘုံဖုတ်ကွာသည့်နှင့် ဓားတစ်ပြိုင်နက်တတ်၏

(ထိုင်းဝတ္ထု)

တရံရောအခါက မြို့ရိုးလေးဘက် ကာရံထားသော လော့ဗူရီမြို့တွင် အိမ်ထောင်သက် လေးနှစ်ကျော် ငါးနှစ် နီးပါး ရှိသော ဇနီးမောင်နှံနှစ်ဦး ရှိခဲ့လေ၏။

ယောကျ်ားက အသက် လေးဆယ့်ငါးနှစ် ရှိနေပြီဖြစ်သော်လည်း မိန်းမကတော့ နှစ်ဆယ့်လေးနှစ်အရွယ်သာ ရှိသေး၍ အသက်ချင်း ထက်ဝက်ကွာ၏။

သို့နှင့်အမျှ မိန်းမဖြစ်သူက သူ့ထက် အသက်တစ်ဆကြီးသော သက်ကြားအိုကြီးကို ငြီးငွေ့နေမိသလို ရွယ်တူတန်းတူ တခြားယောကျ်ားငယ်တစ်ဦးကို ခုံမင်စွာ တောင့်တနေမိလေ၏။

မကြာမီပင် သူ့ဆန္ဒ ပြည့်ခဲ့သည်လို့ ဆိုရမည်။ သူနှင့်အသက်တူ လူငယ်တစ်ယောက်နှင့်တွေ့ကာ တိတ်တိတ်ပုန်း ရည်းစားထားခဲ့တော့သည်။

သူတို့လင်မယားသည် ဈေးသွားရာ လမ်းမကြီးပေါ်တွင် ဆိုင်ကလေးတည်ထားပြီး မလှမ်းမကမ်းတွင် အိမ်ဆောက်ထားလေ၏။

လင်ကြီးဖြစ်သူက အအိပ်မက်သော လူဖျင်းတစ်ယောက် မို့၏။ ထို့ကြောင့် မယားက သူနှင့်အတူ အိပ်ရာဝင်ပြီး လင်ကြီး



တခေါခေါဟောက်၍ အိပ်မောကျပြီဆိုသည်နှင့် ခြေသံမကြား အောင် ထကာ အိမ်ရှေ့ဈေးဆိုင်ထဲတွင် စောင့်နေသော လင်ငယ်၏ရင်ခွင်ထဲသို့ ဝင်ရောက်ပျော်ပါးနေကျ ဖြစ်၏။

ဆိုင်ကြမ်းခင်းက မာကျောလင့်ကစား အချစ်စိတ်မွှန် နေသောအခါ ကတ္တီပါကော်ဇောခင်းထားသည်ဟု ထင်မှား မိလေ၏။

တစ်ညတော့ ဤသို့ ကြုံရလေ၏။

လင်ရှိမယားနှင့် ဖောက်ပြားသောလူဗာလတို့ တစ် ယောက်ကိုတစ်ယောက် ဖက်လျက်သား အိပ်ပျော်သွားကြ၏။

ထိုအချိန်မှာပင် မိန်းမ၏ယောက္ခမကြီး (သူ့ယောက်ျား၏ အဖေ) မနီးမဝေးတွင် နေထိုင်လျက်ရှိရာမှ အိပ်မပျော်သည် နှင့် လမ်းထွက်လျှောက်မိလေ၏။

တုတ်ကောက်တစ်ချောင်းနှင့် လေကောင်းလေသန့်ရှူရှိုက် ရန်ထွက်ခဲ့သော အဖိုးကြီးသည် တံခါးတစ်ခြမ်းလှပ်လျက် ဆိုင်ထဲတွင် အိပ်ပျော်နေကြသော စုံတွဲကို တွေ့လိုက်သည်။

အဖိုးကြီးက အနီးကပ် သွားကြည့်မိလိုက်သောအခါ သူ့ ချွေးမနှင့် ဖက်အိပ်နေသူမှာ သူ့သားမဟုတ်ဘဲ သူစိမ်း ယောင်ကလေးတစ်ယောက် ဖြစ်နေကြောင်းကို တအံ့တသြ တွေ့ လိုက်ရတော့၏။

"ဩ။ လက်စသတ်တော့ ငါ့ချွေးမက လင်ငယ်ထားပြီး ဖောက်ပြန်တာကိုး။ ဒါကြောင့်လည်း ငါ့သားအပေါ် သူ့ဆက်ဆံ ရေးတွေ မှုမမှန်ပါဘူးလို့ ငါ သံသယဝင်နေတာ ကြာပြီ။ အခုတော့ ငါ့သံသယအတိုင်း လက်ပူးလက်ကြပ် မိနေပါရောလား"

ပြီးတော့ ကတုန်ကယင်နှင့် သူ့ချွေးမကို လှတ်ညှိုး ခေါက်ငေါက်ထိုး တီးတိုးရေရွတ်လိုက်မိသည်။

"ဝအောင် အိပ်ထားလိုက်ဦးပေါ့ အမိုက်မရယ်။ မနက်မိုးလင်းပြီဆိုတော့မှ နင့်ယောက်ျားကိုတိုင်ပြီး ကျောက်ခွဲအောင်ရိုက်ခိုင်းရမယ်ပော့"

ထို့နောက် သူ့ကိုယ်သူ

"အင်း။ ငါ့သားကို ဒီအတိုင်း ပါးစပ်ချည်းပြောလို့ကတော့ ဆင်ကို ကြွက်ဖြစ်အောင် ပြောတတ်ကြတာ။ ဒီတော့ ဒီသတ္တဝါမကလေး မငြင်းနိုင်အောင် သက်သေခံပစ္စည်းတစ်ခုခုတော့ ငါ ယူထားလိုက်မှ" ဟု စိတ်ထဲပြောမိပြန်၏။

ဤတွင် အိပ်မောကျနေသော ချွေးမ၏ လက်တစ်ဖက်မှလက်ကောက်ကို လူမနိုးအောင် အသာကလေး ခိုးချွတ်မိလေတော့သည်။

သို့သော် အဖိုးကြီးပီပီ မလျှင်ရသည့်အထဲ စိတ်လှုပ်ရှားစိုးရိမ်နေရာမှ ချွေးမ၏ပခုံးကို တိုက်မိပြီး ချွေးမ လန့်နိုးသွား၏။

ဒါပေမယ့် သူနိုးမှာ သူ့ယောက္ခမကြီးကိုယ်တိုင် ဖြစ်နေမှန်း, ချက်ချင်းသိလိုက်သော ချွေးမက အလန့်တကြားထ,မအော်ဘဲ ငြိမ်ချက်သားကောင်းကောင်းနှင့် အိပ်ချင်ယောင်ဆောင်နေ လိုက်သည်။

သူ့ဦးနှောက်ထဲမှာတော့ ယောက္ခမကြီး၏ထောင်ချောက်က ဘယ်လို လွတ်အောင် ရှောင်ရှ ရှန်းရမလဲ ဟု မိန်းမညာကိုသုံး၍ အကြံထုတ်နေမိခဲ့သည်။

အဖိုးကြီးက လက်ကောက်ကို ရပြီဆိုသည်နှင့် ချွတ်နင်း၍ပြန်ထွက်သွား၏။

ချွေးမကလည်း သူ့လင်ငယ်အား နှိုး၍ ပြန်ခိုင်းလိုက်ပြီး သူ့ကိုယ်တိုင်ကတော့ အိမ်ထဲပြန်ဝင်ကာ လင်ကြီး၏ ဘေးတွင်ဝင်ခွေနေလိုက်ပြန်သည်။

ခဏအကြာမှာတော့ တခေါ်ခေါ်ဟောက်နေသော ယော ကျ်ားအား လှုပ်နှိုးပြီး မော့ဟိုက်နေသောအသံကိုလုပ်ကာ

"ဒီည ဘာဖြစ်တယ် မသိဘူး မောင်ရယ်။ အိုက်လိုက် ပူလိုက်တာ။ ကျွန်မတော့ ဒီအတိုင်း ဆက်မအိပ်နိုင်တော့ဘူး။ လာ။ အိမ်ရှေ့ဆိုင်ခန်းထဲ သွားအိပ်ကြရအောင်။ ဆိုင်မှာ လေကလေးတဖျူးဖျူးနဲ့ ခုထက်တော့ သက်သာမှာပဲ"

ပြောတော့ ယောကျ်ားက အိပ်ချင်မူးတူးနှင့် အိပ်ရာထဲ မှာပဲ အိပ်ချင်ကြောင်း စကားပြန်၏။

သို့လင့်ကစား ဇနီးသည်၏ မကြည်မသာမျက်နှာကို မြင်လိုက်သည်အဆုံး တစ်ယောက်တည်းလည်း မလွှတ်ချင်သဖြင့် နှစ်ယောက်အတူ သွားအိပ်ရန် သဘောတူလိုက်၏။

ဆိုင်ကြမ်းပြင်ပေါ် ကျောချလို့မှ မကြာလိုက်ပါ။ ယော ကျ်ားက အိပ်မော်ကျသွားပြန်၏။ မိန်းမကတော့ အကြံနှင့်မို့ ဘာလူးလူးတလိမ့်လိမ့်လုပ်ရင်း အချိန်ကုန်အောင် စောင့်နေခဲ့၏။

တစ်နာရီခန့်ကြာပြီးနောက် သူဘေးမှ ယောကျ်ားကို ရုတ် တရက် အရေးတကြီးနှိုးလိုက်ပြီး စိုးရိမ်ထိတ်လန့်မှု အပြည့်ဖြင့် ငိုသံပါပါဖြင့်

"မောင်ရေ။ ထစမ်းပါဦး မြန်မြန်။ ကျွန်မတို့ အိပ်ပျော် သွားတုန်း ကျွန်မလက်ကောက်ကို သူခိုး ခိုးသွားပြီ။ ဘယ့်နှယ် လုပ်ကြမလဲ။ ညကြီးသန်းခေါင် သူခိုးနောက် လိုက်ဖမ်းဖို့လည်း လွယ်မှာ မဟုတ်ဘူး။ ကဲ ကဲ။ ဒီမှာ ဆက်အိပ်လို့တော့ မဖြစ် တော့ဘူး။ အိမ်ထဲပဲ ပြန်ကြရအောင်။ တော်က ကျွန်မကိုက ဆတ်မေယာ့လို့ ခုလို ဖြစ်ရတာ"

တဖျစ်တောက်တောက်ပြောရင်း ယောကျ်ားကို ဆွဲခေါ် သွားပြန်သည်။ လင်ပျောင်းလည်း ရိုးရိုးအအ အိပ်ချင်မူးတူးနှင့် ဘာတစ်ခုမှ မသက်မဖြစ်ဘဲ သူ့နောက် လိုက်ပါခဲ့ရ၏။

နောက်တစ်နေ့ မိုးသောက်ပြီးနောက် ယောကျ်ားဖြစ်သူက မိုးလင်းစာ စားပြီးနေချိန်မှာပင် သူ့အဖေကြီး ရောက်လာတော့သည်။

သားဘေးတွင် ဝင်ထိုင်ပြီး အဖိုးကြီးက

"မင်းကို ငါ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာ ရှိတယ်။ ငါ့သား။ အဲဒါကတော့ မင်းမိန်းမနဲ့ ပတ်သက်လို့ပဲ။ ရှင်းရှင်း ပြောရရင်တော့ မင်းမိန်းမဟာ မင်းအပေါ် သစ္စာဖောက်ပြီး လင်ငယ် နေနေတယ်ကွ။ ဒါကို ညက ငါ မတော်တဆ ပက်ပင်းမိခဲ့တာ။ အဖြစ်က ည သန်းခေါင်ကျော်လောက်မှာ မင်းတို့ ဆိုင်ရှေ့က ငါ ဖြတ်သွားမိတယ်။ ဆိုင်တံခါး လှပ်ထားပြီး မင်းမိန်းမဟာ အကောင်တစ်ကောင့်ရင်ခွင်ထဲ ဝင်အိပ်နေတာ တွေ့လိုက်ရတယ်။ ဒါနဲ့ ငါလည်း အသေအချာ အနီးကပ် သွားကြည့်တယ်။ မိန်းမဟာ မင်းမိန်းမ အမှန်ပဲ။ ခက်အိပ်နေတဲ့သူကလည်း မင်းမဟုတ်တာ သေချာတယ်။ ထက်တာက ငါ သူတို့ နှစ်ယောက်စလုံးကို နှိုးလိုက်မယ်ဆိုရင် လူသိရှင်ကြား ဖြစ်ပြီး အရှက်တကွဲ အကျိုးနည်းကုန်လိမ့်မယ်။ ပြီးတော့ ဒီကိစ္စကို ငါတစ်ယောက်တည်း မြင်တာ သိတာ။ အဖော်သက်သေလည်း မရှိဘူး။ ငါပြောတဲ့စကားကို ဘယ်သူက ယုံမှာလဲ။ ဒါနဲ့ပဲ သက်သေခံရအောင် ပေဘ့ဒီလက်ကောက်ကို မင်းမိန်းမ လက်ထဲက ချွတ်ယူလာခဲ့တယ်။ ဒီမှာ ကြည့်စမ်း။ ဒီဟာ တစ်ခါက မင်းဝယ်ပေးခဲ့တဲ့ လက်ကောက်ပဲ မဟုတ်လား"

သို့သော် သို့သော် သားဖြစ်သူ ငတုံးက ဒေါသမာန် မပွားသည့်အပြင် တသောသော ရယ်လားမောလားနှင့်ပင် ခုလို ပြန်ပြောခဲ့ချေ၏။

"အဖေကြီးရာ။ အဖေကြီး အမြဲတမ်း ကျွန်တော့်အပေါ် ဂရုစိုက်စောင့်ရှောက်ပြီး သိက္ခာဆည်ပေးတဲ့အတွက် ကျေးဇူးတင်

ဝမ်းသာလို့ မဆုံးပါဘူး ခင်ဗျာ။ ဒါပေမယ့် ဗိတစ်ကြိမ်တော့ အဖေကြီးစေတနာ လွန်ပြီး မှားသွားပြီ ထင်တယ်။ ဆိုင်ထဲမှာ ကျွန်တော့်မိန်းမနဲ့ တွဲပြီးအိပ်နေတာ တခြားလူမှ မဟုတ်တာ။ ကျွန်တော် ကိုယ်တိုင်ပါ အဖေကြီးရဲ့။ ညက ပူလွန်းအိုက်လွန်းလို့ဆိုပြီး သူက ဇွတ်ခေါ်တာနဲ့ ဆိုင်ရှေ့ ထွက်အိပ်ကြတာပါ။ အဲဒီလို ကျွန်တော်တို့လင်မယား အိပ်နေကြတုန်း အဖေ ရောက်လာပြီး လက်ကောက်ကို ယူသွားတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သူက ကမန်းကတန်းနိုးပြီး လက်ကောက် သူခိုး ခိုးသွားပြီလို့တောင် ပြောခဲ့သေးတာပဲ။ အစကတော့ သူ့လိုပဲ ကျွန်တော်လည်း ရွှေလက်ကောက် အခိုးခံလိုက်ရပြီထင်ပြီး စိတ်မကောင်း ဖြစ်နေတာ။ ဟော အခု ခိုးတဲ့လူက အဖေ ဖြစ်နေတာဆိုတော့ ဝမ်းတောင်သာရဦးမယ်။ လက်ကောက် မပျောက်တော့ဘူး။ ပြန်ရတော့မယ်မဟုတ်လား။ ဒါကို ကျွန်တော့်မိန်းမ သိလိုက်ရင် အရမ်းပျော်သွားမှာ သေချာတယ်"

အဖိုးကြီးက သားဖြစ်သူစကားကြောင့် ရှုးရှုးရှဲရှဲနှင့် အကြီးအကျယ် ဒေါပွသွားတော့၏။

သူ့သားက နွားကျသလောက် ချွေးမက ကလိန်ကကျစ်နှင့် လည်လွန်းလှသည့်အဖြစ်ကို တွေးမိတိုင်း ဒေါ့ဒေါ့ခုန်လို့မဆုံး ဖြစ်လျက် -

"ချွေးမသား။ ငကြောင်။ တော်း။ မင်းစကားက ငါပဲ အရူး ဖြစ်ရတော့မလိုလို။ တကယ် ရူးတာက မင်းကွ။ ,မင်း ပြောတာ တစ်ခုမှ မဟုတ်ဘူး။ ငါက အဲဒီမျောက်ကို မျက်နှာ ချင်းဆိုင်ကို ကပ်ပြီး ကြည့်ခဲ့တာကွ။ လုံးဝ မင်း မဟုတ်တာ သေချာတယ်။ အဲဒီမျောက် ဘယ်ကမှန်း ဘယ်သူမှန်း နာမည် ဘယ်လိုခေါ်မှန်း မသိပေမယ့် ဘယ်အချိန် ထပ်တွေ့တွေ့ ငါ

မှတ်မိတယ်။ အခိပ္ပာယ် မရှိလိုက်တာကွာ။ ငါကပဲ လုပ်ကြံ ပြောရာ ရောက်နေသေး" ဟု အော်လေ၏။

သားကတော့ အရယ်မပျက် တိုးလို့ပင်ရယ်ပြီး

"အဖေကြီးကို လုပ်ကြံလိမ်လည်ပြောတယ်လို့ မစွပ်စွဲဝံ့ ပါဘူးဗျာ။ အဖေ့စကားကိုလည်း ကျွန်တော် အလေးထား ပါတယ်။ ဒါပေမယ့် အဖေလာတဲ့အချိန်က လမိုက်ညကြီး။ ဆိုင်ထဲမှာလည်း မီးထွန်းထားတာမှ မဟုတ်တာ။ အဖေကိုယ် တိုင်လည်း အသက်ကြီးတော့ မျက်စိတွေဘာတွေ မှုန်နေပြီ မဟုတ်လား။ အဖေ့စေတနာမှန်ပေမယ့် ဖြစ်စဉ်ကြီးက မှား နေတယ်ဗျ။ ညက အဖေတွေ့ခဲ့တာ မျှောက် မဟုတ်ဘူး။ ကျွန်တော်ဗျ။ ကျွန်တော်ကလွဲလို့ ဘယ်သူ ဖြစ်ရဦးမှာလဲ။ ကျွန်တော့်ကိုယ် ကျွန်တော် အသိဆုံးပါ အဖေရာ။ ဟဲ ဟဲ ဟဲ"

အဖိုးကြီးကလည်း အလျှော့မပေးဘဲ ငြင်းသေး၏။ သို့ပေ မယ့် သူက အကြောက်အကန် အပြင်းအထန် ငြင်းလေ သား က မယုံလေ ဖြစ်နေ၏။

နောက်ဆုံးတော့ သူ့သားကို ဘယ်လိုမှ နားဝင်အောင် ပြောလို့ရတော့မှာ မဟုတ်ဘူး ဟု အဖိုးကြီး သဘောပေါက် သွားပြီး စိတ်လျှော့လက်လျှော့လိုက်ကာ သူ့အိမ်သူ ခေါင်း ငိုက်စိုက်နှင့် ပြန်သွားရရှာတော့သည်။

သူတို့သားအဖ၏ အချေအတင် ပြောနေသည့်စကားများ ကို မျက်ကွယ်တစ်နေရာမှ ချောင်းနားထောင်နေခဲ့သော ဉာဏ် နီဉာဏ်နက်များလှသည့်မယားသည် ညကျတော့ သူ့ချစ်သူ လင် ငယ်အား ဖောက်သည်ချပြီး အူလှိုက်သည်းလှိုက် ကြိတ်ရယ်ခဲ့ကြ ပါလေသတည်း။ ။

## ကျားဆရာ

အယုဒ္ဓယသည် ထိုင်းနိုင်ငံ၏မင်းနေပြည်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အနှစ်တစ်ရာအကြာ။

တစ်နည်းအားဖြင့် လွန်ခဲ့သော အနှစ် ငါးရာ့ငါးဆယ်ခန့်က ဖြစ်ပါသည်။

ကမ်ပင်ပက်မြို့တွင် နေထိုင်ကြပြီး ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားလာသော သူငယ်ချင်းသုံးယောက်သည် စိတ်တူသဘောတူဖြင့် နေပြည်တော်သို့ တက်ရောက်လာကြကာ ဘုရင်မင်းမြတ်၏အမှုတော်ကို ထမ်းဆောင်ခဲ့ကြ၏။

သူတို့သုံးယောက်အနက် ပထမတစ်ယောက်က သူသည် အစားအသောက် များများစားနိုင်ခြင်းအတတ်တွင် ကျွမ်းကျင်ကြောင်း ကြေညာ၏။ ဒုတိယတစ်ယောက်က အိပ်စက်ရာမှာ ဆရာဟု ပြောသည်။ နောက်ဆုံးတစ်ယောက်ကတော့ အချစ်ရေးရာအတော်ဆုံးဟု သူ့ကိုယ်သူ ဖော်ညွှန်းခဲ့၏။

ထိုအခါ ဘုရင်မင်းမြတ်က သူတို့သုံးဦးကို အစွမ်းပြနိုင်းလိုက်သည်။

အစားသမားနှင့် အအိပ်သမားက အလွယ်တကူအစွမ်းပြနိုင်ခဲ့ကြသော်လည်း နိုင်ချောင်ချိုဆိုသူ အချစ်သမားကလေးအဖို့တော့ ချက်ချင်းလက်ငင်း သက်သေပြဖို့ မလွယ်ဘဲ ဖြစ်နေ၏။

သို့သော် နိုင်ချောင်ချို အစွမ်းပြနိုင်မည့်အကွက်ကို များမကြာမီပင် ဘုရင်မင်းမြတ်က ရှာတွေ့ခဲ့တော့၏။



အယုဒ္ဓယမြို့တော်တစ်နေရာ၌ မယ်သီဆိုသော မုဆိုးမ ကလေးတစ်ယောက် ရှိသည်။ မယ်သီသည် ကြွယ်ဝချမ်းသာရုံ သာမက ရုပ်ရည်ချောသဘောကောင်း မိန်းမပြတ်အလိမ္မာကလေး အဖြစ်လည်း သတင်းကြီးလှ၏။

မယ်သီ၏ သွားလေသူခင်ပွန်းမှာ မယ်သီ၏အရည်အသွေး ကို အစဉ်သဖြင့် တန်ဖိုးထားလေးစားသလို မယ်သီကို အမြဲ အလိုလိုက်ခဲ့၏။ မိန်းမမှုကို ကင်းအောင် ရှောင်၏။

ထို့ကြောင့်လည်း မယ်သီက သူ့ခင်ပွန်းအား ကျေးဇူးတုံ့ပြန် သည့်အနေဖြင့် မယ်သီကလည်း လိုလေသေးမရှိ ပြုစုယုယခဲ့ သည်။ အိမ်ဦးခန်းတင်ပြီး ချစ်မြတ်နိုးခဲ့သည်။

နောက်ဆုံး ထိုလူ သေဆုံးသွားသည့်တိုင်အောင် သူ့ကို တွယ်တာပြီး ရပ်ဝေးသို့မသွားနိုင်ဘဲ အိမ်ထဲမှာပဲရှိနေမည်ဟု မယ်သီက ယူဆခဲ့၏။

သို့နှင့်အမျှ သုံးနှစ်သုံးမိုးတိုင်တိုင် နောက်အိမ်ထောင် မပြုဘဲ လင်ယောကျ်ားအပေါ်တွင် သစ္စာစောင့်ထိန်းခဲ့၏။

မယ်သီကား မုဆိုးမကလေးဆိုပေမယ့် တစ်နေ့တခြား ကျက်သရေရေတွေတိုးပြီး လှသည်ထက်လှလာသည်။

ပန်းကလေးလှလျှင် ပျားပိတုန်းတွေအုံခဲ့ပြီး ဝိုင်းဝိုင်းလည် သလို မယ်သီ့ကို ပိုးပန်းသူတွေမှာလည်း ရာနဲ့ချီနေခဲ့၏။

သို့သော် ပန်းကလေးသည် လေနှင့်လှုပ်ခါပစ်သကဲ့သို့ ခါ ပစ်သဖြင့် ပျားပိတုန်းနှင့်တူသော နောက်ပိုးကောင်တွေလည်း တပ်လန်နောက်ဆုတ် ပြေးရသည်ချည်းသာ ဖြစ်၏။ အဘယ်မျှ သော အဖိုးတန်လက်ဆောင်ပဏ္ဏာတွေနှင့် မြူဆွယ်ဖြားယောင်း သော်လည်း မရခဲ့ကြရှာချေ။

ဤသတင်းကို ကြားသိထားသော ဘုရင်မင်းမြတ်က နိုင် ချောင်သျှိအား မယ်သီသ်၏မဏီအသည်းကို အရည်ပျော်စေ၍

ချစ်ဇနီးအဖြစ်သိမ်းပိုက်ရန် ခိုင်းစေလိုက်တော့၏။

နိုင်ချောင်ချိုလည်း ဘုရင့်အမိန့်ကို ဦးထိပ်ရွက်ပန်ကာ အစမ်းသပ်ခံရန် ထွက်ခဲ့လေတော့၏။

သူ၏ ပထမခြေလှမ်းက မယ်သီ၏အမူအကျင့် ဓလေ့စရိုက်များကို အသေးစိတ်သိအောင် လျှို့ဝှက်စုံစမ်းခြင်း ဖြစ်၏။

နောက်တစ်ဆင့်အနေဖြင့် မိန်းမဦးခေါင်းခွံတစ်လုံးကို အရှာပြီး မိန်းမတစ်ဦးဝတ်ဆင်နေကျ အဝတ်တစ်စုံနှင့်အတူ ယွန်းလက်ဆွဲခြင်းထဲ ထည့်သည်။

ပြီးတော့ ဘုရင်ပေးလိုက်သည့် ငွေအသပြာရှစ်ဆယ်ကို ယူသည်။

ပြီးတော့ အိုး၊ ခွက်၊ ပန်းကန် အသုံးအဆောင်တွေကို တစ်ယောက်လှော်ပေါင်းမိုးပါ သမ္ဗန်တစ်စင်းပေါ် တင်သည်။

ဆန်၊ ဆီ၊ ငြုပ်၊ ကြက်သွန်၊ ငါးပိငါးခြောက်၊ ဟင်းသီးဟင်းရွက် စသည်ဖြင့် စားရေရိက္ခာများလည်း အပြည့်ယူဆောင်ခဲ့သည်။

သူကိုယ်တိုင်ကတော့ အကျီ၊ ဘောင်းဘီ အစုတ်အပြတ်များဝတ်လျက် ထန်းလက်ဦးထုပ်အဟောင်းကြီး ဆောင်းလိုက်သည်။

အစစအရာရာ စိတ်တိုင်းကျပြင်ဆင်ပြီးသည်နှင့် သမ္ဗန်ကြီးကို မြစ်ကြောင်းအတိုင်း စုန်ဆင်းလှော်ခတ်ခဲ့လေ၏။

ကံအားလျော်စွာပင် မြစ်ကမ်းပေါ်၌ ဆောက်ထားသော မယ်သီတို့အိမ်နားအရောက်တွင် မိုးကြီးရွာချလိုက်၏။

မယ်သီအိမ်မှာ သူတို့အရပ်ဓလေ့ ရှေးအစဉ်အလာအားဖြင့် အမိုးပါသော လသာဆောင်ကလေးကို အိမ်မကြီးနှင့်တွဲပြီး ကုန်းတစ်ဝက်ရေတစ်ဝက် ဆောက်ထား၏။

သို့ဖြင့် မိုး သည်းသည်ထက် သည်းလာသည့်အဆုံး လသာဆောင်ကလေးအောက်သို့ သူ့သမွန်ကို ဝင်ထိုးထားလိုက်တော့၏။ ထိုအချိန်မှာပင် မယ်သီက လသာဆောင်သို့ ထွက်ကြည့်သည်နှင့် ဆုံမိ၏။

မယ်သီက

"ရှင် ဒီမှာ ဘာလာလုပ်တာလဲ" ဟု မေး၏။

နိုင်ချောင်ချိုက ပြုံးကျဲကျဲကလေးဖြင့် မုန်တိုင်းစဲချိန်အထိ မိုးခိုခွင့်ပေးပါရန် တောင်းပန်၏။

ချောင်ချို၏ ဆင်းရဲနွမ်းပါးလျက် ရိုးသားသောပုံစံကို အကဲခတ်ပြီး သနားသွားသည်။

သူ့အတွက်လည်း ဝန်မလေးသည့်အတူ လသာဆောင်အောက်တွင် ခိုနားခွင့်ပြုလိုက်၏။

မိုးပြင်းလေပြင်း ဆက်တိုက်နေဆဲကြားကပင် ချောင်ချိုက ညစာအတွက် ပြင်လိုက်၏။

သူ့မျက်လုံးတွေကတော့ လသာဆောင်ရှိ ကျီးပုံ့နေသော ကြမ်းပေါက်ကြီးမှတစ်ဆင့် အိမ်ကြီးဆီသို့ အချိန်ပြည့်အာရုံစိုက်ပြီး ကြည့်နေခဲ့၏။

ထိုအတွင်း မယ်သီက နောက်တစ်ခေါက် ပြန်ထွက်လာရာမှ ချောင်ချို ထမင်းဟင်းချက်နေသည်ကို တွေ့လိုက်၏။

ကြမ်းပေါက်မှ ချောင်းကြည့်ရာတွင် ချောင်ချိုသည် လူနှစ်ယောက်စာအတွက် ထမင်းနှစ်ပန်းကန် ခူးနေသည်ကို တွေ့ပြီး အံ့ဩသွားရသည်။

ထိုအတွင်း ချောင်ချိုတစ်ယောက်တည်း တတွတ်တွတ်ပြောနေသံများလည်း ကြားလိုက်ရသည်။

"ခင်ရယ်။ မင်းဟာ အမြဲတန်း မောင်နဲ့အတူ ရှိနေတယ်တော့တ်လား။ ဟိုလေးချိန်က တို့နှစ်ယောက် ထမင်းလက်ဆုံ

စားနေကျအတိုင်း အခုလည်း မောင်နဲ့ လာစားပါတော့ကွာ
မင်းကို ဘယ်တော့မှ မောင် မေ့မထားပါဘူး ခင်ရယ်"
ပြောပြောဆိုဆိုနှင့် ချောင်ချိုက ဟင်းတွေကိုပါ မျက်နှာ
ချင်းဆိုင်ပန်းကန်ထဲ ခွဲပုံပေးသည်။
မယ်သီလည်း နားမလည်နိုင်အောင် အထူးအဆန်း ဖြစ်
သွားရသည်။
"ဘယ့်နှယ်။ ဒီလူ လာတုန်းက လှေတစ်စင်းနဲ့ တစ်
ယောက်တည်း။ တခြား ဘယ်သူမှလည်း မပါဘဲနဲ့။ ဘာတွေ
ပြောနေတာလဲ" ဆိုပြီး ကြမ်းပေါက်ကို ပိုကပ်၍ ချောင်းကြည့်
၏။
လား လား။ သည်တော့မှ ချောင်ချိုက သူ့ဘေးရှိ ဆွဲ
ခြင်းထဲက အရိုးခေါင်းတစ်လုံးကိုထုတ်ပြီး သူ့ရှေ့ ထမင်းပန်း
ကန်နားတွင် ထားလိုက်သည်ကို တွေ့လိုက်ရသည်။
မယ်သီအတွေးထဲတွင် . . .
"သူ့ခမျာ သွားလေသူဇနီးသည်ကို မခွဲနိုင်မခွာရက်နဲ့
အရူးကလေးတစ်ပိုင်း ဖြစ်နေရပါလား" ဟု ဖျတ်ခနဲသိလိုက်
သလို သူကိုယ်တိုင်လည်း မုဆိုးမဘဝဖြင့် အဆွေးသည်ဖြစ်နေ
ရာမှ မျက်ရည်စို့သွားရတော့၏။
"ဩော်။ သူ့ခမျာ သူ့မိန်းမကို ဘယ်လောက်များ ချစ်
လိုက်သလဲလို့။ ဒါမှ လင်ပီသတဲ့ လင်ကောင်း လင်မြတ်။ သူ့
သွားလေရာမှာ သွားလေသူမိန်းမရဲ့အရိုးခေါင်းကို ယူသွား
တာဟာ ငါ ငါ့ယောကျ်ားရဲ့ အရိုးခေါင်းကို အိမ်မှာထားပြီး
အတူနေအတူစား ဝတ္တရားမပျက် ကျွေးမွေးပြုစုနေတာနဲ့ အတူ
တူပါပဲလား"
မယ်သီတစ်ယောက် အတွေးနယ်မှာ ဆွေးမြောပါကြွယ်
သွားချိန်၌ ချောင်ချိုလည်း ဟန်ပါပါသရုပ်ဆောင်ရင်း တစေ့တ

တောင်းခိုးကြည့်နေလိုက်ရာ မယ်သီ သူ့ကို ကြမ်းပေါက်မှချောင်း နေသည်ကို သိလိုက်၏။

သူ ထမင်းစားပြီးသွားတော့ အရိုးခေါင်းနှင့် မိန်းမ တ်စုံကို ခြင်းတောင်းထဲ ပြန်ထည့်လိုက်သည်။ ခြင်းတောင်း အောက်တွင် အိပ်လိုက်သည်။ မိုးမိလာသည့်အထဲ ခေါင်းကိုက်သွား သည့်ပုံစံဖြင့် နားထင်နှစ်ဖက်တွင် ကွမ်းရွက်များကပ်လျက် ညည်းတွားနေလိုက်သေး၏။

သိပ် မကြာလိုက်။ မှိုးချုပ်သွားသည်။ ထိုအခါမှ အိပ်ရာ က ထပြီး အိမ်ရှင်မမယ်သီကို အသံပြု၍ခေါ်သည်။ ပြီးတော့ သူ ရက်တရက်အအေးပတ်သွားရာမှ နေမကောင်း ဖြစ်သွား ကြောင်းနှင့် အိမ်အောက်တွင် တစ်ညတာတည်းခွင့်ပေးဖို့တောင်း ခံသည်။

မယ်သီလည်း စာနာကြင်နာမှုအပြည့်ဖြင့် သူ့ တောင်းဆို ချက်ကို လိုက်လျောလိုက်၏။

မနက် မိုးလင်းသွားသည့်တိုင် ချောင်ချိုက သက်သာပုံ ရ။ တဟီးဟီးနှင့် အဖျားတက်ပြနေသေး၏။

စိတ်ဝင်တစားသိချင်စိတ်ကို မထိန်းနိုင်တော့သည့် မယ် သီက ခြေသံမကြားအောင်ထလာပြီး ကြမ်းပေါက်ကလေးမှ ချောင်းကြည့်ပြန်၏။

မယ်သီ ချောင်းနေမှန်းသိလိုက်သော ချောင်ချိုက မနေ့ ညနေကအတိုင်း အရိုးခေါင်းကိုထုတ်၍ မနက်စာ ထုတ်ကျွေးပြီး သူလည်း အတူစားပြန်သည်။

မယ်သီအဖို့ ခရီးသွားဧည့်သည်စိမ်းအပေါ်တွင် တစ်စထက် တစ်စ သနားကရုဏာပိုလာမိရာမှ သူ တကယ်ပဲအသည်း အသန် ခံစားနေရသည်ဟု ယုံကြည်ကာ နေမကောင်းမချင်း အိမ်အောက်မှာ တည်းခိုဖို့ ခွင့်ပြုလိုက်မိ၏။

သည်လိုနှင့် သူထမင်းစားချိန်တိုင်း မယ်သီက လာလာချောင်းရင်းနှင့် နှစ်ရက်လုံးလုံးကြာသွားသည့်နောက် လသာဆောင်မှ ခေါင်းပြူပြီး ချောင်ချိုအား ယခုလို ပြောခဲ့သည်။

"ဒီမှာ။ ဒီမှာ။ ရှင် နေမကောင်းသေးလို့ ခရီးမဆက်နိုင်သေးဘူးဆိုရင် ဒီလသာဆောင်ဘေးက အခန်းကလေးတစ်ခုမှာ လာနေပါလား။ လှေထဲမှာထက်စာရင် အိမ်ပေါ်မှာက ပိုသက်သောင့်သက်သာ ရှိတာပေါ့"

ချောင်ချိုလည်း မယ်သီ၏စေတနာကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပြီး ကျေးဇူးတင်ကြောင်း အခါခါပြောရင်း၊ အိမ်ပေါ်သို့ ရွှေ့ပြောင်းလာခဲ့သည်။

သူနှင့်အတူ အရိုးခေါင်းပါသောဆွဲချင်းကို လူမြင်မခံလိုသောပုံစံမျိုးဖြင့် ပုန်းလျှိုးကွယ်လျှိုး ယူလာလိုက်သေး၏။

သူကိုယ်တိုင်ကတော့ တကယ့်လူမမာကြီးအတိုင်း ကတုန်ကရင်နှင့် တဟီးဟီးညည်းပြလျက် မယ်သီ့ကို အယုံသွင်းခဲ့၏။

တစ်ဖက်ကလည်း အရိုးခေါင်းကြီးကို စွန့်မပစ်စတမ်း ထိန်းသိမ်းထားသောသူ့အဖြစ်ကို တွေ့ပြီး မယ်သီခမျာ

"ဪ။ ဒီကမ္ဘာမှာ မယားကိုချစ်တဲ့အရာမှာ ငါ့ယောကျ်ားနဲ့ တစ်ထေရာတည်းပါလား။ ဒီလိုယောကျ်ားမျိုး ကတော့ ရှာမှရှားပဲ" ဟု အတွေးတွေကြွယ်လျက် ကျောက်တုံးကျောက်ခဲကဲ့သို့ မာသော်လည်း မိန်းမသားပီသသော အသည်းနှလုံးမှာ ပျော့ပျောင်းချင်သယောင် ဖြစ်လာ၏။

မယ်သီ့အဖို့ ချောင်ချိုအပေါ်တွင် အလွန်အမင်းစိတ်ဝင်စားလာမိသလို အလိမ္မာကလေးဖြင့် စုံစမ်းမိ၏။

"ရှင့် ကြည့်ရတာ သာမန်အဖေးမိပြီး ဖျားတာထက်ပိုပြီးခံစားနေရတဲ့ သောကဝေဒနာတစ်မျိုးမျိုး ရှိနေပုံပါပဲ။ အဲ့ဒီအကြောင်း တစ်စွန်းတစ်စလေးများ မသိရဘူးလား ဟင်"

ချောင်ချိုကလည်း လေသံပျော့ကလေးနှင့် သိမ်မွေ့နူးညံ့စွာပင် အဖြေပေးခဲ့၏။

"အို။ အဲဒီအတိတ်အကြောင်းတွေ ပြန်မပြောပါရစေနဲ့တော့ဗျာ။ အဟောင်းက အသစ်တွေဖြစ်ပြီး ခံစားရလွန်းလို့ပါ။ ဘာပဲဖြစ်ဖြစ် ယနေ့အထိ မမေ့နိုင်တာတော့ အမှန်ပါပဲ"

ဦးတော့မတတ် ပြောလိုက်သည့်စကားတွေကို ကြားလိုက်ရသည့်အဆုံး မယ်သီက သူ့မှာရှိသမျှဆေးတွေကို ထုတ်တိုက်တော့သည်။ ချောင်ချိုကလည်း တိုက်သမျှဆေးတွေကို အူလိုက်သည်းလိုက် ကျေးဇူးတင်စွာဖြင့် သောက်ခဲ့၏။

သည်ကြားထဲတွင် အရိုးခေါင်းနှင့်အတူ လျှို့ဝှက်စွာ ထမင်းစားမြဲဖြစ်၍၊ သူစားတိုင်း မယ်သီက ချောင်းကြည့်သည်ကို သိသလို၊ မိန်းမသားတစ်ယောက် အသည်းခိုက်လောက်သော စကားများကို ကြားလောက်အောင် တမင်ပြောနေကျလည်း ဖြစ်၏။

သည့်နောက်တော့ ချောင်ချိုက ဉာဏ်နီဉာဏ်နက်ကောင်းကောင်းဖြင့် တစ်ဆင့်တိုး၍ အကွက်ဆင်လိုက်ပြန်သည်။

ချောင်ချိုသည် မယ်သီ၏အရေးပေးခြင်းကို ခံခဲ့ရရာမှ အိမ်သားတစ်ဦးလိုဖြစ်လာပြီး အိမ်ရှိ အစေအပါးမိန်းကလေးများနှင့်ပါ ရင်းနှီးလာ၏။

ထိုအထဲမှ မယ်သီ၏လူယုံတော်မကလေးတစ်ယောက်ကို ချောင်ချိုက အပိုင်စည်းရုံးခဲ့သည်။

အခွင့်သာသောတစ်နေ့တွင် ထိုလူယုံတော်မကလေးအား မယ်သီ အိပ်ရာထဲတွင်သိမ်းဆည်းထားသော ယောကျ်ားအရိုးခေါင်းကို ရအောင်ယူပေးလျှင် ငွေရှစ်ဆယ် ပေးမည်။ ပြဿနာဖြစ်လာလျှင် သူကိုယ်တိုင်ခေါင်းခံ၍ ဖြေရှင်းပေးမည်။ ဘယ်လို

မှ ဒဏ်ခတ်အပြစ်ပေးမခံရအောင် ကာယကွယ်မည် ဟု ကတိပေး စေခိုင်းလိုက်၏။

လူယုံတော်မကလေးကလည်း သဘောတူ၍ ထိုည မယ်သီအိပ်မောကျချိန်တွင် အိပ်ခန်းထဲက ယောကျ်ားအရိုးခေါင်းကိုခိုးယူပြီး ချောင်ချိုလက်သို့ အပ်ခဲ့၏။

ချောင်ချိုလည်း မယ်သို့ယောကျ်ားခေါင်းကို မိန်းမအရိုးခေါင်းရှိရာဆွဲချင်းထဲ ထည့်ထားလိုက်ပြီး ပြန်အိပ်နေလိုက်သည်။

မိုးလင်းတော့ ထုံးစံအတိုင်းပင် ထမင်းချက်။ ထမင်းကျက်တော့ မနက်စာစားဖို့ ပြင်သည်။

ပြီး တစ်အိမ်လုံးကြားလောက်အောင် အော်၍ ...

"ခင်ရေ။ ထမင်း ပြင်ပြီးပြီဟေ့။ မင်း အသက်ရှင်တုန်းကလို မောင်နဲ့အတူလာပြီး လက်ဆုံစားတော့ကွာ"

ပြောပြောဆိုဆို ဆွဲချင်းထဲက ရိုးခေါင်းကိုယူရန် ဖုံးထားသောအဝတ်ကို လှန်လိုက်သည်။

ဤတွင်ပင်

"ဟောဗျ။ ဘာကြီးပါလိမ့်"

အလန့်တကြား အာမေဋိတ်သံဖြင့် လွှတ်ခနဲပြောလိုက်ရာမှ ဆွဲချင်းထဲကို အနီးကပ် ငုံ့ကြည့်စစ်ဆေးသည်။

ထို့နောက် ဒေါသတကြီးစိတ်ဆိုးမာန်ဆိုးဖြင့် ထ,အော်လိုက်တော့သည်။

"ဪ။ လက်စသတ်တော့ မင်းက ဒီလိုကိုး။ ဒါကြောင့်ညက တဗွက်ဗွက်နဲ့ အသံတွေကြားနေရတာကိုး။ မင်းတို့ကတစ်ညလုံး မြူးနေကြတာတော့ လွန်လွန်းအားကြီးတယ်။ကောက်ကျစ်ရက်စက်လွန်းရာ ကျတယ်။ ငါ လုံးဝ သည်းမခံနိုင်ဘူးကွ"

ချောင်ချိုတစ်ယောက် ပူညံပူညံနှင့် ထူးထူးဆန်းဆန်းတွေ ပြောနေသံကို မယ်သီလည်း တစ်ဖက်ခန်းမှ ကြားလိုက်ရပြီး နံရံမှ ချောင်း၍ကြည့်နေမိ၏။

ချောင်ချိုကတော့ ဒေါနှင့်မောနှင့် ဆက်ပြောနေ၏။

"မင်းသေသွားတာက လေးနှစ်တောင် ကျော်သွားပြီ။ ငါဟာ လေးနှစ်လုံးလုံး မင်းအပေါ် သစ္စာ စောင့်ခဲ့တယ်။ နောက်မိန်းမယူဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူး။ ဘယ်လောက် အခက်အခဲ ဒုက္ခတွေပဲတွေ့တွေ့။ မင်းကို ငါနဲ့အတူခေါ်ပြီး ငါ့အနားမှာပဲ ထားခဲ့တယ်။ မင်းရှိတုန်းကလိုပဲ စားအတူ၊ သွားအတူ၊ အိပ်အတူ အတူနေခဲ့တယ်။ ငါ့ကိုယ်ငါ မယားမရှိတော့တဲ့ ဆိုးဖိုတစ်ယောက်လို့ နည်းနည်းမှ မသတ်မှတ်ခဲ့ဘူး။ ခုတော့ ကြည့်စမ်း။ ဒီအိမ်ရောက်လာလို့ တစ်ပတ်ပဲ ရှိသေးရဲ့။ မင်းက ဒီအိမ်ရှင်ယောက်ျားရဲ့ခေါင်းခွံနဲ့ ဖောက်ဖောက်ပြားပြား နှစ် ပါးသွားတယ်ပေါ့လေ။ ကဲ။ မင်းကို ငါ ဘယ်လိုလုပ် ခွင့်လွှတ် နိုင်ပါ့မလဲ။ ဒါ အသေးအဖွဲ မဟုတ်ဘူးကွ။ တော်ပြီ။ ခုချိန် ကစပြီး မင်းနဲ့ငါ လင်ခန်းမယားခန်း ပြတ်ပြီ။ မင်းကို ငါ စွန့်လွှတ်လိုက်ပြီ။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ကိုယ်လမ်း ကိုယ်သွား။ ခင်းလင်ငယ်နဲ့အတူ သွားချင်ရာသွားကြပေတော့"

စိတ်ပေါက်ပေါက်နှင့် ပြောချင်ရာပြောပြီးနောက် အရိုး ခေါင်းနှစ်လုံးစလုံးကို ချင်းထဲမှထုတ်၍ ကြမ်းပေါ်ပစ်ချလိုက် သည်။ ပြီးတော့ အရိုးခေါင်းများကို စက်ဆုပ်ရွံရှာစွာ ကြည့်ပြီး ရေနှိုရေအိုးထဲမှ ရေတွေကို ခပ်ပြီး တစ်စက်ချင်း ရေစက်ချ ရင်းက နတ်တွေသိကြားတွေကို သက်သေထား တိုင်တည်နေ၏။

သူ့မိန်းမသည် သူ့အပေါ် သစ္စာဖောက်၍ စွန့်ပစ်လိုက်ပါ ကြောင်း။ နောက်အိမ်ထောင်ပြုရန်လည်း ဆုံးဖြတ်လိုက်ကြောင်း၊ နောက်ယူမည့်မိန်းမက သူ့အပေါ်ကောင်းသလောက် သူက

လည်း ပြန်ကောင်းမည်ဖြစ်ကြောင်း၊ ပထမမိန်းမလိုပင် ရိုးမြေကျ သက်တစ်ဆုံး ပေါင်းသင်းပါမည်ဟု သစ္စာဆိုပါကြောင်းများ ပါဝင်လေသည်။

သစ္စာဆို ပြီးပြီးချင်းမှာပင် ဆွဲချင်းထဲက ဓားမကြီး တစ်ချောင်းကို ထုတ်ယူလိုက်သည်။ ထို့နောက် မယ်သီ့ယောက်ျား ခေါင်းကို မယ်သီ မြင်သာသိသာအောင် အကြာကြီးကိုင်ပြပြီးမှ အပေါ်ကိုမြှောက်၍ ဓားဖြင့် အစိပ်အစိပ်အမွှာမွှာ ခွဲပစ်လိုက်သည်။ သူ့မိန်းမခေါင်းကိုလည်း ဓားစာကျွေးပစ်လိုက်သည်။

အားရပါးရခုတ်ပိုင်းလို့ ကျေနပ်ပြီဆိုပါမှ ခေါင်းခွံအပိုင်း အစတွေကို ခြင်းတစ်ခုထဲ သိမ်းကျုံးထည့်ပြီး မြစ်ထဲသို့ သွားပစ်လိုက်၏။

တစ်ဖက်ခန်းမှ ချောင်းကြည့်နေသော မယ်သီလည်း ဖြစ်ရပ်အစအဆုံးကို တွေ့မြင်နေခဲ့ရသလို မိန်းမခေါင်းခွံနှင့်အတူ ထုတ်ယူလိုက်သောခေါင်းခွံမှာ သူ့ယောက်ျားခေါင်းခွံမှန်း သိလိုက်သည်။

သို့နှင့်အမျှ သူ့ယောက်ျားဝိညာဉ်သည် ညှိသည်ချောင်ချို မိန်းမ၏ဝိညာဉ်နှင့် ဝိညာဉ်ချင်း ချစ်ကြိုက်ပေါင်းသင်းကြခြင်း ဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်၏။

ထိုအခါ အူတိုမျိုးဖြစ်သော မိန်းမသားပီပီ ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန်သွားတော့သည်။

အချစ်ကြီးတော့ အမျက်ကြီးဆိုသည့်စကားပမာ သူ့တစ်ကိုယ်လုံး ဒေါသမီး ဟုန်းဟုန်းတောက်သွားသည်။

သေ့သည့်တိုင် သစ္စာစောင့်ခဲ့ရသူကို မငဲ့မကွက်မညာ မတာဖောက်ပြားခဲ့သော ယောက်ျားအတွက် ဒေါသမျက်ရည် တွေဖြင့် မျက်လုံးစုံမှာ ပြည့်သွားတော့၏။

တဒင်္ဂအတွင်း သူ့ယောကျ်ားအပေါ် ချစ်ခဲ့သမျှအချစ်တွေအားလုံး ပျက်ပြယ်သွား၏။

ချောင်ချိုက သူ့အရိုးခေါင်းကို ရိုက်ခွဲပြီး မြစ်ထဲ မျှောပစ်လိုက်တဲ့အတွက်ပင် ကျေနပ်ဝမ်းသာနေမိသေး၏။

သူ့ယောကျ်ားနှင့် ချောင်ချိုမိန်းမတို့သည် ဝိဉာဉ်ဘဝနှင့်ဆုံတွေ့ချစ်ကြိုက်ကြပြီး ဘဝသစ်တွင် လင်မယားအဖြစ် ပြန်လည်မွေးဖွားလာလစ့်မည်ဟုလည်း မယ်သီ ယုံကြည်သွားမိ၏။

ထို့ကြောင့် သူ့ယောကျ်ားအပေါ်တွင် ထားသမျှမေတ္တာတွေတုန်ခမ်းသွားသလို သူ့ဘဝလည်း အနှောင်အဖွဲ့မှလွတ်မြောက်သွားပြီဟု တွက်လိုက်သည်။ နောက်ယောကျ်ား ထပ်ယူမည်ဟုဆုံးဖြတ်လိုက်သည်။

မယ်သီ အိပ်ခန်းထဲပြန်ပြေးပြီး အမြတ်တနိုးသိမ်းထားသောယောကျ်ားဟောင်း၏ခေါင်းအုံးအပါအဝင် အသုံးအဆောင်ပစ္စည်းတွေအားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

ပြီးတော့ အိပ်ရာပေါ် မှောက်ချလိုက်ရာမှ ချောင်ချိုနှင့်ပတ်သက်သော အတွေးများက ခေါင်းထဲသို့ တိုးဝင်လာ၏။ သူ့ယောကျ်ားဟောင်းကို အညတရစည့်သည်နှင့် အစားထိုးရန်ကြံလိုက်မိသည်။

အကြံသမားချောင်ချိုကလည်း မယ်သီအရိပ်အခြည်ကိုကြည့်၍ ချစ်ရေးဆိုခဲ့တော့သည်။

သူတို့၏ ကြွင်ယာဟောင်းတွေက သူတို့ကို မျက်နှာလွှဲ၍ကျောခိုင်းရက်စက်သွားကြသဖြင့် ကျန်ရစ်သူ သူတို့စုံတွဲအနေဖြင့်လည်း အားကျမခံ လက်ထပ်ယူလိုက်ကြပါစို့ဟု ဆွယ်တရားဟောခြင်းလည်း ဖြစ်၏။

မယ်သီဘက်ကလည်း မဆွတ်ခင်က ညွတ်ချင်သလိုဖြစ်၍တစ်ချိန်ကမာနတွေကို ခဝါချပြီး ချောင်ချို၏အချစ်ကို လက်

လိုက်လေ၏။

ဤသို့ဖြင့် မယ်သီကို အစွဲချွတ်၍ အကြင်လင်မယား အဖြစ်ဖြင့် အောင်ပွဲခံလိုက်ရသောချောင်ချိုသည် ဘုရင်မင်းမြတ်၏အမိန့်နှင့် စမ်းသပ်မှုစာမေးပွဲကိုလည်း အချစ်ရေးရာ မဟာဝိဇ္ဇာဟူသော ဘွဲ့ထူးနှင့်အညီ ဂုဏ်ထူးတန်းမှအောင်မြင်ခဲ့ပါလေတော့သတည်း။

ဩော် ကြောက်စရာကောင်းလိုက်တဲ့ ယောက်ျားမာယာ ပါတကား။ ။

## ၈, မာယာ

လျှင်မြန်ရာမှာ ကျီးကန်း။ ခိုလှုံရာမှာ မိန်းမ

(ဆိုရိုးစကား)

ပက်ချာဘူရီမြို့နှင့်မနီးမဝေးတွင် နိုင်ဆန်ရက်ဆိုသော လူငယ်တစ်ယောက် နေထိုင်၏။ သူသည် လူပျိုပေါက်ကလေး ဖြစ်သည်နှင့်အမျှ မိန်းမများကိုစိတ်ဝင်စား၍ မိန်းမတို့၏ မာယာနှင့် မိန်းမတို့၏ပရိယာယ်ကို လေ့လာသိရှိလိုစိတ် အင်မတန် ပြင်းပြနေ၏။

သို့ဖြင့် ယောကျ်ားတွေကို အငိုက်ဖမ်း၍ လှည့်စားမြူဆွယ်နိုင်သည့် မာယာထောင်ချောက်ဆင်သောအတတ်ပညာများကို သင်ကြားပေးမည့်သူအား အရှာထွက်ခဲ့သည်။

တစ်ညနေမှာတော့ ဥယျာဉ်တစ်ခုသို့ဖြတ်အသွား ခြံပိုင်ရှင်၏ဇနီး အသက် နှစ်ဆယ့်ငါးနှစ်အရွယ်အမျိုးသမီးချောနှင့် ဟင်းရွက်ခူးလာခိုက် ဆုံမိကြလေ၏။

နန်လာမတ်ဟုခေါ်သော မိန်းမချောက ခြံစည်းရိုးအတိုင်း ဟိုကြည့်ဒီကြည့်လျှောက်လာသော နိုင်ဆမ်ရက်ကို မြင်သည်နှင့် ဖော်ရွေစွာ လှမ်းနှုတ်ဆက်လိုက်၏။

“ဘယ်သွားမလို့လဲ မောင်လေး။ မင်းကြည့်ရတာ တစ်ခုခုကို ရှာနေသလိုပဲ။ မမ ဘာအကူအညီ ပေးရမလဲ”

နိုင်ဆမ်ရက်က လှမ်းကြည့်လိုက်တော့ လှပချောမောလှသောနန်လာမတ်ကို တွေ့လိုက်ရာမှ ပွင့်ပွင့်လင်းလင်းပင် ပြန်



ပြောမိလိုက်၏။

"အစ်မ သိချင်တယ်ဆိုရင်တော့ ပြောရတာပေါ့ခင်ဗျာ။ ကျွန်တော်ဟာ မိန်းမတို့ရဲ့မာယာအကြောင်း သင်ကြားချင်လွန်း သို့ ဘယ်သူများ သင်ပေးပါ့မလဲလို့ဆိုပြီး ဆရာရှာ ထွက်လာ တာပါ"

လုလင်ပျိုနိုင်ဆမ်ရက်၏ ကျွဲပေါက်ကလေးလိုတောင့်တင်း သန်မာ၍ ချောမောသောရုပ်ဆင်းရူပကာကိုကြည့်ပြီး နန်လာ မင်း၏မျက်နှာတွင် ပြုံးယောင်သမ်းသွားရာမှ မရှက်မရွံ့ပင်

"ဒါလေးများ။ ဘာခက်တာမှတ်လို့ကွယ်။ အဝေးပန်းခံပြီး ရှေ့ခရီးဆက်စရာ မလိုတော့ပါဘူး။ မမက ဆရာ့ဆရာတွေ ထက်သာအောင် လက်ထပ်သင်ပေးနိုင်ပါတယ်။ ဘယ့်နှယ်လဲ၊ ငါ့မောင်။ မမဆီကပညာတွေ သင်ချင်သလား"

ဟု ပြန်မေးလိုက်လေသည်။

နိုင်ဆမ်ရက်လည်း နန်လာမင်း၏သောက်ရှူးကြယ်ကဲ့သို့ တောက်ပနေသော မျက်လုံးကလေးများကိုငေးရင်းမှ တပည့် ခံပါ့မည်ဟု စိတ်အားထက်သန်စွာ အဖြေပေးမိ၏။

"ကဲ။ ဒီလိုဆို အခုပဲ သင်ခန်းစာ စလိုက်ကြပါစို့ရဲ့။ လာ။ မြထဲဝင်။ တောဟိုထောင့်က အရိပ်ကောင်းတယ်။ တို့ကို ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် အဲ့ဒီ သွားသင်မယ်"

နေဝင်ချိန်ကျကာမှ နန်လာမင်းက အလန့်တကြားနှင့် ထ,အော်လိုက်၏။

"ဟောတော်။ မိုးတောင် ချုပ်ပါရောလား။ မမ ပြန်ဦးမှ ပဲ မောင်လေးရေ။ မင်းအစ်ကိုကြီးက မမ ပျောက်လို့ လိုက်ရှာနေဦးမယ်။ အဲ မင်းကို မိန်းမတို့မာယာ ပဥ္စလက်နဲ့ ပက်သက်ပြီး လက်တွေ့ပြစရာရှိသေးတယ်။ အဲ့ဒီတော့ မင်း လိုက်ရဲမယ်ဆိုရင် မမယောက်ျားနဲ့ မင်းကို မိတ်ဆက်ပေးမယ်။

ပြီးတော့ မမတို့ ဘေးချင်းကပ်အခန်းမှာ တည်းတာပေါ့။ ညကျမှ မမကလာပြီး ပညာတွေ ထပ်သင်ပေးမယ်။ ခုလော လောဆယ်တော့ ဒီချုံထဲကပဲ ခဏစောင့်နေ"

စကားအဆုံး၌ နန်လာမတ်လည်း ဥယျာဉ်နောက်က အိမ်ကြီးဆီသို့ ဒရောသောပါးပြေးဝင်သွား၏။ အိမ်ထဲ၌ သူ့ယောကျ်ားကို အပြေးအလွှားလိုက်ရှာကာ ရယ်လားမောလားနှင့် မျက်နှာချိုသွေးရင်း . . .

"အဖြစ်ကတော့ ပြော မပြောချင်တော့ဘူးအစ်ကိုရေ့။ ရယ်စရာလည်း ကောင်းပါရဲ့။ ကျွန်မ ခြံထဲက မုန်လာဥ သွားနှုတ်ရင်းနဲ့ အရှိန်လွန်ပြီးဖင်ထိုင်လဲသွားတာ ပက်လက်ကို လန်ရော။ ကြည့်စမ်းပါဦး။ ကျောတစ်ခုလုံး ဖုန်တွေပေပြီး ညစ်ပတ်ကုန်ပြီ ထင်ပါရဲ့။ နည်းနည်းပါးပါး ဖုန်ကလေးဘာကလေး ခါပေးပါဦး အစ်ကိုရဲ့"

ခတ်ချွဲချွဲကလေး ပြောလိုက်တဲ့အဆုံး လူရိုးလူအကြီးကလည်း အဟုတ်မှတ်ပြီး ကျောပေါ်ကဖုန်တွေ လက်နဲ့ခါပေးမိသတဲ့။

အံမယ်။ သူကတော့ တဟဲဟဲနဲ့သဘောကျပြီး ရောရယ်နေလေသေးရဲ့။

မချွေနန်လာမတ်လည်း လင်တော်မောင်ကြီးကို ကျေးဇူးတင်စကား ကန္တ့ကလျကလေးပြောပြီး အိမ်အလုပ်တွေလုပ်ဖို့ ထွက်သွားပါရော။

တအောင့်လောက်ကြာတော့မှ ထမင်းဝိုင်းမှာ လင်မယား နှစ်ယောက် ပြန်ဆုံကြသည်။

စားသောက် ပြီးလောက်ပြီဆိုသည်နှင့် ဖြူန်းခနဲ တစ်ခုခုကို သတိရလိုက်ဟန်ဆောင်လျက်

"ဪ။ မေ့နေလိုက်တာနော်။ အစ်ကိုကို ပြောရဦးမယ်။ ညနေတုန်းက ခြံထဲမှာဆင်းနေတုန်း ကျွန်မတူကလေး နန်းချောင် လာပြောတယ်။ အမေ သိပ်နေမကောင်းလို့တဲ့။ လာကြည့်ပါဦးလို့ မှာလိုက်တယ် ဆိုပဲ။ အဲ အဲ့ဒါ အစ်ကို့ကို ခွင့်တောင်းချင်ပါတယ်။ ထမင်းပွဲသိမ်းပြီးတာနဲ့ အမေ့ဆီ သွားမယ်နော်။ အမေ သက်သာတယ်ဆိုလည်း ညတွင်းချင်းပဲ ပြန်လာမှာပေါ့။ ကျွန်မ သွားနေတုန်း သားကလေးကိုသာ ဂရုစိုက်လိုက်ပါ။ ဟုတ်လား အစ်ကို"

သူ့ယောကျ်ားက

"အေး။ အပြန် သိပ်တော့ နောက်မကျစေနဲ့ကွာ"

ဆိုပြီး ခွင့်ပြုလိုက်သည်။

နန်းလာမတ်လည်း သားငယ်ကို သူ့ဖအေလက်ထဲ ထိုးထည့်ခဲ့ပြီးနောက် နိုင်ဆမ်ရက် ပုန်းနေရာသို့ အမြေးရောက်လာပြန်သည်။

ပြီးတော့ သူလုပ်မည့်အကြံအစည်ကို အသေးစိတ်ပြောပြသည်။ နိုင်ဆမ်ရက် ကပြုရမည့်အပိုင်းကိုလည်း ကွက်တိသင်ပေးသည်။ နောက် ညဉ့်အတော်လေးနက်သည်အထိ အချိန်ဖြုန်းပြီး အိမ်ရှိရာသို့ နှစ်ယောက်အတူ ပြန်လာခဲ့ကြတော့သည်။

အိမ်ထဲမဝင်ခင် နန်းလာမတ်က ခြံထည်ပဝါကလေးတစ်ခုဖြင့် နှာခေါင်းကလေးပေါ်ရှိ ခေါင်းမြီးခြုံလာခဲ့သည်။ ထို့ကြောင့် သူ့ကို ဘယ်သူမှန်း မသိတော့ချေ။

အစီအစဉ်အရ နိုင်ဆမ်ရက်ကို ရှေ့က သွားခိုင်း၏။ အိမ်ရှေ့တံခါးဝရောက်တော့ အသံပေးလိုက်၏။

"အစ်ကိုရေ။ အစ်မရေ"

ခေါ်သံကြောင့် အိမ်ရှင်ယောက်ကျား ထွက်လာသည့်အခါ သူက ဆီးမေးသည်။

"အစ်မ နန်လာမတ် မရှိဘူးလား အစ်ကို"

ယောက်ျားဖြစ်သူက တိုတိုပဲပြန်ဖြေ၏။

"မရှိဘူး။ အပြင်သွားတယ်ကွ"

တစ်လုံးတည်းပြောပြီး အိမ်ထဲပြန်ဝင်ဖို့ပြင်ရာမှ နိုင်ဆမ်ရက်က ကပျာကရာဟန့်တားလျက်

"ကျွန်တော်က အစ်မနန်လာမတ်ရဲ့ မောင်ဝမ်းကွဲပါ။ အစ်မရဲ့အမေ နန်ချိုဝါးဟာ ကျွန်တော့်ရဲ့အဒေါ် တော်ပါတယ်။ ခုမနက်ပဲ နိုင်ချောဝ်က လာပြောတယ်။ အဒေါ် အတော် နေမကောင်းဘူး။ လာကြည့်ကြပါဆိုလို့ ကျွန်တော်တို့လည်း ရွာကနေ လာခဲ့ကြတာပါ။ အဲဒါ လမ်းကြုံလို့ အစ်မနန်လာမတ်ကို ဝင်သတင်းပေးတာပါ။ ဖြစ်နိုင်ရင် သူနဲ့အတူတူ သွားကြမလားလို့။ ခုတော့ ခက်တာပဲ"

စောစောကလေးကမှ ဒီသတင်းကို ဇနီးဖြစ်သူနန်လာမတ်ကိုယ်တိုင် ပြောသွားသဖြင့် ထိုလူကြီးလည်း နိုင်ဆမ်ရက် စကားကို ယုံကြည်ကာ အိမ်ထဲဝင်နားပါဦးဟု ခရီးဦးကြိုပြု၍ ခေါ်သွားခဲ့သည်။

အိမ်ရှေ့ဧည့်ဆောင်တွင် ခေတ္တထိုင်ပါဆိုပြီး မီးအိမ်တစ်လုံးကို အပြေးအလွှား သွားယူသည်။

ပြန်ရောက်လာ၍ မီးထွန်းမည်ဆဲဆဲကျမှ နိုင်ဆမ်ရက်က

"အစ်ကိုရေ။ ကျေးဇူးပြုပြီး မီးတော့ မထွန်းပါနဲ့ဗျာ။ ဟော့ဒီ ကျွန်တော့်မိန်းမက မျက်စိနာနေလို့။ မီးရောင်နဲ့ မတည့်ဘူး ဖြစ်နေတယ်။ အဒေါ် အသည်းအသန်ဖြစ်တယ်ဆိုလို့သာ မရမက လိုက်လာတာပါ။ မီးရောင်ကို ကြည့်လိုက်ရင် သူ့မျက်စိက ပိုဆိုးသွားလိမ့်မယ်"

ကိုရွှေအလည်း သူ့စကားကို သံသယမဖြစ်ဘဲ မီးအိမ်ကို ငြိမ်းသတ်လိုက်သည်။

မှောင်ထဲတွင် ဒီအတိုင်းထိုင်၍ ညောင့်ထောက်ခံကာ စကား ပြည် ပြောနေလိုက်သေး၏။

နန်လာမတ်ကတော့ နန်ဆမ်ရက်နောက်ကွယ်က ခေါင်း မဖော်တမ်း ပုန်းနေသည်။ သူ့ယောကျ်ားကလည်း ယောင်လို့မှ လှမ်းမကြည့်သဖြင့် တော်ပါသေးရဲ့ ဆိုရပေမည်။

သို့ဖြင့် နန်လာမတ်ကိုယ်တိုင်လည်း သူ့အမေကို သွားကြည့် ဖို့ ထွက်သွားမှန်းသိလိုက်သည့်အခါ နိုင်ဆမ်ရက်လည်း ကြံရာ မရ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပုံဖြင့် ခတ်ညံညံညည်း ကလေး ညည်းတွားလိုက်၏။

"ဒုက္ခပါပဲ။ ခုမှ ဟိုမပီဒီမပီနဲ့ ချောက်ကျနေပြီ"

ဆိုတော့ အိမ်ရှင်ယောကျ်ားက

"ဒီအတိုင်းဆိုရင် မင်းအစ်မက သူ့အမေနဲ့ တစ်ညလုံး နေလိမ့်မယ်နဲ့တူတယ်။ အင်း၊ မင်းတို့ ခရီးဆက်ဖို့လည်း အချိန် မရှိတော့ဘူး။ ဒါဆိုလည်း ဒီတစ်ည ဒီမှာပဲ နားချင်နားကြပေါ့"

အားနာပါးနာနှင့် စကားစလာသည်။

နိုင်ဆမ်ရက်လည်း သူ့ဇနီးအား တိတိုးတိုင်ပင်ကာ

"ကောင်းသားပဲ အစ်ကိုကြီးရယ်။ ကျွန်တော်တို့လည်း ခရီး ပမ်းလာတာနဲ့"

ဝမ်းပန်းတသာ လက်ခံလိုက်သည်။

အိမ်ရှင်ယောကျ်ားက အိပ်ရာအဆင်သင့်ပြင်ထားသော ဘေးချင်းကပ်အခန်းလွတ်ကို လိုက်ပို့ပေးခဲ့ပြီး သူကတော့ သူ့ သားငယ်နှင့်အတူ အိပ်ခန်းထဲ ပြန်ဝင်သွား၏။

သည်လိုနှင့် အသီးသီးအိပ်ရာဝင်ခဲ့ကြသလို နန်လာမတ်က နိုင်ဆမ်ရက်အား လက်တွေ့သင်ခန်းစာတွေ သင်ပေးပြန်သည်။

ညဦးသန်းခေါင်ကျော်ချိန်အရောက် တစ်ဖက်ခန်းမှ သူ့သားငယ်က လန့်နိုးပြီး ကျွက်ကျွက်ဆူအောင်ငိုတော့သည်။

နန်လာမတ်လည်း ကလေးငိုသံကြောင့် ကမန်းကတန်း ထကာ မိခင်စိတ်ဖြင့် ပူပင်သောကရောက်သွားရလေ၏။

သို့ဖြင့် သူ့ဘေးတွင် တရှူးရှူးအိပ်ပျော်နေသော နိုင်ဆမ်ရက်ကို လှုပ်နှိုးပြီး တီးတိုးနှစ်ကိုယ်ကြား ပြောလိုက်၏။

နိုင်ဆမ်ရက်လည်း တစ်ဖက်ခန်းမှ အိမ်ရှင်ယောကျ်ားအား သွားတံခါးခေါက်ပြီး

"အစ်ကိုရယ်။ ကလေးက ငိုလို့ချည်လား။ ကျွန်တော့်မိန်းမက ကလေးကောင်းကောင်း ထိန်းတတ်ချော့တတ်တယ်ဗျ။ အစ်ကိုက ခွင့်ပေးမယ်ဆိုရင် ကလေးကို လာသိပ်ပေးပါရစေတဲ့"

ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်ဆိုသဖြင့် နန်လာမတ်လည်း တစ်ဖက်ခန်းသို့ အပြေးအလွှားကူးရောက်လာသည်။

သားငယ်အား ရင်ငွေ့ပေး၍ တင်ပါးကလေးကို ပုတ်ရင်းအသံမထွက်အောင်ချော့သိပ်ခဲ့ရာမှ ကလေးငယ် ပြန်အိပ်ပျော်သွား၏။

ထို့နောက် နန်လာမတ်လည်း ကုတင်ပေါ်မှ ပြန်အဆင်း၌ သူ့ယောကျ်ားနှင့် ကိုယ်ချင်း တမင်ထိအောင်ပွတ်သပ်တိုးဝှေ့ခဲ့သည်။

သူ့ယောကျ်ားကလည်း သူ့စိမ်းမိန်းမက လာစ,တာပဲဆိုပြီး လက်ဖမ်းဆွဲ၏။ ဒါကို သူက အလွတ်ရုန်းပြီး တွန်းဖယ်ပစ်ခဲ့ကာ တစ်ဖက်ခန်းသို့ ပြန်ပြေးလာ၏။

ပြီးတော့ နိုင်ဆမ်ရက်အား သူ့ယောကျ်ားကို သူ ဆွပေးခဲ့ရာမှ အရှက်မွှန်ပြီးကျန်ခဲ့မည်ဖြစ်၍ သူတို့ကို ဂရုစိုက်နိုင်

တော့မည်မဟုတ်ကြောင်း နှစ်ကိုယ်ကြားပြောပြီး ပျော်ပျော်ကြီး အိပ်စက်ခဲ့ကြပြန်သည်။

အရုဏ်တက်ချိန်ရောက်တွင် နှစ်ယောက်သား အိပ်ရာမှ ထကာ အိမ်ရှင်ယောက်ျားအား သူတို့ ခရီးဆက်တော့မည်ဟု နှုတ်ဆက်ခွင့်တောင်းခဲ့ကြသည်။

အိမ်ရှင်ယောက်ျားမှာလည်း ညက လက်သရမ်းမိသော သူ့အပြစ်နှင့်သူ ထွက်မတွေ့ရဲသဖြင့် အိပ်ခန်းထဲကသာ ကောင်းပြီကောင်းရဲ့ဟု နှုတ်ဆက်လိုက်၏။

နိုင်ဆမ်ရက်နှင့် နန်လာမတ်စုံတွဲလည်း အိမ်ထဲက ထွက်ခဲ့ပြီး ဥယျာဉ်ထဲသို့ ပြန်ရောက်ခဲ့ကြသည်။

သည်တော့မှ နန်လာမတ်က နိုင်ဆမ်ရက်အား မကြည့်ရဲ ကြည့်ရဲရှက်စနိုးကလေးကြည့်ကာ

"ကဲ။ ဒီလောက်ဆိုရင် ငါ့မောင်သိချင်တဲ့ မိန်းမတွေ အကြောင်း သဘောပေါက်လောက်ပါပြီနော်။ ညက မာယာ ပဥ္စလက်အတတ်တွေကို လက်တွေ့ပြခဲ့သလို အချိန်တိုတိုကလေး အတွင်းမှာ သင်လိုက်ရတဲ့ပညာတွေဟာလည်း မ,ကျမ်းကျေတဲ့ အဆင့် ရောက်သွားပြီပေါ့ကွာ။ နောက်များမှပဲ ကျန်တဲ့သင်ခန်း စာတွေ ထပ်သင်ပေးတော့။ လောလောဆယ်တော့ ခွဲခွာလိုက် ကြပါဦးစို့"

ပြောမည်သာ ပြောရသည်။

သူကိုယ်တိုင်က နိုင်ဆမ်ရက်ကို စွဲလန်းနေသဖြင့် မိုးစင် စင်လင်းမှသာ သွားခွင့်ပေးလိုက်သည်။

ထို့နောက် သူ့ယောက်ျားထံ ပြန်လာသည်။

နန်လာမတ်သည် မလုံမလဲမျက်နှာဖြင့် ချွေးပြန်နေသော သူ့ယောက်ျားကို မြင်မြင်ချင်းပင် ရယ်ချင်စိတ်ကို ဇွတ်မြိုသိပ်

ကာ အကြီးအကျယ်စိတ်ဆိုးဟန်ဆောင်၍ ပြောလေတော့သည်။

"ရှင် အသုံးမကျတဲ့ အလကားလူ။ လူယုတ်မာ။ ရှင့်အကြောင်းတွေ ကျွန်မ အားလုံး သိပြီးပြီ။ ရှင်လုပ်လိုက်တဲ့ကိစ္စ ဖုံးလို့ဖိလို့များ ရမယ်ထင်လို့လား။ ဟင်း၊ ညက လာအိပ်တဲ့ မောင်လေးရဲ့မယားကို ရှင် ဘယ်လိုလုပ်လိုက်တာလဲ။ ဟိုက စေတနာနဲ့ ကလေးကိုပြန်သိပ်ပေးတာကို ရှင်က ဆွဲလားလွဲလားနဲ့ အချောင်ကြံတယ် ဆို။ ရှင် တော်တော်မိုက်ရိုင်းရမ်းကားလိုက်ပါလား။ ရှင်တို့ယောကျ်ားတွေဟာ ဒီအတိုင်းပဲ။ တစ်ချိုကွယ် တစ်မယ်မေ့။ မိန်းမမြင်ရင် လင်ရှိရှိ မရှိရှိ ငမ်းငမ်းတက်ပဲ။ သားသာမရှိရင် ရှင်နဲ့ သေခန်းပြတ်တယ်။ သိလား ငနွားကြီးရဲ့"

ငနွားကြီးဟု အဆဲခံရသည့်တိုင် လင်ကြီးခမျာ လည်ကြီးလိမ်လျက်သား ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ရှာပါချေ။

သူ့ လက်သရမ်းမိသည်ကို ညီ့သည်လင်မယားက သူ့မယားကို တကယ်ပဲပြန်ပြောသည်ဟု ယုံကြည်ခဲ့မိ၏။

သို့ဖြင့် မတော်တဆ ထိမိတာပါ။ ဘာညာ ဟု လိမ်ညာရင်းက သူ့ကိုခွင့်လွှတ်ဖို့သာ အတန်တန် တောင်းပန်ဒူးထောက် အသနားခံရင်း အသေအလဲချော့ခဲ့ရရှာသော ဟူ၏။ ။

☺

## မိုးနဲ့မြေကြီး ကွာခြားခြင်းထား

လွန်ခဲ့သော အနှစ်တစ်ရာလောက်က တရုတ်နိုင်ငံ ဆွာတို မြို့မှ ငွမ်ဟင်းနှင့်ဟာ့ယန်းအမည်ရှိသော တရုတ်ဆင်းရဲသား သူငယ်ချင်းနှစ်ယောက်သည် တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသောထုံးကို နှလုံးမူလျက် ထိုင်းနိုင်ငံသို့ စီးပွားရှာရန် ထွက်ခဲ့ ကြသည်။

သူတို့မှာ စက်လှေခပင် အနိုင်နိုင်ဖြစ်၍ ကမ်းကိုကပ်ချိန် တွင် လက်ဖဝါးခြေဖဝါးလောက်သာ ကျန်တော့၏။

ဘန်ကောက်ဆိပ်ကမ်း၌ လူချင်းခွဲကာ တစ်ယောက် တစ်လမ်းစီသွားဖို့ ကြံကြ၏။ ထိုသို့မခွဲခင် သူငယ်ချင်းနှစ် ယောက်သား ကတိသစ္စာပြုကြသည်။

သူတို့ပြုသည့် ကတိသစ္စာကတော့

သူတို့ ရှာဖွေစုဆောင်းရရှိမည့် ငွေငါးထောင်မကျော်မချင်း ဝက်သား၊ ကြက်သား၊ ဘဲသားဟင်းများ မစားကြပါ ဟူ၍ ဖြစ်၏။ ထို့နောက် အပြန်အလှန်နှုတ်ဆက်ကာ ကိုယ့်လမ်းကိုယ် သွားခဲ့ကြတော့သည်။

ငွမ်ဟင်းကား ကတိတည်အောင် ကြိုးစားခဲ့၏။

ထိုင်းနယ်မြေသို့ ခြေချမိသည့်အချိန်ကစ၍ ရိုးသားမှုကို အရင်းပြုပြီး လုံ့လဝီရိယ ဖွဲ့နှင့် တွေ့ရာကြုံရာအလုပ်ကို လုပ်ပြီး ပိုက်ဆံကို အရရှာခဲ့သည်။

အနေအထိုင်အစားအသောက်မှန်သမျှ ခြိုးခြံချွေတာ၏။

ထမင်း၊ ချဉ်ဖတ်နှင့် ဆား လောက်ကလွဲ၍ လျှာအရသာခံပြီး မစားခဲ့။

နွားလို ကုန်းရုန်းရှာ၍ ရသမျှငွေများကို လိုအပ်တာထက် ပိုမသုံးဘဲ စုဆောင်းခဲ့၏။

သို့ဖြင့် နှစ်အနည်းငယ်အတွင်းမှာပင် ငွေအတော်အတန် စုမိခဲ့ရာမှ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကို စ, လုပ်တော့သည်။

ကုန်သည်ဘဝဖြင့်လည်း ခြစ်ခြစ်ကုပ်ကုပ် ရိုးရိုးဖြောင့် ဖြောင့်နှင့် ချွေတာစုဆောင်းခဲ့သောကြောင့် မကြာမီမှာပင် ကြွယ် ဝချမ်းသာသော သူဌေးတစ်ဦးဘဝသို့ ရောက်ခဲ့ရပြန်သည်။

ကိုယ်ပိုင်ခြံမြေ အိမ်ရာများသာမက လှပသောဇနီးမယား ပါ ရရှိကာ လိမ္မာသော သားသမီးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရောင်းဝယ်ဖောက်ကားခဲ့တော့၏။

ထိုအချိန်တွင် သူသည် ကတိပြုထားသော ငွေငါးထောင် မက ချမ်းသာနေပြီဆိုတော့မှ ကောင်းပေ့ညွန့်ပေ့ဆိုသည့် ကြက် ဘဲဟင်းလျာများနှင့် ဇိမ်ခံပစ္စည်းများကိုပါ မိသားစုတစ်စုလုံး စိတ်တိုင်းကျ စားသုံးနေထိုင်ခဲ့လေတော့သည်။

ကဲ။ နောက်တစ်ယောက် ဟော့ယန်းဘက်သို့ ကြည့်ကြရ အောင်။ ဟော့ယန်က ငွမ်ဟင်းထက် နည်းနည်းပိုငယ်သလို ကြီး ပွားလိုစိတ်လည်း ပြင်းပြသူဖြစ်၏။

ငွမ်းဟင်းနှင့် လူချင်းခွဲခဲ့သည့်နောက် ကတိစကားမပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသေး၏။

ဇိမ်ခံခြင်းနှင့် ဖြုန်းတီးခြင်းသည် မကောင်းသောမိတ်ဆွေ များဟု သတ်မှတ်နားလည်ကာ ရသမျှငွေတွေကို တတ်နိုင်သ လောက်စုနေခဲ့၏။

သို့သော် တစ်နေ့ သူ့အတွက် ကံဆိုးမိုးမှောင်ကျသည့်နေ့ ပဲ ဆိုပါတော့။

တစ်ညနေ ဟာ့ယန်းသည် ဈေးထဲသို့သွားရင်းက ဘဲနာ ကျ၍သေသည့် ဘဲတစ်ကောင်ကို ဈေးပေါပေါနှင့်ရောင်းနေ သည်ကို တွေ့လိုက်ရ၏။

ဈေးကလည်း သူဝယ်နေကျ ငါးပိကောင်ထက်ပင် ပို၍ သက်သာနေ၏။

တစ်ပြိုင်တည်းမှာပင် အတွေးတစ်ချက်က သူ့ခေါင်းထဲ ဝင်လာသည်။

"ငါတို့သူငယ်ချင်းနှစ်ယောက် ကြက်သား ဘဲသား ဝက် သားတွေ မစားကြစတမ်း သဘောတူခဲ့ကြတာ ဒါတွေဟာ အကောင်းစားဇိမ်ခံအစားအစာတွေဖြစ်တဲ့အပြင် ငါးထက်လည်း ဈေးကြီးလို့ပဲ။ ဟော အခု ငါးထက်ဈေးပေါတာ ကြုံနေပြီ။ ဒီနေရာမှာ ကတိစကားကို ငုံ့ကွက်နေစရာ မလိုတော့ဘူး။ ဈေးပေါတဲ့ဘဲသား ဝယ်စားလိုက်တာဟာ တို့သဘောတူညီချက် ကို ချိုးဖောက်ရာလည်း ဘယ်ရောက်ပါ့မလဲ။ ငါ ဘဲသားမစား ရတာလည်း ကြာလှပြီ"

သူ့ကိုယ်သူ ဆင်ခြေပေးပြီး သူ့ဆုံးဖြတ်ချက်နှင့် သူ ဘဲသားကို ဝယ်စားလိုက်တော့၏။

ဘဲသားငတ်ငတ်နှင့် အရသာရှိလိုက်သည့် ဖြစ်ခြင်း။

ဘဲသားတစ်အိုးကို တစ်ယောက်တည်းစားလို့ပင် မဝခဲ့ချေ။

သို့ဖြင့် နောက်တစ်နေ့ ဒီလိုပဲ ငါးထက်ဈေးပေါသော ဘဲများ ရဦးမလားဆိုပြီး ဈေးပြေးခဲ့ပြန်သည်။

ဏဲအားလျော့စွာ တစ်ကောင် ရပြန်သည်။

ဝယ်ချက်ခဲ့ပြန်သည်။

သည်တစ်ခါတော့ ဘဲသားက ပထမအကောင်လောက် မလတ်။ ဖွယ်တယ်တယ်နှင့် အရသာ နည်းနည်းမှမရှိ။

ဟာ့ယန်း သူ့ကိုယ်သူ ပြောမိ၏။

"မဟုတ်ခါမှ လွဲရော။ ဘဲနာသားမို့လို့ စားမကောင်းတာပဲ။ လတ်လတ်ဆတ်ဆတ်အရှင်သတ်စားမှ ကောင်းတော့မှာပေါ့။ အလိုလေး ပြောရင်းဆိုရင်းတောင် သွားရည်ကျလာပြီ"

ရသတဏှာ၏ဆွဲဆောင်မှုနောက် ကောက်ကောက်ပါခဲ့ရလေသော ဟာယန်းလည်း နောက်တစ်နေ့ အလုပ်သိမ်းချိန်မှာတော့ အာသာဆန္ဒကိုမထိန်းချုပ်နိုင်တော့ဘဲ ဈေးထဲသို့ အပြေးအလွှားရောက်ခဲ့ပြန်တော့သည်။

"မနေ့ကနဲ့ အရသာချင်းယှဉ်ကြည့်ရုံကလေး ဝယ်စားတာပဲ။ ဘာဖြစ်တာ မှတ်လို့"

သူ့ကိုယ်သူ ကာကွယ်ပြောဆိုရင်း ဘဲသား စားခဲ့ပြန်သည်။

သည်တစ်ခါတော့ ခါတိုင်းနှင့်မတူအောင် ထူးထူးခြားခြား အရသာရှိပြီး ချိုမြိန်နေတော့သည်။

သို့ဖြင့် ဘဲသားဟင်းသည် ဟာ့ယန်း၏ နေ့စဉ်စားသုံးနေကျ မပါမဖြစ်မရှိမဖြစ်သော ဟင်းလျာအနေဖြင့် အသုံးတော်ခံခဲ့ရတော့သည်။

တစ်နေ့ပြီးတစ်နေ့ ဘဲသားချည်းပဲစားရပြန်တော့ ရိုးအီလာသည်။ ငြီးငွေ့လာသည်။

သည်တော့ ဘဲသားကိုအစားထိုး၍ ကြက်သားဝက်သားတွေ ဝယ်ပြန်၏။

ကြက်သားကလည်း ကောင်း။

ဝက်သားကလည်း ကောင်း။

အကောင်းသံသရာမှာ လျှာလည်နေရင်းက သူငယ်ချင်းချင်း သဘောတူထားသည့်ကတိကို ကမ္ဘာ့အပြင်ဘက်သို့ ကန်ပစ်မိလျက်သား မေ့မေ့လျော့လျော့ဖြစ်သွားရတော့သည်။

တစ်ဖက်ကတော့ ပါးစပ်အရသာခံပြီး အစားကျူးခဲ့လေသမျှ ဝင်ငွေထက် ထွက်ငွေက ပို လာရတော့သည်။

သည်ကြားထဲ နေ့ရေးဝတ်ရေးစရိတ်တွေပါ ထပ်ဆောင်းရာမှ သူ့လက်ထဲ ယခင်နှစ်များကစုဆောင်းမိခဲ့သော ငွေပိုငွေလျှံကလေးတွေလည်း ပွဲပါကုန်တော့သည်။

တစ်နည်းအားဖြင့် လုပ်သမျှအရာမထင် ခဲလေသမျှ သဲရေကျဖြစ်ကာ ဒုံရင်းဒုံရင်းပဲ ပြန်ကာ မွဲပြာကျခဲ့ရလေတော့၏။

ရှိသမျှကုန်ခဲ့ပေမယ့် ပါးစပ်အရသာခံပြီး ဇိမ်ကလေးနှင့်အဆီယစ်ချင်သည့်စိတ်က သူ့ကိုယ်ပေါ်မှာ အမွေဆိုးကြီးအဖြစ် တွယ်ကပ်ကျန်ခဲ့သည်။

အစားကောင်းအသားကောင်း မစားရမနေနိုင်သည့် စိတ်က သူငယ်ချင်းဖြစ်သူငွမ်ဟင်းကို သတိရစေသည်။

သူက ဒီမှာ စုတ်ပြတ်မွဲတေနေသည့် တစ်ချိန်တည်းမှာ သူ့သူငယ်ချင်းက တိုက်နှင့်ခြံနှင့် အကြီးအကျယ်ချမ်းသာနေကြောင်းလည်း သတင်းကြားခဲ့ရပြီးဖြစ်၏။

နောက်ဆုံးတော့ သူ့သူငယ်ချင်းကို သွားရှာပြီး အတူနေဖို့ ဆုံးဖြတ်လိုက်၏။

ငွမ်ဟင်းအနေနှင့် သူ့ကို အတူနေခွင့်ပေး၍ ပြုစုစောင့်ရှောက်မှာပဲဟုလည်း မျှော်လင့်ခဲ့၏။

သို့ဖြင့် ငွမ်ဟင်းနေထိုင်ရာ မြို့ကို ရောက်သွားရာမှ အိမ်ကိုရှာပြီး လူချင်းတွေ့၏။

သူ့ဘက်က နှစ်ဦးသဘောတူထားခဲ့သော ကတိကို ဖောက်ဖျက်မိကြောင်းဝန်ခံ၍ လောလောလတ်လတ် သူ ဒုက္ခရောက်နေပါကြောင်းနှင့် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ဖို့ အသနားခံမိ၏။

ငွမ်ဟင်းကလည်း တစ်ချိန်တုန်းက ဖေါ်ဖေါ်ဖေါ်ဖက် သူငယ်ချင်းကောင်းဖြစ်သောဟာ့ယန်းကို သူငယ်ချင်းကောင်း ပီသစွာ ကြင်ကြင်နာနာလက်ခံခဲ့၏။

ဘာဝဟောင်းကို မမေ့သောအားဖြင့် စောင့်ရှောက်၏။

သူ့ခြံကြီးတစ်နေရာတွင် တဲငယ်ကလေးတစ်လုံး ထိုးပေးကာ၊ မနက်တစ်ထပ် ညတစ်ထပ် ထမင်းနှစ်နပ်ကို ငါးပိကောင်နှင့် ကျွေး၏။

ငွမ်ဟင်း၏ခြံကြီးအတွင်းမှာ မန်ကျည်းပင်တွေက အုံ့အုံ့ ဆိုင်းဆိုင်းနှင့် ထူထပ်စွာပေါက်ရောက်နေ၏။ မန်ကျည်းရွက်က သုတ်စားစား၊ ပြုတ်တို့တို့၊ ဟင်းချိုလုပ်သောက်သောက် ဟင်း တစ်မယ်တော့ ဖြစ်စေ၏။

ဤတွင် ငွမ်ဟင်းက ဟာ့ယန်းအား သင်ခန်းစာတစ်ခု ပေးရန် အကြံပေါက်မိလေ၏။

တစ်နေ့ ငွမ်ဟင်းသည် ဟာ့ယန်းကို ခြံထဲကအငယ်ဆုံး မန်ကျည်းပင်ပေါက်ကလေးတစ်ပင်ကို ရွေး၍ ငါးနှင့် ပြုတ်၊ ချဉ်ရည်လုပ်ကာ ထမင်းနှင့်စားဖို့ ပြော၏။

ဟာ့ယန်းလည်း ငွမ်ဟင်းပြောသည့်အတိုင်း မန်ကျည်းပင် ပေါက်ကလေးတစ်ပင်မှ အရွက်များကိုခူး၍ နေ့စဉ် ချဉ်ရည် ဟင်း ချက်စား၏။

မကြာမီ တစ်ပတ်မျှအတွင်းမှာပင် မန်ကျည်းပင်ကလေး မှာ အရိုးပြိုင်းပြိုင်း ကျသွားရတော့သည်။ ဟာ့ယန်းအဖို့ ခူးစား စရာ မန်ကျည်းရွက်ဟူ၍ လုံးဝ မရှိတော့ချေ။

ထိုအခါ သူငယ်ချင်းငွမ်ဟင်း ထံသွားပြီး မန်ကျည်းရွက် ခူးစားဖို့မကျန်တော့ကြောင်းနှင့် အသစ်တစ်ပင် ပေးဖို့ သွား တောင်းသည်။ သည်တစ်ကြိမ်တော့ ငွမ်ဟင်းက အကြီးဆုံး မန်ကျည်းပင်ကြီးကို စိတ်ကြိုက်ရွေးခူးခွင့် ပေးလိုက်သည်။

ဟာ့ယန်းအဖို့ မန်ကျည်းပင်ကြီးမှ မန်ကျည်းရွက်များမှာ တစ်ပတ်ခူးလို့လည်း မကုန်၊ နှစ်ပတ်ခူးလို့လည်း မကုန်။ အပင်ပေါ်မှာ တစ်ပုံကြီးကျန်လျက် ခူးလို့မနိုင်အောင် ဖြစ်နေရ၏။

တစ်ကိုင်းကုန်၍ နောက်တစ်ကိုင်းကို ဆက်ခူးနေစဉ်မှာပင် ကုန်သွားသောအကိုင်းက ရွက်သစ်ကလေးတွေ ထပ်ပေါက်လာနေသည်။

သည်တော့မှ ငွမ်တီးကဲက ဟာ့ယန်းကိုခေါ်ပြီး ယခုလို ပညာပေးလေတော့၏။

"ကဲ။ မင်း လက်တွေ့ပဲ သူငယ်ချင်း။ မန်ကျည်းပင်ပေါက်စကလေးနဲ့ ရောမမန်ကျည်းပင်ကြီး ဒီနှစ်ပင်ကို မင်း ယှဉ်ကြည့်စမ်း။ အကိုင်းအခက် အရွက်မစုံခင် ဖွံ့ဖြိုးကြီးထွားမယ်လို့မှ မကြိုးလိုက်ရဘဲ အခြွေခံလိုက်ရတဲ့မန်ကျည်းပင်ကလေးဟာ အချိန်မတန်ဘဲ သေသွားရရှာတယ်။ အဲ့ဒီ မန်ကျည်းပင်ပေါက်ကလေးက မင်းနဲ့ တူတယ်။ မကြီးပွားခင် ဘဝအညွန့်တုံးသွားရတဲ့ သဘောပဲ။ မင်းဟာ ပင်ပင်ပန်းပန်းရှာဖွေရတဲ့ ငွေတွေကို ဘာမဟုတ်တဲ့ အစားတစ်လုတ်အတွက်၊ မသေမချင်း စားသွားရမယ့် ထမင်းတစ်နပ်အတွက် လျှာစည်းစိမ်ခံပြီး အလဟဿဖြုန်းတီးပစ်ခဲ့တယ်။ ဒီလိုနဲ့ မင်း ကြာကြာမစားလိုက်ရဘဲ ဆင်းရဲတွင်းထဲ ကျခဲ့တယ်၊ ကဲ၊ ဖွံ့ဖြိုးမှုပြည့်စုံတဲ့ မန်ကျည်းပင်ကြီးကို ကြည့်။ အကိုင်းအခက်အရွက်တွေ ဝေဝေဆာဆာနဲ့ ဘယ်လောက်ပဲ ခူးခူး၊ ကုန်တယ်ခမ်းတယ်လို့ မရှိအောင်ပဲ မဟုတ်လား။ အေး။ ဒီမန်ကျည်းပင်ကြီးကိုတော့ ငါနဲ့ နှိုင်းချင် နှိုင်း။ အရွယ်မရောက်မချင်း ခြိုးခြံချွေတာစုဆောင်းပြီး အားဖြည့်ခဲ့လို့ ဟော ခုတော့ စည်းစိမ်ချမ်းသာတွေ အပြည့်နဲ့ စားချင်တိုင်း စား၊ ဝတ်ချင်တိုင်း ဝတ်၊ နေချင်သလို

နေနိုင်ပြီလေ။ ငါပြောတဲ့ သင်ခန်းစာကို မြဲမြဲမှတ်ထားပြီး ငါ့လိုပဲ သူဌေးဖြစ်အောင် ကြိုးစားပေတော့။ မျှော်လင့်ချက်အသစ်နဲ့ ဘဝသစ်ကို စပေတော့ သူငယ်ချင်း။

ငွမ်ဟင်းရဲ့ စကားအဆုံးမှာ ဟာ့ယန်းလည်း သူမှားကြောင်း အကြိမ်ကြိမ်ဝန်ခံပြီး

"စိတ်ချပါ သူငယ်ချင်းရယ်။ ငါ တစ်ခါသေဖူး ဖျဉ်ဖိုးနားလည်သွားပါပြီ။ အရင်လို ငါ မမိုက်တော့ပါဘူး။ မင်းလိုဖြစ်အောင် ငါ ကြိုးစားပါ့မယ်။ အဲ့ဒီအတွက် တစ်ချိန်တုန်းက ကတိစကားကိုပဲ ငါ နည်းနည်းပြင်ပြီး သစ္စာဆိုပါတော့မယ်။ ငွေငါးသောင်းကျော်တဲ့တိုင်အောင် ကြက်သား ဝက်သား ဘဲသားဆိုတာတွေ မစားဘဲ၊ ဆားနဲ့ပဲစားပြီး သူဌေးဖြစ် ကျင့်ပါတော့မယ်လို့။

ဟူ၍ အားရတက်ကြွစွာ ပြန်ပြောလိုက်ပါတော့သတည်း။

**ဆင်ခြင်ရန်**

၁။ ချွေတာစုဆောင်း သူဌေးလောင်း။

၂။ မစားတတ်လျှင် စားပိုးနင့်၍ မွဲတတ်သည်။

၃။ တစ်နပ်စာထက် တစ်သက်စာကို စဉ်းစားပါ။

☺

•

## မော်ကွန်းထိန်း ရာထူးတစ်နေရာ

အောက်ပါပုံပြင်မှာ - လွန်ခဲ့သော အနှစ်တစ်ရာကျော်ခန့်က ဘန်ကောက်မြို့တော်တွင် သီတင်းသုံးခဲ့သော ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးက သီတင်းသုံးဖော် အခြားကျောင်းထိုင်တစ်ဦးအား ပြောပြခဲ့သော ကိုယ်တွေ့အဖြစ်အပျက်ဟု ဆိုပါသည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် ရတနာသုံးပါးကို အထူးယုံကြည်ကိုးစားခဲ့သလို၊ အကျင့်သီလ စရဏနှင့် ပြည့်စုံလှသူလည်း ဖြစ်ခဲ့ပါသည်။

တစ်ညသ ဆရာတော်ကြီးအိပ်ပျော်နေစဉ် မိုးသောက်ယံအခါ၌ အိပ်မက်တစ်ခု မက်ခဲ့၏။

အိပ်မက်ထဲတွင် ဘီလူးတမျှထွားကျိုင်းလှသော လူထွားကြီးလေးယောက်က မျက်နှာဖုံးပေါ်တွင် ရွှေမင်နှင့် ကမ္ပည်းထိုးထားသော ဧရာမစာအုပ်ကြီးတစ်အုပ်ကို ပခုံးပေါ် ထမ်းလာကြသည်ဆို၏။

လူထွားကြီးတွေက ဆံပင်တွေ ကောက်ကောက်ကွေးကွေးနှင့်ဖြစ်ပြီး၊ ပိုးဝတ်ရုံကြီးများ ဝတ်ထားကြလျက် ဆရာတော်ကြီးကုတင်နားသို့ ရောက်အလာမှာပင် ဆရာတော်ကြီးလည်း ဖျတ်ခနဲလန့်နိုးသွားရာမှ ဖြုန်းခနဲတွေ့လိုက်ရ၏။

ဆရာတော်ကြီးက မေး၏။

"အသင်တို့၊ ဘာကိစ္စနဲ့ ကျွန်ုပ်ဆီ လာကြတာလဲ"



လူထွားကြီးလေးဦးက ပခုံးပေါ်ကစာအုပ်ကြီးကိုအောက်သို့ချပြီး အဖြေပေးသည်။

"ဒီစာအုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်လွှဲပြောင်းပေးချင်လို့ပါ"

ဆရာတော်ကြီးက "ဒါ ဘာစာအုပ်ကြီးလဲ" ဟုမေး၍၊ ခေါင်းဆောင်နှင့်တူသော လူထွားကြီးတစ်ယောက်က

"ဒီ စာအုပ်ကြီးဟာ ဝမ်းရောဂါနဲ့ ကွယ်လွန်သူ မှန်သမျှရဲ့နာမည်တွေကို ရေးထိုးမှတ်တမ်းတင်ရတဲ့ စာအုပ်ကြီးပါ" ဟု ဖြေလေ၏။

"မင်းတို့ မှတ်တမ်းစာအုပ်ကြီးကို ငါ့အသက်ရှင်ရက်နဲ့ ထိန်းသိမ်းရမှာလား။ သေပြီးမှ ထိန်းသိမ်းရမှာလား" ဟု ဆရာတော်ကြီးက ထပ်မေးသည်။

လူထွားကြီးက "ဆရာတော်ဘုရားလည်း ဝမ်းရောဂါနဲ့ ပျံလွန်ရမှာပါ။ အဲ့ဒီနောက်မှ ဒီမော်ကွန်းစာအုပ်ကြီးကို စောင့်ရှောက်ထိန်းသိမ်းရမှာ ဖြစ်ပါတယ်" ဟု ပြန်ဖြေ၏။

ထိုအခါ ဆရာတော်ကြီးက ခေါင်းယမ်းရင်းနှင့် ပြောလိုက်သည်မှာ. . .

"ဝမ်းရောဂါနဲ့ သေရမယ်ဆိုတာ တော်တော်ဆိုးဝါးခံစားရတာပဲကွယ့်။ တစ်ခြားအကြောင်းနဲ့ သေလို့ မရတော့ဘူးတဲ့လား"

လူထွားကြီးများက မာမာထန်ထန်ပြန်ဖြေ၏။

"မရဘူး ဘုရား။ အရှင်ဘုရားဟာ ဝမ်းရောဂါနဲ့ သေကိုသေရမယ်။ ဒါမှသာလျှင် ဒီစာအုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ မော်ကွန်းထိန်းဖြစ်တော့မှာပေါ့"

ဤတွင် ဆရာတော်ကြီးက စိတ်ထဲက ကြိတ်ကြံလိုက်မိ၏။

"သူတို့ပြောသလို မလွန်ဆန်နိုင်လို့ သေရရင်လည်း ဘာတတ်နိုင်ပါ့မလဲ။ ဒါပေမယ့် ငါသေလို့ ဒီစာအုပ်ကြီးကို လက်ခံယူလိုက်တာနဲ့ ချက်ချင်း ပြာကျအောင် မီးရှို့ပစ်လိုက်မယ်။ ဒါဆိုရင် နောက်လာနောက်သားတွေ ဝမ်းရောဂါနဲ့ သေရမှာ မဟုတ်တော့ဘူး။ ဒီအကြံ ကောင်းတယ်။ ငါ့ဒကာဒကာမတွေနဲ့ လူသားအားလုံးကို ကျေးဇူးဆပ်ရာလည်း ရောက်တယ်။

ဒီလိုနဲ့ မေတ္တာရှင်ဆရာတော်ကြီးက လူထွားကြီးများကို ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ။ မင်းတို့အလိုကျ ဝမ်းရောဂါနဲ့ပဲ ငါ အသေခံပါ့မယ်။ စာအုပ်ကြီးသာ ငါ့လက်ထဲ အပ်ခဲ့ပေတော့"

သို့သော် ခေါင်းဆောင်လူထွားကြီးက ဆရာတော်ကြီး မျက်နှာကို စေ့စေ့ကြည့်ပြီး မခိုးမခန့်ရယ်လျက်. .

"ဒီမယ် ဆရာတော်။ ဒီစာအုပ်ကြီးက နှစ်ပေါင်းကုဋေချီပြီး ရေးကျလာတဲ့စာအုပ်ကြီးပါ။ ဆရာတော် ကြံထားသလို လွယ်လွယ်ကူကူနဲ့ မီးရှို့ပစ်လိုက်လို့ ရမယ်မထင်ပါနဲ့။ ကျုပ်တို့ကို လှည့်စားလို့ မရပါဘူးလေ။ ဒီအတိုင်းဆို ဆရာတော်ဟာ ဒီစာအုပ်ကြီးကို ထိန်းသိမ်းဖို့ ထိုက်တန်တဲ့ပုဂ္ဂိုလ် မဟုတ်တော့ပါဘူး။ ဒီကျောင်းတိုက်က လက်ထောက်ဆရာတော်တစ်ပါးကို သွားလျှောက်ဦးမှပါပဲ"

ပြောပြောဆိုဆိုဖြင့် လူထွားကြီးလေးဦးလည်း စာအုပ်ကြီးကို ပြန်ထမ်းပြီး ထွက်သွားကြတော့သည်။ ကျောင်းထိုင်ဆရာတော်ကြီးလည်း အိပ်ရာကလန့်နိုးခဲ့ရပြီ။ မကြာမီပင် မိုးလင်းခဲ့၏။

ဝမ်းနာကျပြီး သေရမည်ဟူသော နိမိတ်ကြောင့် ဇောချွေးတွေပြန်၍ ဘုရား တနေမိတော့သည်။

ထိုမှ ရုတ်တရက် ဝမ်းထဲရစ်ပြီး ကောက်ခါငင်ခါ ဖျားသလိုဖြစ်သွားပြန်သည်။ နာရီဝက်ခန့် အလူးအလိမ့်ခံစားလိုက်ရကာ ထူးထူးဆန်းဆန်းပင် ပြန်ပျောက်သွား၏။

သည့်နောက် လူထွားကြီးများပြောခဲ့သည့် နောက်ဆုံးစကားကို သတိရ၍ လက်ထောက်ဆရာတော်ထံ အပြေး သွားကြည့်မိလေ၏။

ထိုအခါမှာတော့ လက်ထောက် တိုက်အုပ်ဆရာတော်သည် ကျောင်းဆောင်ထဲတွင် ပျံလွန်တော်မူနေကြောင်း တွေ့လိုက်ရတော့၏။

လက်ထောက်ဆရာတော်မှာ ဝမ်းရောဂါဖြင့် နာရီပိုင်းကလေးအတွင်း ပျံလွန်ခဲ့ခြင်းသာ ဖြစ်ပါတော့သတည်း။

ကျောင်းထိုင်ဆရာတော်ကြီးလည်း အိပ်မက်က တကယ်ဖြစ်ပါလားဟူ၍ အံ့ဩမဆုံးရှိခဲ့ရသလို၊ သေခြင်းတရား၏ မြန်ဆန်လှပုံကို သံဝေဂယူခဲ့ရပြန်ပါတော့၏။

သို့နှင့်အမျှ . .

“ကျုပ်ကိုယ်တိုင် သေကံမရောက် သက်မပျောက်ဆိုသလိုဖြစ်ခဲ့ရတာလည်း ဆန်းကြယ်တယ်ဆိုနိုင်ပါရဲ့။ တစ်နည်း ပြောရင် သေမင်းကိုအာခံပြီး သေခြင်းတရားကို ငြင်းလိုက်နိုင်တာဟာ ရတနာသုံးပါး ဘုရား၊ တရား၊ သံဃာတွေရဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲပေါ့။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြည်ညိုတဲ့စိတ်ဟာ ကြုံတွေ့လာတဲ့ ဘေးရန်အန္တရာယ်တွေကို ဖယ်ရှားကျော်လွှားနိုင်ရုံမက ကိုယ့်စိတ်တိုင်းကျဖြစ်စေနိုင်ခွင့်ရခဲ့တယ်။ အဲ ကိုယ့်ကံကြမ္မာကို ကောင်းသထက် ကောင်းအောင် ကိုယ်ပဲ ဖန်တီးနိုင်တယ် ဆိုရတော့မှာပဲဟု ဖွင့်ဟပြောကြား ခဲ့ပါလေ၏။

ကံကို ပြုပြင်နိုင်သော ကုသိုလ်တရား၏ တန်ခိုးသတ္တိဖြင့် ကျောင်းထိုင်ဆရာတော်ကြီးလည်း တရားဘာဝနာများ ကျင့်ကြံ အားထုတ်လျက်၊ သာသနာပြုရင်းဖြင့် သက်တော် ကိုးဆယ့်ကိုး နှစ်ကျော်မှ သက်တမ်းစေ့ ပျံလွန်တော်မူခဲ့လေသောဟူ၏။

**ဆင်ခြင်ရန်** ။ ။ ကုသိုလ်ကောင်းမှုသည် လိုတရ၍ သေမင်းကိုပင် အောင်နိုင်၏။

☺

## ဥပါဒါနိစ္စအိမ်

နားထောင်ပါ။ သုံးသပ်ပါ။ စုံစမ်းမေးမြန်းပါ။

(ထိုင်းတောရုံ)

ရှေးသရောအခါက. . . ချိန်းရိုင်မြို့တွင် အလွန်တရာ ထူးထူးခြားခြားလှပသော မေးချန်းဆိုသူ လှပျိုဖြူကလေးတစ်ဦး ရှိလေသည်။

မေချန်း၏အလှမှာ ယှဉ်တုဖို့ မဆိုထားဘိ၊ နှိုင်းပြရန်ပင် မရှိလောက်အောင် လှလွန်းလှ၏။

အသားက ဖြူဝင်းမွတ်လျက်၊ ရုပ်ရေရူပကာမှာလည်း ယမင်းရုပ်ကလေးအလား ပြင်သူတိုင်း အသက်ရှူမှားရ၏။ ကိုယ်လုံးကိုယ်ပေါက်အချိုးအဆစ်ကလည်း ပြေပြစ်တင့်တယ် ကြွရုပ်ကလေးနှယ်။ ရှုမဝအလှပဂေး မိန်းမချင်းပင် ပြန်ငေးရ၏။

မျက်လုံးရွဲကြီးတွေက သောက်ရှုးကြယ်တစ်လုံးအလား ရွှန်းလဲ့တောက်ပကာ ဖိုသတ္တဝါတွေကို ညှို့ယူဖမ်းစားနေ၏။

ဤသို့ဖြင့် အလှဘုရင်မကလေးမေချန်း၏ ဂုဏ်သတင်းမှာ မြို့တစ်ခွင်နယ်တစ်ဝိုက် ကျော်ကြားခဲ့ရသည်။ မိန်းမလှကလေးတွေအကြောင်း ပြောမည်ဆိုလျှင် မေချန်းက ထိပ်ဆုံးက မပါမပြီး။ မေချန်းမပါလျှင် အလှပွဲ့မမြောက်သလောက်အထိ ဖြစ်နေခဲ့ရ၏။

ထိုအချိန်က မေချန်းအသက်က တစ်ဆယ့်ရှစ်နှစ်သာ ရှိသေး၏။ အလှပန်းပွင့်စ၊ လှပြီးရင်းလှနေချိန်ဖြစ်သဖြင့် လူပျိုကာလသား အားလုံးတို့၏ အသည်းကျော်ကလေးဟု ဆိုရမည်။



မချန်းကိုမှ မမြင်ရလျှင် သေမတတ်ရူးမတတ်ဖြစ်နေရသူတွေ တစ်ပုံကြီးရှိသလို၊ မချန်းအချစ်ကိုရဖို့ သူ့ထက်ငါဦးအောင် အလုအယက်ကြိုးစားနေခဲ့ပြန်သည်။

အောင်သွယ်မိန်းမကြီးတွေအဖို့ တစ်သက်လုံးမှာ အဲ့သလောက် အလုပ်များရတာ မရှိခဲ့ပေ။

ဟိုလူက ကယ်ပါဦး၊ ဒီလူက ကူပါဦးနှင့် မချန်း၏အိမ်ကို ချောင်းပေါက်မတတ် အစုန်အဆန်ပြေးနေခဲ့ကြရသည်။

သို့သော် သူတို့က လျှာထွက်အောင် ဆွယ်တရားဟောကြပေမယ့် မချန်းကတော့ ဘယ်ယောက်ျားကလေးကိုမှ စိတ်မဝင်စားခဲ့ပါ။ အပျိုစင်ဘဝကိုပင် မြတ်နိုးခုံမင်လျက်၊ ငှက်ငယ်တစ်ကောင်လို လွတ်လပ်ပျော်ရွှင်စွာ နေနေမိ၏။

မချန်းတို့အိမ်နှင့် မနီးမဝေးတွင် အီဖူးဆိုသော လူငယ်တစ်ယောက် ရှိသည်။ အီဖူး၏ဖခင်မှာ ပယောဂဆရာကြီးဖြစ်၏။ သို့သော် အောက်လမ်းပညာတတ်ကျွမ်း၍ ပြုစားတတ်သောမှော်ဆရာကြီးအဖြစ် အရပ်ထဲတွင် သတင်းကြီး၏။

အထူးသဖြင့် ပီယဆေးစီရင်ရာ၌ အစွမ်းထက်လှသည်ဟု ဆိုကြသည်။ လူပျိုအပျိုဖြစ်စေ နှစ်နှင့်ချီ၍ ကွဲကွာနေသောလင်မယားများပင် ဖြစ်စေ၊ အီဖူးအဖိုး၏ ပညာနှင့်ဆိုလျှင် ရက်ပိုင်းအတွင်း ချစ်ကြိုက်ပေါင်းသင်းလေ့ ရှိကြသောဟူ၏။

ပထမတော့ မချန်းကို အသည်းအသန်ကြိုက်ခဲ့သော အီဖူးသည်လည်း အများနည်းတူပင် အောင်သွယ်မိန်းမကြီးတစ်ဦးထံ ချဉ်းကပ်၍ ချစ်ခွင့်ပန်ဖို့ကြိုးစားခဲ့၏။

အီဖူးထက် အဆပေါင်းများစွာသာသူတွေကိုပင် အရေးမစိုက်ခဲ့သော မချန်းက အီဖူးလို ပေါကြောင်ကြောင်တစ်ယောက်က ချစ်လှချည်ရဲ့ဆိုလာသည့်အခါ အားရပါးရကြီးပင် လှောင်ရယ်မိ၏။

သို့ပေမယ့် အောင်သွယ်မိန်းမကြီးက အဖြစ်အမှန်ကို ပြန်မပြော။ မေချန်းကလည်း ဒီဖူးကို တိတ်တဆိတ်ကြိုက်နေပါသတဲ့ဟု လိမ်ညာပြောခဲ့သည်။

ထုံးစံအတိုင်း စားကောင်းသောက်ကောင်းအောင် အောင်သွယ်ကြီးက ဖြီးဖျန်းခဲ့သမျှ ဒီဖူးက အဟုတ်ကြီးမှတ်ပြီး သိန်းထီပေါက်သလိုဝမ်းသာသွား၏။ သို့နှင့်အမျှ မြို့နေလူငယ်ကာလသားအသိုင်းအဝိုင်း၊ အပေါင်းအသင်းတွေကို တစ်အိမ်တက်ဆင်းလိုက်ကြွားလေတော့သည်။

မေချန်းက သူ့အချစ်ကိုလက်ခံ၍ မကြာမီပင် လက်ထပ်ထိမ်းမြားတော့မည်ဟုပင် ပိုပိုမိုမိုကလေးထည့်ပြီး လက်သီးလက်မောင်းတန်း၍ ကြွေကြော်လိုက်သေး၏။

လူပျိုကာလသားအုပ်စုမှာလည်း ပရွက်အုံ တုတ်နဲ့ဆွလိုက်သလို အုံးအုံးကျွက်ကျွက်ဖြစ်သွားရာမှ တစ်ဆင့်စကား တဆင့်နားဖြင့် မေချန်းနှင့်သူ့မိဘများထံသို့ ထိုသတင်း ရောက်သွားလေ၏။

ဤတွင် မေချန်းတစ်ယောက် အကြီးအကျယ်ဒေါသူပုန်ထခဲ့ရတော့၏။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ အနူလက်နဲ့ ရွှေခွက်နှိုက်သလို၊ မတန်မရာတွေနှင့် မဟုတ်မဟတ်တွေ လျှောက်ပြောရပါ့မလားလို့ဆိုပြီး သူ့အမေကို ခုလိုပြောခဲ့သည်ဆို၏။

"အမေရာ။ ဒင်းလို ပေါကြောင်ကြောင် ပေမွှားတစ်ကောင်ကိုယူမယ့်အစား ခွေးတစ်ကောင်ကို အမြီးဖြတ်ယူလိုက်တာကမှ ကောင်းဦးမယ်"

စသဖြင့် ပျစ်ပျစ်နှစ်နှစ်ပစ်ပစ်ခါခါပြောခဲ့သော စကားများက ကာလသားသူငယ်ချင်းများ တဟားဟားနှင့် မြက်လုံးထုတ်၍ ရယ်လို့ဝပြီဆိုသည့်အဆုံး၌ ဒီဖူးနားသို့ ပေါက်သွားလေတော့သည်။

တောခွေးလောက်မှ အသုံးမကျသောဘဝဖြင့် အနှိမ်ခံရသောအီဖူးလည်း တစ်ကိုယ်လုံး လောင်မီးကျသလိုဆွေ့ဆွေ့ခုန်သွားရသည်။

ရှက်လည်းရှက် ဒေါသလည်းဖြစ်နှင့် မေချန်းအပေါ် ရန်ငြိုးကြီးဖွဲ့ကာ မေချန်းအိမ်ထဲသို့ဝင်၍ နှစ်ယောက်ချင်းတွေ့ပြီး ကိုယ်ထိလက်ရောက် စော်ကားရန်ပင်ကြံမိခဲ့လေ၏။

ထိုအတောအတွင်း မေချန်းကလည်း အီဖူးဝကျေမနပ်နှင့် ကလဲ့စားချေမည့်အန္တရာယ်ကို တွက်ဆမိပြီး သူ့ကို ပိုးပန်းနေသူတွေအနက်မှ အသင့်တော်ဆုံးလူကို ရွေးချယ်၍ အမြန်ဆုံးအိမ်ထောင်ပြုလိုက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

သို့နှင့်အမျှ သတို့သားလောင်းနှင့် မေချန်း၏မိဘများ ရွှေလမ်းငွေလမ်း အပြန်အလှန်ဖောက်ကာ နှစ်ဖက်သဘောကျမင်္ဂလာရက်သတ်မှတ်ပြီး ဖိတ်စာများပင် ရိုက်နှိပ်ဝေငှခဲ့လေတော့၏။

မေချန်း၏မင်္ဂလာသတင်းက အီဖူးအတွက် အမင်္ဂလာသတင်းဖြစ်သွား၏။ ဒေါသမီးဟုန်းဟုန်းတောက်ကာ လူစိတ်ပျောက်၍ ဘီလူးစိတ်ပေါက်သွားစေ၏။ ဘီလူးဒီပီ ဘီလူးက, ကပြီး "မေချန်း၏မင်္ဂလာပွဲကို မဖြစ်ဖြစ်တဲ့နည်းဖြင့် ဖျက်ဆီးပစ်မယ်ဟေ့" ကြိမ်းဝါးလိုက်၏။

ဤတွင်မကသေး။ မေချန်းမိသားစုနှင့် နီးစပ်သောလူတစ်ဦးအား အပြောခိုင်းလိုက်ပုံက မေချန်းအား သူတို့သဘောတူသူနှင့် ပေးစားမည်ဆိုပါက သူကလည်း သူ့အဖိုးကို ဖွင့်ပြော၍ ဝီယဆေး စီရင်နိုင်းမည်။ တစ်ချိန်တည်းမှာလည်း သူနှင့်မေချန်းတို့၏ကိုယ်မား ပုံတူ ဂဝ်ရုပ်ကလေးများကို ဖက်လျက်သားပြုလုပ်၍ မြေကြီးထဲမြှုပ်ကာ ဂါထာမန္တာန်တွေ စုပ်ပြီး မှော်သက်

သွင်းမည်။ သို့ဆိုလျှင် မေချန်းသည် စိတ်လည်ကာ သူမှသူရယ်လို့ တန်းတန်းစွဲဖြစ်ပြီး သူ့လက်ထဲ ရောက်လာမည်။

အကယ်၍ သူ့ကိုယူရန် သဘောတူပါက လက်ထပ်ပြီးသည်နှင့် ပြုစားမှုကို ရုပ်သိမ်းပေမည်။ ဆက်လက်ငြင်းပယ်နေဦးမည်ဆိုလျှင်တော့ သူ့အဖိုးကို ပြင်းထန်သထက်ပြင်းထန်စွာ ရှေ့တိုးပြီး ပြုစားခိုင်းခြင်းဖြင့် သွက်သွက်ခါရူးသွပ်လျက် အသက်ပင် သေဆုံးစေရမည်ဟူ၍ ကြောက်မက်ဘွယ်ရာ ခြိမ်းခြောက်လိုက်၏။

သူ့စကားတွေက တစ်လုံးမကျန် မေချန်းနှင့် မိဘများရှေ့တွင် ပြန်ပြောခဲ့ရသည်။

အီဖူးအဖိုး မှော်ဆရာကြီး၏ ကောက်ကျစ်ရက်စက်စွာ ပြုစားတတ်ပုံများကို ကြုံဖူးကြားဖူးသော မေချန်းတို့တစ်အိမ်သားလုံး ဖိန့်ဖိန့်တုန်သွားကြရ၏။

မျက်စိပျက်မျက်နှာပျက်နှင့် စိတ်သောက အကြီးအကျယ်ရောက်သွားကြရ၏။

သူတို့မိသားစုကို မကြာမီ ဖြိုလ်ဝင်တော့မည်ဟု နားလည်ခံစားလိုက်ရ၏။

အီဖူး၏ ရာဇသံနှင့် တောင်းဆိုမှုကို တလေးတစား မနာခံလိုကြလင့်ကစား အန္တရာယ်ကို ကာကွယ်သောအားဖြင့် မင်္ဂလာရက်ကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းပစ်လိုက်ကြသည်။

ထိုမှ တစ်လ နှစ်လကြာသည်အထိ ဘာမှမဖြစ်ခဲ့တော့။ မိဘမိသားစုတွေ အကြောက်ပြေပြီး ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့ကြ၏။

သို့သော် မေချန်းတစ်ယောက်ကတော့ နဂိုပကတိအတိုင်း ပြန်ဖြစ် မလာတော့ပါ။

မေချန်းခမျာ သိမ်မွေ့နူနယ်လှသော မိန်းမပျိုကလေး ပီပီ အသက်ကလည်း ငယ်၊ အသည်းကလည်း ငယ်မို့ အီဖူး ၏ ခြိမ်းခြောက်စကားများကို အလေးအနက် ယုံကြည်မိခဲ့သည်။

သည်ယုံကြည်စိတ်က စိုးရိမ်စိတ်အဖြစ် တစ်နေ့တစ်ခြား ရင့်သန်လာသည်။ အပြင်းအထန်နှိပ်စက်ခဲ့သည်။

စိတ်ထောင်းတော့ ကိုယ်ကြေဆိုသည့်အတိုင်း အအိပ် ပျက်အစားပျက် အိပ်မက်ဆိုးတွေ အကြိမ်ကြိမ်မက်ခဲ့ရာမှ တစ်စတစ်မှ မပျော်နိုင်တော့ဘဲ တမှိုင်မှိုင်တတွေတွေ တငိုငို တရှိုရှိုဘဝသို့ ရောက်ရလေတော့သည်။

သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်။ အီဖူးအကြောင်းကိုသာ အချိန်ပြည့်တွေးနေမိသလို မကောင်း ဆိုးဝါးကောင်ကြီးတစ်ကောင် ပူးကပ်ခံနေရသည့် ပယောဂဝေဒ နာသည်မကလေး ဖြစ်နေရတော့၏။

သူ့အမေက အရသာအရှိဆုံးချက်ပေးသော ထမင်းဟင်း ကို စားမယ်ကြံဆဲမှာပင် အီဖူးမျက်နှာကြီးနှင့် တဟားဟား ရယ်သံကြီးကို ကြားမိပြီး ကယောင်ကတမ်းလန့်အော်ကာ ပန်းကန် တွေကို လွှင့်ပစ်၍ ထွက်ပြေးမိသည်။

သူငယ်ချင်းတွေနှင့် ပြုံးပြုံးရွှင်ရွှင် ထိုင်စကားပြောနေ ရင်းတန်းလန်းမှ ပယောဂပူးလိုက်ပြီဆိုလျှင် မျက်နှာကလေး ညိုး သွားပြီး ကောက်ခါငင်ခါ ချုံးပွဲချငိုချင်ငိုသည်။

မကြာမီပင် မေချန်းတစ်ယောက် စိတ္တဇရောဂါသည် က လေးအဖြစ်ဖြင့် ပိန်ချုံးချိနဲ့သွားရှာလေတော့၏။

တစ်ခါတစ်ရံ ည သန်းခေါင်ကျော်ကြီး အိပ်ရာကလန့်နိုး ပြီး ငယ်သံပါအောင်အော်လား အော်ရဲ့။

စက်ချုပ်နေရာက ငိုပြီး ထပြေးလား ပြေးရဲ့။

မေချန်း၏အဖြစ်ကို သူ့မိဘတွေက ဆွေတွေမျိုးတွေ ခေါ်ပြသည်။ ဘယ်လိုလုပ်ကြမလဲ တိုင်ပင်သည်။

အားလုံးက **မေချန်းတစ်ယောက်** လူပြုစားခံနေရခြင်းဖြစ်ကြောင်း တညီတညွတ်တည်း ပြောကြ၏။

တစ်ချိန်တုန်းက ဖြိုးဖြိုးမောက်မောက်ကလေးနှင့် ချစ်စရာကိုယ်လုံးကလေးမှာ ဝါးခြမ်းပြားသာသာရှိတော့သည်။

လပြည့်ဝန်းကြီးကဲ့သို့ ဖွံ့ဝင်းနေခဲ့သောမျက်နှာကလေးမှာလည်း ညှိုးရော်ဖျော့ရော်လျက် တကယ့်လူမမာရုပ် ပေါက်နေတော့၏။

ပြုစားမှုကိုသာ အချိန်မီမကုနိုင်လျှင် လုံးပါးပါးရတော့မည့်အခြေအနေပင် ဖြစ်၏။

တစ်နေ့တစ်နေ့ အိပ်ရာပေါ်တွင် သစ်ငုတ်ကြီးလို စကားမပြောဘာမပြော တုံးကျိုဘာဝေလုပ်၍ ငူငူကြီးထိုင်နေရင်းက ကျန်းမာရေးမှာ ဆိုးသည်ထက်ဆိုးလာသည်။

သူ့အမေနှင့်အဖေက ဆေးဆရာတွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်ကု၏။ ဆေးတွေ တစ်ခွက်ပြီးတစ်ခွက် တိုက်၏။ ဒါပေမယ့် ဘာမှ အကြောင်းမထူး။

ထိုဆေးဆရာတွေကိုယ်တိုင်က အကြောင်းစုံသိပြီးသည့်နောက် မေချန်းတစ်ယောက် အောက်လမ်းနည်းဖြင့် အပြုစားခံရတာပဲ။ ပီယဆေးစီရင်ပြီး မြေမြှုပ်ထားသော ဖယောင်းရုပ်တွေနှင့် အတိုက်ခံရတာဟု သံယောင်လိုက်ပြောကြ၏။

မေဒင်ဆရာဆိုသူတွေနှင့် တွေ့တော့လည်း ပယောဂ လုပ်တာပဲဆိုပြီး ရေမန်းတိုက် ကုပြန်သည်။

သူတို့အစွမ်းသာ ကုန်သွားလည်း မေချန်းရောဂါကတော့ မသက်သာ။

မချန်း၏အဖြစ်ကို သူ့မိဘတွေက ဆွေတွေမျိုးတွေ ခေါ်ပြ
သည်။ ဘယ်လိုလုပ်ကြမလဲ တိုင်ပင်သည်။

အားလုံးက **မချန်းတစ်ယောက်** လူပြုစားခံနေရခြင်း
ဖြစ်ကြောင်း တညီတညွတ်တည်း ပြောကြ၏။

တစ်ချိန်တုန်းက ဖြိုးဖြိုးမောက်မောက်ကလေးနှင့် ချစ်
စရာကိုယ်လုံးကလေးမှာ ဝါးခြမ်းပြားသာသာရှိတော့သည်။

လပြည့်ဝန်းကြီးကဲ့သို့ ဖြူဝင်းနေခဲ့သောမျက်နှာကလေးမှာ
လည်း ညိုးရော်ဖြူရော်လျက် တကယ့်လူမမာရုပ် ပေါက်နေ
တော့၏။

ပြုစားမှုကိုသာ အချိန်မီမကုနိုင်လျှင် လုံးပါးပါးရတော့
မည့်အခြေအနေပင် ဖြစ်၏။

တစ်နေ့တစ်နေ့ အိပ်ရာပေါ်တွင် သစ်ငုတ်ကြီးလို စကား
မပြောဘာမပြော . တုံးကြိုဘာဝေလုပ်၍ ငူငူကြီးထိုင်နေရင်းက
ကျန်းမာရေးမှာ ဆိုးသည်ထက်ဆိုးလာသည်။

သူ့အမေနှင့်အဖေက ဆေးဆရာတွေ တစ်ယောက်ပြီး
တစ်ယောက် ခေါ်ကု၏။ ဆေးတွေ တစ်ခွက်ပြီးတစ်ခွက် တိုက်
၏။ ဒါပေမယ့် ဘာမှ အကြောင်းမထူး။

ထိုဆေးဆရာတွေကိုယ်တိုင်က အကြောင်းစုံသိပြီးသည့်
နောက် မချန်းတစ်ယောက် အောက်လမ်းနည်းဖြင့် အပြုစား
ခံရတာပဲ။ ပီယဆေးစီရင်ပြီး မြေမြှုပ်ထားသော ဖယောင်း
ရုပ်တွေနှင့် အတိုက်ခံရတာဟု သံယောင်လိုက်ပြောကြ၏။

မေဒင်ဆရာဆိုသူတွေနှင့် တွေ့တော့လည်း ပယောဂ လုပ်
တာပဲဆိုပြီး ရေမန်းတိုက် ကုပြန်သည်။

သူတို့အစွမ်းသာ ကုန်သွားလည်း မချန်းရောဂါကတော့
မသက်သာ။



မသာသည့်အပြင် ပိုဆိုးခဲ့ရပုံက အားလုံး၏ပြောသံတွေနှင့်
လုပ်ရပ်အားလုံးက သူ၏ကြောက်လန့်မှုကို ပိုသည်းစေခဲ့ခြင်းသာ
ဖြစ်၍ စိတ္တဇကို 'စိတ်နှစ်ဆ'ဖြစ်အောင် အားပေးရာသာ ရောက်
ခဲ့ကြ၏။

နောက်ဆုံးတော့ မချန်းခမျာ အိပ်ရာထဲ ပုန်းပုန်းလဲ
ခဲ့ရသလို မိဘတွေမှာလည်း ဘယ်လိုမှမတတ်နိုင်၊ လက်မှိုင်ချ
လျက် အဆိုးဆုံးအချိန်ကိုသာ စောင့်ကြည့်နေရသည့်ဘဝသို့ ဆိုက်
ခဲ့ရတော့သည်။

ထိုအချိန်ကာလမှာပင် အကျင့်သီလပြည့်စုံ၍ ကြည်ညို
ဘွယ်ရာကောင်းလှသော ဘုန်းကြီးအိုကြီးတစ်ပါးသည် ကပ္ပိယ
တပည့်ငယ်တစ်ယောက်နှင့်အတူ ခရီးလှည့်လာရာမှ၊ မချန်းတို့
အိမ်အနီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ခေတ္တတည်းခို
နေခဲ့၏။

ဆရာတော်ကြီး ကြွလာကြောင်း သတင်းကြား၍ မချန်း
၏ မိဘနှစ်ပါးအပါအဝင် မြို့နီးချုပ်စပ်မှ ဒကာဒကာမများ သွား
ရောက်ဖူးမြော်ကြသည်။ ဆွမ်း ကွမ်း လှူဘွယ်ပစ္စည်းများ
ဆက်ကပ်ရင်း ဓလေ့ထုံးစံအတိုင်း လိုရာဆုတွေ တောင်းကြသည်။

တစ်ချို့က အဆုံးအမ ခံယူကြသည်။ တစ်ချို့က မေတ္တာ
ခံယူကြ၏။ တစ်ချို့က အန္တရာယ်ကင်းပရိတ်ရေ တောင်းကြ
သည်။

မချန်း၏ မိဘများအလှည့်တွင်မူ သမီးကလေး၏အဖြစ်
ဆိုးကို လျှောက်ထားပြီး ပရိတ်မေတ္တာရေများ ချီးမြှင့်ပါရန်
ပန်ကြားသည်။

ဆရာတော်ကြီးလည်း ဂရုတစိုက်နားထောင်ပြီး သိချင်
တာလေးတွေ ကြားဖြတ်မေးမြန်းရာက ဇာတ်လမ်းအစမှအဆုံး
တိုင် သိရှိသွား၏။

ဆရာတော်ကြီးမှာ ဗုဒ္ဓစာပေကျမ်းဂန်များကို ကျွမ်းကျင်ပြီးသား ပရိယတ္တိ စာတတ်ပုဂ္ဂိုလ်တစ်ပါးဖြစ်သလို ပညာဉာဏ် ဗဟုသုတ စူးရှထက်မြက်သူတစ်ဦးပီပီ အဖြစ်မှန်ကို တန်းခနဲ ရိပ်စားနားလည်လိုက်သည်။

တကယ်စင်စစ် မေချန်းမှာ ဘာ ပယောဂ၊ ဘာပြုစားချက်ကြောင့်မှ အသည်းအသန်ဖြစ်ခဲ့ရတာ မဟုတ်။ ယုံကြည်မှုများ၊ အယူအဆလွဲ၍ ဉပါဒါန်အစွဲတပ်ပြီး ဒုက္ခရောက်နေခြင်းသာ ဖြစ်ကြောင်း အရှင်းသားသိမြင်လိုက်၏။

ပြီးတော့ ဗေဒင်ဆရာ၊ နတ်ဆရာ၊ ပရောဂဆရာတွေ၏ ဂါထာမန္တန်ဆိုတာတွေကလည်း လူတွေကို ကောင်းအောင် ဆိုးအောင် တကယ်တမ်းမလုပ်နိုင်ကြောင်း၊ အလိမ်အညာတွေသာ များကြောင်းလည်း သဘောပေါက်ထား၏။

သူတို့၏ လိုမ့်လုံး ညာလုံး ဖြီးလုံး ဖျန်းလုံးများက မေချန်းအတွက် ပေါ့စေလိုလို့ ကြောင်ရှပ်ထိုး၊ ဆေးအတွက်လေး ဆိုသကဲ့သို့ အခြေအနေ ပိုဆိုးအောင်သာ တွန်းပို့စေခဲ့ကြောင်းပါ တွက်မိ၏။

သို့ရာတွင်

"ဒါပေမယ့် ငါသိထားတဲ့အတိုင်း ဒီ ဉာဏ်နည်းတဲ့လူတွေကို ပါးစပ်ကပြောပြရုံနဲ့ ပြီးမှာမဟုတ်ဘူး။ သူတို့ဟာ ရိုးရာဓလေ့အမှားတွေနဲ့ ကလေးဆန်တဲ့အသိတရားကို ပေါင်းစပ်ပြီး မိုက်မဲနေကြတာကလား။ အဲ၊ ငါ ဖွင့်မပြောလို့ ဒါမှမဟုတ် ဘာတစ်ခုမှ လုပ်မပေးလို့ရှိရင်လည်း ဒီသူငယ်မကလေး ရေတိမ်နစ်ပြီး သေရတော့မယ်။ ဒီတော့ သူ့အသက်ကို ကယ်နိုင်မယ့်နည်းလမ်းတစ်ခုတော့ ငါ ကြံဆရတော့မှာပဲ"

ဆရာတော်ကြီးက မတုန်မလှုပ် ငြိမ်၍စဉ်းစားခဲ့ရာမှ အကြံကောင်းရလိုက်သည်နှင့် မေချန်းမိဘများအား အမိန့်ရှိလိုက်၏။

"အင်း။ ခုအတိုင်းဆိုရင် ဒကာကြီးတို့ သမီးကလေးခမျာ အပြုစားခဲ့ရတာ ကြာတောင်ကြာမှုပဲ။ သူ့အခြေအနေက ကျုပ်မေတ္တာပို့ရုံ၊ ရေစင်ဖျန်းပေးရုံနဲ့ ရမှာမဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် အိမ်ကိုကြွပြီး ကုသပေးမှ ဖြစ်တော့မှာကိုး"

ပြောရင်းတန်းလန်းက ဒကာတွေကို အကဲခတ်သည်။ စိတ်ဝင်တစားအားတက်သွားသည်ဆိုမှ စကားကို ဆက်၍

"ဒကာကြီးတို့ကတော့ ဒါတွေ နားလည်မှာ မဟုတ်ဘူး။ ကျုပ်ကတော့ နှစ်ပေါင်းများစွာ ဒီလို ပယောဂတွေအမျိုးမျိုးကို အစွဲချွတ်ပြီးကုသပေးတာ မနည်းတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ပယောဂပိဇ္ဇာလို့တောင် ခေါ်လောက်ပါရဲ့။ ကျုပ် ကြွားတာ မဟုတ်ပါဘူး။ ပကောင်းဆိုးဝါးမိစ္ဆာတွေ၊ စုန်းတစ္ဆေဆိုတာတွေနဲ့ ပြိုင်ခဲ့ပေါင်းလည်း များလှပြီ။ ပြိုင်တိုင်းလည်း ကျုပ် အနိုင်ရတာချည်းပါပဲ။ ခုလည်း ကျုပ်ရဲ့ မဟာဂန္ဓာရီပညာရပ်နဲ့ မြေမြှုပ်ထားတယ်ဆိုတဲ့ ဝဲရုပ်တွေကိုဖော်ပြီး အနှောင့်အယှက် ကင်းရှင်းအောင် လုပ်ပေးမယ်။ ဘာမှ မပူနဲ့"

ဆရာတော်ကြီး၏စကားကြောင့် မေချန်းမိဘများနှင့် မိတ်ဆွေများက မေချန်းကို ဆရာတော်ကြီးလက်သို့ အပ်ပါကြောင်း ဝမ်းသာအားရ ဦးခိုက်လျှောက်ကထားကြ၏။

သို့ဖြင့် ဆရာတော်ကြီးက အမိန့်ရှိပြန်သည်မှာ. . .

"အိမ်း။ ဒါဆိုရင်ဖြင့် ကျုပ် ဆွမ်းစားပြီး အနားယူလိုက်ဦးမယ်။ ညနေကျမှ ဒကာတို့အိမ်ကို ကြွခဲ့မယ်။ ဒီကြားထဲမှာ ကြိုတင် ပြင်ဆင်ထားစရာရှိတာကလေးတွေ မှာလိုက်မယ်။ လော

လောဆယ် ပော့ဒီသပိတ်ကို **ယူသွား။ ရေကြည်ရေကောင်း** သန့်သန့်ကို အပြည့်ဖြည့်ပြီး၊ အိမ်ရှေ့ကွက်လပ်မှာ ချထားလိုက်။ ပြီးတော့ ပိတ်ဖြူအကောင်းစား တစ်စ။ အသစ်နော်။ အစွန်း အထင်း လုံးဝ မပါစေရဘူး။ အဲ့ဒီ ပိတ်ဖြူစနဲ့ သပိတ်ကို ဖုံး ထား။ ဖယောင်းတိုင် သုံးတိုင်လည်း အဆင်သင့်လုပ်ထား။ မှတ်မိတယ်ဆိုရင် စိတ်အေးလက်အေးပြန်ကြပေတော့"

မချွန်း၏မိဘများလည်း အိမ်သို့ အပြေးအလွှားပြန်၍ ဆရာတော်ကြီးမှာလိုက်သည့်အတိုင်း စီမံကြလေ၏။

ဆရာတော်ကြီးက မချွန်းရောဂါကို ကုသပေးမည် ဟူ သောသတင်းကို တောမီးများပမာ တစ်မဟုတ်ချင်းပျံ့နှံ့သွားရာမှ အိမ်နီးချင်းများသာမက မြို့သူမြို့သားအချို့ပါ မချွန်းတို့အိမ် ရှေ့သို့ စုရုံးရောက်လာကြသည်မှာ အယောက် တစ်ရာခန့်ပင် ရှိတော့မည်။

လူအားလုံးက မြေမြှုပ်၍တိုက်ထားသော ပယောဂကောင် အရုပ်တွေကို ဘုန်းတော်ကြီးက ဘယ်သို့ဘယ်ပုံဖော်ထုတ်မည် လဲဟု သိချင်ဇောဖြင့် အစောကြီးကတည်းက လာကြည့်နေကြ ခြင်းလည်း ဖြစ်၏။

ဆရာတော်ကြီးကတော့ သူတစ်ပါးတည်း ကျန်ချိန်ကျမှ သူ့တပည့်ကျော်ကိုခေါ်ပြီး မချွန်းကို ကုသကယ်တင်ရေး အစီ အစဉ်ကိုထုတ်ပြောကာ သူ့တပည့် လုပ်ဆောင်ရမည့် အပိုင်းကို အသေအချာညွှန်ကြားခဲ့သည်။

ထို့နောက် ဆရာတော်ကြီးက ပျားဖယောင်းကို အပူ ပေး၍ မိန်းမနှင့်ယောကျ်ားသဏ္ဌာန် အရုပ်ကလေးနှစ်ရုပ် ပုံဖော်၏။ အရုပ်ကလေးများကိုလည်း သူ့တပည့် ကပ္ပိယကလေး ၏ လက်သည်းရှည်တွေကြားထဲ၌ ဝှက်လို့ရအောင် သေးသေး ငယ်ငယ်ကလေး လုပ်ခဲ့၏။

ညနေ နေဝင်ရီတရောကလေးမှာတော့ ဆရာတော်ကြီးနှင့် တပည့်ကပ္ပိယငယ်တို့ မေချန်းအိမ်ဝင်းဝသို့ ရောက်လာကြသည်။

အိမ်ရှေ့ကွက်လပ်က ထွက်ကြိုနေသော မေချန်းမိဘများနှင့်ဆုံပြီး ဖျာခင်းခိုင်း၍ သီတင်းသုံးတော်မူသည်။

ပြီးအပ်ချည်တစ်ခင်ကို တောင်းကာ ရွတ်ဖတ်သရဇ္ဈာယ်လျက် သိဒ္ဓိတင်၏။ စာရွက်ငယ်ကလေးရွက်ပေါ်၌ အင်းလိုလိုဘာလိုလို အကွက်ချရေးထိုး၏။ သစ်သားတိုင်ငယ် လေးတိုင်လုပ်စေ၏။ ထို့နောက် ပစ္စည်းများအား ကပ္ပိယကလေးကိုပေးကာ

"ကွက်လပ်အလယ်မှာ ဟောဒီ တိုင်လေးတိုင် သွားစိုက်။ သပိတ်တစ်လုံးစာ လေးထောင့်ကျကျစိုက်။ တိုင်တွေပေါ်မှာ ဒီစာရွက်ကလေးတွေ ညှပ်ထားပြီးရင် တိုင်လေးတိုင်ကို ဒီပရိတ်ချည်တွေနဲ့သွယ်တန်းပြီး ချည်လိုက်၊ ချည်ပင်စကို ငါ့ လက်ထဲ လာထည့်"

ဟု **အမိန့်ရှိ**လိုက်၏။

**ကပ္ပိယလည်း** ဆောင်ရွက်ပြီးသောအခါ မေချန်း၏အဖေအား **ရေပြည့်သပိတ်**ကို သွားယူခိုင်းလိုက်ကာ ပရိတ်ကြိုးတားထားသော လေးတိုင်ကွက်အလယ်၌ သွားချထားစေ၏။

မသွားခင်မှာတော့. . .

"သေသေချာချာ နားထောင်ဦး ဒကာကြီး။ ဒကာကြီးရေထဲမှာ အမှိုက်တွေ အနည်အမှုန်တွေ ကင်းရဲ့လား။ အနီးကပ်ကြည့်ဦးနော်။ ဒါမှ ဂဝံရုပ်တွေ ပေါ်လာတဲ့အခါ ထင်ထင်ရှားရှားတွေ့ရမှာ။ ကျေနပ်ပြီဆိုရင်တော့ အဝတ်ဖြူအုပ်ပြီး သွားချထားလိုက်ပေတော့"

မချန်းအဖေက ခိုင်းသလိုလုပ်ပြီးနောက် ဆရာတော်ကြီးက ဖယောင်းတိုင်တစ်တိုင်ကို မီးညှိကာ သပိတ်နှုတ်ခမ်းတစ်နေရာမှာ ထွန်းညှိလိုက်ပြန်သည်။

ထို့နောက် အိမ်ပေါ်ထပ်ရှိ သမီးမချန်းကို သွားခေါ်ခိုင်း၍ သပိတ်ရှိရာနှင့် ဆရာတော်ထိုင်ရာအကြား မလှမ်းမကမ်းၨ ကြည့်နေစေ၏။

အားလုံးပြင်ဆင်ပြီးသောအခါ ဆရာတော်က ချည်လုံးကိုဆုပ်ကိုင်လျက် တတွတ်တွတ်နှင့် ပရိတ်မေတ္တာတွေ ရွတ်တော့သည်။

မိဘဆွေမျိုးများနှင့် မချန်းအပါအဝင် ညှိပရိသတ်များက စိတ်အားထက်သန်စွာ မျက်တောင်မခတ်တမ်းပင် ငေးကြည့်နေမိကြ၏။

ဆရာတော်၏ ဌာန်နှင့် မာန်နှင့်လုပ်ရပ်က သူတို့ကို ထူးခြားသော ယုံကြည်အားကိုးမှုကြီးတစ်ရပ် ဖြစ်ပေါ်စေသည်။

သူတို့တွေ့ခဲ့သမျှ ဆေးဆရာ၊ ဗေဒင်ဆရာ၊ ပယောဂဆရာဆိုသော ဆရာပေါင်းစုံတို့ထက် အစွမ်းထက်ပုံရကြောင်းလည်း အကဲခတ်မိကြ၏။

ပရိသတ်၏မျက်လုံးများက ဆရာတော်ဆီတွင် တစ်လှည့်၊ ပရိတ်အိုးတွင် တစ်လှည့် ကူးလူးငေးမောရင်းမှ အံဖွယ်ရာတစ်ခုခုပေါ်မည့်အချိန်ကို ရင်တဖိုဖိုဖြင့် စောင့်စားနေမိကြသည်။

မချန်းကိုယ်တိုင်လည်း စိတ်ပျက်အားငယ်နေသည့်ကြားမှ မျှော်လင့်ချက်ရောင်ခြည်ကလေး မျက်နှာပေါ်သမ်းနေသယောင်ယောင် ဖြစ်လာသည်။

ဤသည်မှာ တန်ခိုးရှင်တို့ကို အားကိုးသော လူ့သဘာဝပင် မဟုတ်ပါလား။

ဖယောင်းတိုင် တစ်ဝက်ကျိုးသည့်တိုင်အောင် ဆရာတော်ကြီးက အသံတိတ်ဆုတောင်းနေခဲ့ရာမှ ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်ပြီး မေချန်း၏မိသားစုကို သူ့ပတ်လည်တွင် စုရုံးစေလိုက်သည်။

ပြီးတော့. . .

"ဒီကိစ္စမှာ လူပြုစားခံရတယ်ဆိုတာ ဘာမှ သံသယဖြစ်စရာ မလိုတော့ဘူး။ သေချာသွားပြီ။ မှော်ဆရာက သမီးရဲ့ ပုံတူရုပ်ကို ယောက်ျားရုပ်တစ်ရုပ်နဲ့အတူ သင်္ချိုင်းမြေမှာ မြှုပ်ပြီး အစိမ်းတိုက်ထားတာပဲ။ အတော်အဆင့်မြင့်တဲ့ အောက်လမ်းပညာပဲပေါ့။ ဒါပေမယ့် မစိုးရိမ်ပါနဲ့။ အဆုံးမှာ ကျုပ် အနိုင်ရမှာပါ။ စိတ်ရှည်ရှည်နဲ့ စောင့်ကြပါ။ ဒီကြားထဲမှာ ဒကာကြီးတို့သမီးကို ထမင်းကလေးဘာကလေး ကျွေးထားပါဦး။ ကျုပ်စိတ်ထင်တော့ သူဟာ ကောင်းကောင်း ထိုင်စားနိုင်မယ် အောက်မေ့တာပဲ"

ဆိုပြီး မေချန်းဘက်လှည့်ကာ. . .

"ဘာမှ မကြောက်နဲ့ သမီး။ ဘုန်းဘုန်းကို ယုံနော်။ မကြာခင် သမီးကိုတိုက်ထားတဲ့ အရုပ်တွေကို အမိဖမ်းပြမယ် သိလား"

ဟု အားပေးခဲ့ပြန်သည်။

သည်စကားတွေက စိတ်ဝေဒနာရှင် မေချန်းအတွက် ဆေးတစ်ဖုံဖြစ်ခဲ့သလို ရောဂါမှ သက်သာရာ ရစေခဲ့၏။ အထူးတလည်ချက်ပြုတ်လာသော ထမင်းဟင်းများကိုပင် တစ်ချို့တစ်ဝက် စားလိုက်နိုင်၏။

ဆရာတော်ကြီးက လိုအပ်သလောက်ပြောဆိုပြီး မျက်စိစုံမှိတ်ကာ ဖယောင်းတိုင်တစ်တိုင် ကုန်သည်အထိ စိတ်ထဲက ရွတ်ပွားသရဇ္ဈာယ်နေပြန်သည်။

ထို့နောက် မျက်စိကို ပြန်ဖွင့်ကြည့်ကာ မေချန်း၏ အဖေအား သပိတ်နားသို့ အသာသွား၍ ဖုံးထားသောပိတ်စကို လှန်ကြည့်ရန် လက်ဟန်ခြေဟန်ဖြင့် ပြောလိုက်၏။ ပရိတ်သတ်ကလည်း စိတ်ဝင်စားခြင်းကြီးစွာ ဝိုင်းအုံလာကြ၏။

မေချန်း၏အဖေလည်း သပိတ်နားကပ်၍ အဝတ်ဖြူကို လှစ်ကြည့်လိုက်ပြီး ပြန်အော်ပြောလိုက်သည်။

"သပိတ်ထဲမှာ ဘာမှ မရှိဘူးဘုရား။ ဘာအရုပ်မှလည်း တပည့်တော် မတွေ့ရဘူး"

လူအုပ်ကြီးလည်း ရှဲခနဲ နောက်လန်သွားကြ၏။

မေချန်းခမျာလည်း စိတ်ပျက်အားလျော့ကာ ခွေကျသွားရှာ၏။

ဆရာတော်ကြီးက သူ့ကို လှမ်းပြော၏။

"တောက်။ ဘယ်လောက်တောင် ခေါင်းမာလိုက်တဲ့ ပရောဂကောင်လဲလို့။ မာစမ်းပါစေ၊ စွမ်းစမ်းပါစေ။ မကြာခင် ဘုန်းဘုန်းကို သူ အရှုံးပေးရမယ်။ သူတော်ကောင်းဟာ သူယုတ်မာကို နိုင်ရစမြဲပဲ။ ကောင်းမှုဟာ မကောင်းမှုကို အောင်မြင်နေကျပါ"

ပြောပြောဆိုဆိုနှင့် ဒုတိယဖယောင်းတိုင်ကို မီးညှိလိုက်ရာမှ တပည့်ဖြစ်သူ ကပ္ပိယကလေးအား စောစောကလို သပိတ်နှုတ်ခမ်းပေါ်မှာ စိုက်ခိုင်းလိုက်ပြန်၏။

ဆရာတော်၏အမိန့်ဖြင့် ကပ္ပိယကလေးလည်း ဖယောင်းတိုင်ကိုစိုက်ရန် သပိတ်ကိုဖုံးထားသော ပိတ်စကို ဖွင့်ရသည်။ ထိုသို့ ဖွင့်ရင်းဖြင့် လက်သည်းကြားတွင် ဝှက်ထားသော များဖယောင်းရုပ်ကလေးများကို ရေထဲသို့ နောက်လက်သည်းဖြင့် ကော်ထည့်ခွင့် ရလိုက်၏။

သူ့လုပ်ချက်က ပိရိလျင်မြန်လှသလို၊ ဘာသံမှမကြားလိုက်ရသဖြင့် **မရိုးသတ်**တွေက လုံးဝ မရိပ်မိလိုက်ပါချေ။ ထို့နောက် **သပိတ်မှတ်ခြမ်းများ**မှာ ဖယောင်းတိုင်ကို ခပ်ပေါ့ပေါ့ကလေးစိုက်**ခဲ့ပြီး ဆရာတော်**ကြီးနားသို့ ပြန်လာထိုင်နေလိုက်၏။

**ဆရာတော်**ကြီးကတော့ မျက်စိစုံမှိတ်ပြီး ဘုရားစာတွေ **ရွတ်ဆော်နေဆဲ** ဖြစ်၏။

**ထို့နောက်** မျက်စိကလေး ခတ်မှေးမှေးလုပ်၍ မသိမသာ **ခိုးကြည့်နေခဲ့**သည်။

**ထို့ကြောင့်** ကပ္ပိယကလေး မခိုင့်တခိုင် တမင် စိုက်ထွန်း**ထားခဲ့သော ဖယောင်း**တိုင်က ယိုင်ပြီး ပိတ်စကို ပေါက်အောင်ပီးစွဲ**လောင်ခဲ့သည်ကိုလည်း** တွေ့မြင်ခဲ့၏။

သည်**အခါ ဆရာတော်**ကြီးက တိုင်တွေနှင့်ဆက်ချည်ထားသော သူ့လက်ထဲက ချည်ခင်ထုံးကို မသိမသာလှုပ်ပေးခြင်းဖြင့် တိုင်တွေကို သိမ့်သိမ့်တုန်ခါစေလိုက်ရာမှ မျက်လုံးဖွင့်ကြည့်ပြီး ကျယ်ကျယ်လောင်လောင်အသံပြုလိုက်၏။

"ဟော။ ကြည့်ကြစမ်းဟေ့။ ပယောဂကောင်တွေ ရောက်လာပြီ။ သူတို့ရောက်လာတဲ့အရှိန်ကြောင့် ဖယောင်းတိုင်တောင်လဲသွားရပါလား။ ကဲ ကဲ။ ဒီကောင်တွေ သပိတ်ထဲက ရေအောက်မှာ ရောက်နေတာ တွေ့ကြရလိမ့်မယ်။ သွားကြည့်ကြ"

မချန်းမိဘများက ထိပ်ဆုံးက ပြေးကြည့်ကြ၏။ **မချန်း**အဖေက ကြည်လှဲ့နေသောရေထဲက ဖယောင်းရုပ်ကလေးများကို တွေ့လိုက်ရပြီး ဝမ်းပန်းတသာကောက်ယူ၍ လူအားလုံး တွေ့အောင် မြှောက်ပြလိုက်သည်။

"တွေ့ပြီဟေ့၊ တွေ့ပြီ။ တို့ကို ဒုက္ခပေးခဲ့တဲ့ အရုပ်နှစ်

ကောင်း။ ဆရာတော်ဘုရားရဲ့ကျေးဇူးနဲ့ ဖပ်းခေါ်လိုက်နိုင်တာ ပဲကွ"

အားလုံးပျော်သွားကြသည်။

ပရိသတ်တွေက သူထက်ငါ တိုးဝှေ့ကြည့်ကြသည်။

မချန်းကိုယ်တိုင်လည်း အားရဝမ်းသာဖြင့် လူတွေ ခေါင်းပေါ်မှကျော်၍ ခြေဖျားထောက်ကြည့်ဖို့ ကြိုးစားသည်။

သူ့အဖေက လူအုပ်ကို ထိုးဖောက်ပြီး သမီးအား ကျေနပ်အောင် ပြသည်။ ဆရာတော်ဘုရားလက်ထဲသို့ လာအပ်သည်။

ဆရာတော်ကြီးက ပြာတွေပေနေသော ဓာတ်ရုပ်မောင်နှံကို ပရိတ်ရေဖြင့်ဆေးကြောပြီး သိမ်းဆည်းလိုက်သည်။

မချန်းခေါင်းပေါ်ကိုလည်း ပရိတ်ရေတွေ ဖျန်း၍ ပရိတ်ချည်တွေကို လည်တွင်ဆွဲဆင်ပေးသည်။

ပြီးတော့ . . .

"ကဲ။ ဘာဘုန်း မပြောဘူးလား။ ဒီပယောဂကောင်တွေ လောက်တော့ အသာကလေးနိုင်ပါတယ်လို့။ ခုအချိန်က စပြီး သမီးငယ် အပေါ်မှာ လွှမ်းမိုးထားတဲ့ကျိန်စာတွေ၊ ပဥ္စလက် တန်ခိုးတွေ ပျက်ပြယ်သွားပြီ။ ငါ့သမီးကလေး အပြုစားခံဘဝက လွတ်ပြီ။ ပြီးခဲ့တဲ့အိပ်မက်ဆိုးတွေကို မေ့ပစ်လိုက်တော့။ ရှေ့ လျှောက် ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာ နေပြီး သမီးကလေး ချစ်ခင်တဲ့ဖူးစာရှင်ကို ယူပေတော့"

မချန်းလည်း လှပသောအပြုံးကလေးနှင့် လက်အုပ်ချီ လျက်က ဆရာတော်၏ခြေရင်းကို ဝပ်စင်းကာ ပီတိမျက်ရည် များဖြင့် ပူဇော်ကန်တော့ရှာသည်။

တစ်ပြိုင်တည်းမှာပင် သူ့ကိုယ်ပေါ်တွင် ကပ်ငြိနေသော ဥပါဒါန်ဝေဒနာရောဂါတွေ မှန်သမျှ ပျောက်ကင်းသွားသလို

စိတ်သစ်လူသစ် ခွန်အားသစ်တွေဖြင့် ပြည့်ဖြိုးလန်းဆန်းလာသည်။

မကြာမီပင် အစားအသောက်တွေ ကောင်းကောင်းမှန်မှန် ပြန်စားနိုင်ပြီး အသားအရေလည်း နဂိုနေသို့ စိုပြည်လှပလာသည်။

ထိုနောက်တော့ လက်ထပ်မည့်ဆဲဆဲ လွဲရတော့မလို ဖြစ်ခဲ့ရသော ဖူးစာရှင်သတို့သားနှင့် လက်တွဲပြီး မင်္ဂလာအောင်ပွဲ ခံခဲ့ရလေတော့သတည်း။

**ဆင်ခြင်ရန်**။ ။ ၁။ ခြောက်တိုင်းလည်း မကြောက်နဲ့။
သူများယောင်တိုင်းလည်း မယောင်နဲ့။
၂။ အပယ်မှား၊ အမှတ်မှား၊ ဥပါဒါန် အစွဲမှားလျှင် ဒုက္ခရောက်တတ်သည်။
၃။ စိတ်တံခိုးဟူသည် မိမိကိုယ်ထဲမှာလည်း ရှိသည်ဟု ယုံကြည်ပါ။
ကိုယ်ကျန်းမာအောင်နေ၍ စိတ်ချမ်းသာအောင် ပျော်ပျော်ရွှင်ရွှင် ထားပါ။
ဘာကြောင့်ဖြစ်ဖြစ် စိတ်အညစ်မခံပါနဲ့။

☺



# ဇာ်ကြမ္မာမျက်လှည့်

ဇာ်ကြမ္မာ၏ သားကောင်အဖြစ်မှ ဘယ်သူမှ ရှောင်ပြေးလို့မရပါ။

(တိုင်းအေးဆု)

လွန်လေပြီးသောနှစ်ပေါင်းများစွာ ၁၅ရာစုခန့်က အတော်အတန်ကြွယ်ဝချမ်းသာသော မုဆိုးမကြီးနှင့် တစ်ဦးတည်းသောသားတို့သည် ဆူပန်ဘူရီမြို့၌ နေထိုင်လျက်ရှိကြ၏။

သား၏အမည်မှာ နိုင်ပရာဆော့ဖြစ်၍ သူသည် မိခင်ကြီး၏ဆန္ဒအရ မိဘကျေးဇူးဆပ်သောအားဖြင့် ရဟန်းဘောင်သို့ ဝင်ရန် သဘောတူခဲ့လေ၏။

သို့ဖြင့် ရှင်ပြုရဟန်းခံပွဲကျင်းပ၍ နိုင်ပရာဆော့အား ဝတ်ဖြူစင်ကြယ်ဆင်ယင်ပြီး သူ့မိခင်ကြီးက ဦးဆောင်လျက် ဆွေမျိုးမိတ်သင်္ဂဟများပါ စီတန်းလှည့်လည်ကာ ဘုန်းတော်ကြီးကျောင်းသို့ ရဟန်းလောင်းပို့ သွားခဲ့ကြသည်။ ဘုန်းကြီးကျောင်းအတွက်လည်း ဆွမ်းကျွေးလှူဒါန်းဖို့ စီစဉ်၏။

ရဟန်းလောင်းပို့သည့် ပရိသတ်ထဲတွင် သူဌေးမကြီး၏ အိမ်တော်ကျွန်တစ်သိုက်လည်း ပါဝင်ခဲ့ရာ အစေခံမတစ်ဦးမှာ နို့စို့သမီးကလေးအား ခါးထစ်ခွင်ချီလျက် လိုက်ပါလာခဲ့သည်။

ဘုန်းကြီးကျောင်းသို့ ရောက်ပြီးနောက် မနက်အလှူအတွက် ဝေယျာဝစ္စကူညီလုပ်ကိုင်ရန် သမီးငယ်အား ဘုန်းကြီးကျောင်းအောက်ထပ်တွင် ပုခက်ဆင်၍သိပ်ထားခဲ့၏။

ကျောင်းပေါ်မှာတော့ သူဌေးသားနိုင်ပရာဆော့သည် ပိတ်ဖြူဝတ်စုံဝတ် ဖိုးသူတော်ဘဝနှင့် မနက်တွင် သက်န်းဆီးရန် စောင့်စားနေရ၏။

ထိုအချိန်၌ပင် ဖြစ်ရပုံမှာ နာမည်ကျော်ဗေဒင်ဆရာကြီး တစ်ယောက်ကလည်း ကျောင်းထိုင်ဆရာတော်ကို လာကန်တော့ သည်နှင့် ကြုံသွား၏။

နိုင်ပရာဆော့က ဗေဒင်ဆရာကြီးကို မိတ်ဖွဲ့၍ သူ့အခန်း ထဲသို့ပင့်ပြီး ဇာတာကို စစ်ဆေးခိုင်း၏။ အနာဂတ်ကို ဟော ခိုင်း၏။ အထူးသဖြင့် သူနှင့် မင်္ဂလာဆောင်ရမည့် အိမ်ထောင် ဘက်သတို့သမီးအကြောင်းကို မေးမြန်း၏။

ဗေဒင်ဆရာကြီးကလည်း လိုအပ်သလို တွက်ချက်ပြီး အဓိကအားဖြင့် သုံးခွန်းသောစကားကို ဟောလိုက်၏။

တစ်။ နိုင်ပရာဆော့၏ ဇနီးသည် ကျွန်မတစ်ယောက်၏ သမီး ဖြစ်ရမည်။

နှစ်။ ဇနီးလောင်းမှာ ယခုအခါ နို့စို့အရွယ် ကလေး ဘဝသာ ရှိသေးသည်။

သုံး။ သူတို့လက်ထပ်ချိန်၌ သူ့ဇနီး၏ ကိုယ်ခန္ဓာ အောက်ပိုင်းမှာ အမာရွတ်ကြီးတစ်ခု ပါလိမ့်မည် ဟူ၍ ဖြစ်၏။

ဟောကိန်းသုံးခုကို အာမခံနှင့်ဟောပြီး ဗေဒင်ဆရာကြီး ပြန်သွား၏။

တစ်ယောက်တည်းကျန်ခဲ့သော နိုင်ပရာဆော့လည်း စိတ် မာတ်အကြီးအကျယ် ကျသွားပြီး၊ သောကမီးတောက်သွားရ သည်။ သူရမည့်မိန်းမက ကျွန်မသမီး ဖြစ်ရမည်ဆိုခြင်းအတွက် သူဌေးသားဟူသော သူ့ဂုဏ်အဆင့်အတန်းထက် ကွာခြားနိမ့်ကျ လွန်းလှသည်။

ဒါပေမယ့် သူက ဗေဒင်ပညာနှင့် ဗေဒင်ဆရာကြီး၏ အစွမ်းကို အထူးယုံကြည်သည်နှင့်အမျှ နိမိတ်ဖတ်လိုက်သော ဟောချက်ကို ဘယ်လိုမှမငြင်းသာအောင် လက်ခံလိုက်ရပြီ။

ထိုသို့ အတွေးတွေ ယောက်ယက်ခတ်၍ စိတ်ဒုက္ခရောက်နေရင်းမှ အခန်းကြမ်းပြင်ရှိအပေါက်ကြီးတစ်ခုမှ အောက်သို့ အမှတ်မထင်လှမ်းမြင်လိုက်ရသည်။

သူမြင်လိုက်ရသည်ကတော့ ပုခက်ထဲတွင် အိပ်မောကျနေသော ကျွန်မ၏နို့စို့သမီးကလေးပင် ဖြစ်ပါ၏။

သူ့အောက်တည့်တည့်ရောက်နေသော ကျွန်မ၏နို့စို့သမီးလေးကို တွေ့လိုက်သည်နှင့် ဗေဒင်ဆရာကြီးဟောသွားသော သူ့အတွက် သတို့သမီးလောင်းမှာ ဒါကလေး ဖြစ်မှာပဲဟု တပ်အပ် ယူဆလိုက်ပြီး တုန်လှုပ်ချောက်ချားသွားရပြန်သည်။

သည့်နောက်တော့ သူ့ဦးနှောက်ထဲသို့ စိတ်ရိုင်းစိတ်မိုက်တွေဝင်လာသည်။

"ဒင်းကလေးပဲ ဆိုတာတော့ သေချာပြီ။ ဆရာကြီးဟောတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဒီနို့စို့ကလေးက အနားမှာရောက်နေတာကိုး။ သူ့ကို ဒီအတိုင်း လွှတ်ထားလိုက်ရင်တော့ မင်္ဂလာဆောင်လောက်တဲ့အရွယ်အထိ ကြီးပြင်းလာလိမ့်မယ်။ ငါလည်း ဗေဒင်ဆရာကြီးဟောကိန်းအတိုင်း သူ့ကို ယူလိုက်ရတော့မယ်။ မဖြစ်ဘူး။ ကျွန်မသမီးကိုတော့ ငါ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး။ ကျွန်မျိုးနဲ့ ရတယ်ဆိုရင် ငါ ရှက်တာနဲ့ သေရလိမ့်မယ်။ ငါ့အမေနဲ့ ဆွေမျိုးတွေမျက်နှာကို ငါ ဘယ်လိုပြရမလဲ။ အေး။ ဘာပဲဖြစ်ဖြစ်၊ ခုလောလောဆယ် ငါကလည်း တစ်ယောက်တည်း။ ကလေးအမေလည်း မရှိဘူး။ ဘယ်သူမှလည်း မရှိတုန်း ဒီကလေးကို ဖျောက်ဖျက်ပစ်ဖို့ တစ်ခုခုတော့ ကြံမှပဲ"

နိုင်ပရာဆော့သည် လူယုတ်မာတစ်ဦး မဟုတ်သော်လည်း ဗေဒင်ကို အသည်းအသန်ထုံ၍ ဂုဏ်မက်သလို လှည့်စားတတ်သည့်ဉာဉ်ကလေးလည်း ရှိသူဖြစ်၏။

သို့ဖြင့် လက်လှမ်းမီရာ ရှာကြည့်ရာမှ အိမ်သုံးဓားပြားကလေးတစ်ချောင်းကို သွားတွေ့၏။

ထိုဓားပြားဦးဖြင့် ကြမ်းပေါက်တည့်တည့်အောက်ရှိ နို့စို့ကလေး၏ ရင်ဝသို့ တန်းနေအောင်ချိန်ပြီး လွှတ်ချလိုက်တော့၏။

ဒါပေမယ့် ကလေးအဖို့ သေကံမရောက် သက်မပျောက်ဆိုသလို ကြုံလိုက်ရ၏။

ကြမ်းပေါက်မှ ပစ်ချလိုက်သော ဓားမှာ လက်ကိုင်ရိုးနှင့်အပေါက်စွန်းခတ်မိပြီး အနည်းငယ်ယိမ်းထွက်သွားသည်။

ထို့ကြောင့် နဂိုချိန်သည့်အတိုင်း ပစ်မှတ်ကို မရောက်တော့။ ရင်ဝအစား ပေါင်ခြံကို သွားစိုက်၏။

အသက်ဘေးနှင့် ဝေးသွားလင့်ကစား ကလေးငယ်မှာအကြီးအကျယ် ဒဏ်ရာရသွားရရှာ၏။

ပြင်းထန်သောဝေဒနာကို ခံစားလိုက်ရာမှ စူးစူးဝါးဝါးတက်မတတ်ချက်မတတ် ထငိုသဖြင့် ကလေးအမေဖြစ်သူလည်းဘာများဖြစ်ပါလိမ့်မှဟု ကမန်းကတမ်းပြေးလာ၏။

သမီးကလေး၏ ပေါင်တွင် ဓားကြီးစိုက်လျက် သွေးအိုင်ထဲတွင် လူးလိမ့်နေသည့်အဖြစ်ကိုမြင်တော့ မျက်လုံးတွေ ပြာသွားကာ ဆောက်တည်ရာမရအောင် ဖြစ်သွားရရှာ၏။

ဘာ ဘယ်လို ဖြစ်တယ်ဆိုတာ မစဉ်းစားနိုင်ဘဲ လုပ်မိလုပ်ရာဆိုသလို ကလေးပေါင်မှ ဓားကို ဆွဲနှုတ်လျက် ကလေးကိုပွေ့ချီပြီး ပြေးခဲ့လေတော့သည်။

သူ့မိခင်သူဌေးမကြီးကိုတွေ့တော့ အကျိုးအကြောင်း ပြော

ပြီး ကလေးကိုပြခဲ့ရာမှ ကလေး၏ဒဏ်ရာကို ဆေးကြော၍ ဆေးထည့်ပြီး ပတ်တီးစည်းပေးခဲ့ကြသည်။

ဘုရားမ၍ ကလေးကလည်း ကျန်းမာရေးကောင်းသဖြင့် ခံနိုင်ရည်ရှိခဲ့သလို ဆေးဆရာနှင့် ဂရုတစိုက် ဆက်၍ ကုသပေးခဲ့ရာ တစ်လမျှမကြာခင် ဒဏ်ရာပျောက်ပြီး အမာရွတ်ကြီးသာ ကျန်ခဲ့လေ၏။

ထုံးစံအတိုင်း ဖြစ်ခါစမှာသာ ဆူဆူညံညံကလေးဖြစ်၍ ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။

ဒါပေမယ့် ကလေးအမေအဖို့တော့ သွေးအေးအေး ကျမှ အဖြစ်မှန်ကို အဖြေရှာမိသည်။

သည်တော့လည်း စေ့စေ့တွေး ရေးရေးပေါ်ဆိုသကဲ့သို့ တရားခံကို ခြေရာကောက်နိုင်ခဲ့၏။

တရားခံကတော့ အိမ်ကြီးရှင်သခင်မ၏သား။ သူဌေးသား။ ထိုညက ဖိုးသူတော် ဝတ်ထားသူ။ သူမှ သူ။ သူက ဗေဒင်ဆရာကြီးက ကျွန်မသမီးနှင့် ညားမည်၊ ယခုလောလောဆယ် နို့စို့နေသည်ဟူသော ဟောကိန်းကြောင့် အောက်ထပ်မှ လမီးငယ်ကို သတ်ဖို့ကြံခဲ့ခြင်းသာဖြစ်ကြောင်း ဆက်စပ်သိလိုက်ရပါပြီ။

ဒါဖြင့် သူ ဘယ်လို လုပ်မလဲ။

ဒီအမှုကို ဘယ်သူ့ တိုင်မလဲ။

ဆိုတော့လည်း သူ့ဘဝက အခိုင်းခံအစေခံ ကျွန်မဖြစ်၍ အောက်တန်းကျ မျက်နှာငယ်လှသလို သက်သေသက္ကာယ အခိုင်အမာလည်း ပြနိုင်တာ မရှိ။

သူဌေးသားကို မသက်သာကြောင်း သူဌေးကတော်ကြီးကို သွားတိုင်လို့လည်း ဖြစ်မှာမဟုတ်။

သူ့အတွက် လုပ်စရာ တစ်ခုပဲရှိသည်။

ဒါကတော့ လူသတ်သမားနှင့် ဝေးရာသို့ ရှောင်ပြေးဖို့ပဲ ဖြစ်၏။

အခွင့်ကောင်းကို စောင့်နေတုန်းမှာပင် ကံအားလျော်စွာ မိတ်ဆွေဟောင်းတစ်ယောက်နှင့် တွေ့သည်။

ထိုမိတ်ဆွေက သူ့ယောကျ်ား၏အကြွေးတွေနှင့် သူကိုယ်တိုင်အတွက် လျော်ကြေးငွေတွေစိုက်ပေးသဖြင့် သူဌေးကတော်၏ကျွန်ဘဝမှ လွတ်မြောက်ခွင့်ရခဲ့ရသည်။

သို့ဖြင့် သမီးငယ်နှင့် လင်မယားနှစ်ယောက် သူဌေးအိမ်မှထွက်၍ တစ်မြို့တစ်ရွာ ပြောင်းသွားကြ၏။ ပြောင်းသွားသည့် အချိန်မှစပြီး စုတ်စပြုပ်စုပျောက်ကာ ဘယ်ရောက်လို့ရောက်မှန်းမသိ။ အစအနရှာမရအောင် ပျောက်သွားခြင်းသာ ဖြစ်တော့၏။

နိုင်ပရာဆော့နှင့် သူ့မိခင် သူဌေးကတော်ကြီးတို့မှာ ကျွန်မမိသားစုသတင်းကို စုံစမ်းစနည်းနာသော်လည်း ဘာသတင်းမှ မရခဲ့ကြချေ။

သည်လိုနှင့် နှစ်ပရိစ္ဆေဒ ကြာညောင်းလာသည်။

ဖြစ်ရပုံမှာ။ သူဌေးကတော်ကြီးမှာ အသုံးအဖြုန်းကြီး၍ မုဆိုးမဘဝရောက်သည့်တိုင် သူဌေးကြီးရှိစဉ်ကအတိုင်း လက်ဖွာလက်ကြီးခဲ့သဖြင့် ပစ္စည်းဥစ္စာတွေ တဖြည်းဖြည်း ကုန်ဆင်းလာသည်။

ကံဇာတာနိမ့်ပြီဆိုတော့လည်း အကုသိုလ်က ဆက်တိုက်ဝင်တော့၏။

ရှိသမျှ အတွင်းပစ္စည်း လက်ကျန်ထုပ်ကလေးကို အိမ်ဖော်တစ်ချို့က ခိုးသွား၏။

ပစ္စည်းမရှိပြီဆိုတော့ တစ်ခြား ဒိမ်စေ ကျွန်တွေလည်း မနေတော့ဘဲ ရှောင်ပြေးကုန်ကြ၏။ သည်ကြားထဲ မွေးထားသော နွားတွေ မြင်းတွေ ကျွဲတွေလည်း ရောဂါရ၍ ပြုတ်ပြုတ်ပြုန်း ခဲ့ပြန်ချေပြီ။

သူဌေးကတော် မုဆိုးမကြီးခမျာ

ကြီးကောင့်ကြီးမကျမှ လက်ဖဝါးခြေဖဝါးသာ ကျွန်လျက် အားကိုးရာမဲ့ မွဲပြာကျဘဝသို့ ရောက်ခဲ့ရပါပကော။

သူဌေးကတော်ကြီး စီးပွားပျက်ကိန်း ဆိုက်ခံရခြင်းက ပဋိသန္ဓေဝင်နေသော နိုင်ပရာဆော့ကို လေ့လော့ရင်း တက်ကျိုး အမြှောက်ထိုးလိုက်သည်နှင့် မခြားပါ။

သူမှာ ပစ္စည်းလေးပါးထောက်ပံ့မည့်သူ ကင်းမဲ့သွားရသလို မြေနိမ့်ရာ လှံစိုက်ကြသော ပတ်ဝန်းကျင်ကလည်း သူ့ကို လုံးဝ ဂရုမစိုက်ဘဲ လှစ်လျူရှုထားခဲ့ကြပါပြီ။

ပဋိသန္ဓေဘဝရောက်သည့်အချိန်မှစ၍ ကုသိုလ်ဒါန မပြတ် အောင်ပြုနိုင်ခဲ့သော သူ့အဖို့ ခုတော့ လက္ခဏာရှားပါး၍ ဆွမ်းမှ အနိုင်နိုင်စားနေရသောဘဝဖြင့် အခက်ကြုံနေခဲ့ရတော့၏။

မကြာမီပင် သူဌေးကတော်ကြီး ဆုံးပါးသွားသည်။

နိုင်ပရာဆော့လည်း ပဋိသန္ဓေဘဝဖြင့် ဆက်မနေနိုင်တော့ သဖြင့် လူထွက်လိုက်ရသည်။

လူထွက်ပြန်တော့လည်း တစ်ဒုက္ခ။

သူဌေးသားဘဝနှင့် ပေါ်ကြော့စားခဲ့ရသဖြစ်၍ အသက် မွေးဝမ်းကျောင်းပညာ ဘာတစ်ခုမှ မသင်ခဲ့မိ။ အရောင်းအဝယ် လည်း မတတ်။ သည်တော့ ပိုက်ဆံရအောင် ဘာလုပ်ရမှန်း မသိဘဲ ယောင်လည်လည်နှင့် အငတ်ဘေးကြုံခဲ့ရသည်။

သည်ကြားထဲမှ ခြေဦးတည့်ရာသွားရင်း ကြုံရာကျပန်း တောက်တိုမယ်ရအလုပ်ကလေးတွေ လုပ်ရင်း၊ လူတကာက သနားသဖြင့် ပေးကမ်းကျွေးမွေးသမျှ စားသောက်ရင်း မသေရုံတစ်မည် အသက်ဆက်ခဲ့ရပြန်သည်။

တစ်နည်းပြောလျှင် သူဌေးသားတစ်ဖြစ်လဲ သူတောင်းစား တစ်ပိုင်းဘဝသို့ ရောက်ခဲ့ရသည် ဆိုပါတော့။

သည်လိုနှင့် ခြေသလုံးအိမ်တိုင်သမားအဖြစ် တစ်မြို့ဝင် တစ်ရွာထွက် ရွာစဉ်လှည့်ရင်း အတည်တကျအခြေမချနိုင်ဘဲ နှစ်ပေါင်းများစွာ ကြာခဲ့ရပြန်သည်။

ထိုမှ တစ်နေ့တော့ သူဌေးကြီးတစ်ယောက်အိမ်သို့ ရောက်ခဲ့ရာမှ ကျွန်အဖြစ် ခိုင်းစေပါရန် တောင်းပန်ခဲ့၏။

ကုန်သည်သူဌေးကြီးအိမ်မှာလည်း ကျွန်တစ်နေရာ လစ်လပ်နေသည်က တစ်ကြောင်း၊ နိုင်ပရာဆော့၏ သန့်ပြန့်သော ရုပ်လက္ခဏာကို သဘောကျသည်က တစ်ကြောင်း အလုပ်ခန့်လိုက်၏။

နိုင်ပရာဆော့သည် ရွှေမရှားငွေမရှား သူဌေးသား ဖြစ်ခဲ့သည်ကို မမေ့သင့်ပါ။

သူသည် ကံမကောင်းအကြောင်းမလှ၍ လမ်းဘေးရောက်ခဲ့ရသော်လည်း အထည်ကြီးပျက်ပီပီ အနေအစားက ထူးခြားနေသလို မိခင်ကြီး၏အဆုံးအမတွေကိုလည်း လိုက်နာဆဲဖြစ်သဖြင့် ယဉ်ကျေးလိမ္မာမှုလည်း ရှိနေ၏။

သူ့အပြုအမူအနေအထိုင်တွေကို သဘောကျသော သူဌေးကြီးက မျက်နှာသာပေးခဲ့ရာမှ တစ်နေ့တစ်ခြား ရာထူးတက်ကာ ကျွန်ယုံတော် အိမ်သားတစ်ယောက်နေရာသို့ ရလာ၏။

သူ၏ ကြိုးစားမှု၊ ရိုးသားမှု၊ အမိန့်ကို နာခံတတ်မှုများကြောင့်လည်း တစ်အိမ်လုံး၏အချစ်တော်ဘဝသို့ ရောက်ခဲ့ရ

ပြန်သည်။

နောက်ဆုံးတော့ အိမ်ကြီးတွင် သူဌေးသမီးကလေးနှင့် အကျွမ်းတဝင်ရင်းနှီးခဲ့သလို နှစ်ကိုယ်တူချစ်ကြိုက်သည့် သမီးရည်းစားများ ဖြစ်ခဲ့ကြပါလေတော့၏။

သည်အဖြစ်ကို သူဌေးကြီးနှင့်သူဌေးကတော်တို့ သိတော့လည်း မကန့်ကွက်သည့်အပြင် လိုလိုလားလားနှစ်သက်ကြည်သာစွာလက်ခံလျက် တင့်တယ်ခမ်းနားစွာ မင်္ဂလာဆောင်ပေးခဲ့ပြန်သည်။

သူတို့ဇနီးမောင်နှံသည် မိဘများနှင့် ဥမကွဲသိုက်မပျက်အတူနေထိုင်လျက် အပျော်ရွှင်ဆုံးနေ့ရက်များကို ဖြတ်သန်းခဲ့ကြရ၏။

မင်္ဂလာဆောင်ပြီး မကြာမီတစ်ညမှာတော့ နိုင်ပရာဆော့သည် သူ့ဇနီးချောကလေး၏ပေါင်က ဇရာမအမာရွတ်ကြီးတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရ၏။

အမာရွတ်က ဓားဒဏ်ရာဖြစ်ခဲ့ဟန်ရှိ၍ ယခုတော့ အသားတက်ပြီး အမြှောင်းကလေးပင် ဖြစ်နေ၏။

သည်တွင်ပင်. . . နိုင်ပရာဆော့၏ အတွေးများက လွန်ခဲ့သော အနှစ်နှစ်ဆယ်က တစ်ည။ သူကိုယ်တိုင် အလားတူရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့သည့်ဖြစ်ရပ်ကို ပြန်လှန်မြင်ယောင်လိုက်မိတော့သည်။

အမှန်တော့ ပြူသူအသစ် ဖြစ်သူအကောင်းဆိုသလို ကိုယ်တိုင်လုပ်ခဲ့သော ရာဇဝတ်သားတစ်ယောက်အနေဖြင့် ဘယ်လိုမှမေ့နိုင်ဘွယ်မရှိသောအဖြစ်ပါပေ။

သို့ဖြင့် သူ၏စိတ်လှုပ်ရှားခံစားမှုများကို ထိန်းချုပ်ခုံကွယ်ပြီး သနားစရာ ချစ်စရာကောင်းလှသော ဇနီးချောကလေး

အား ဘာကြောင့် ဒီဒဏ်ရာရခဲ့ပါလိမ့်ဟု တယုတယချော့မော့ မေးမြန်းခဲ့မိတော့သည်။

ဤတွင် သူ့မိခင်နှုတ်ဖျားက ကြိမ်ဖန်များစွာ ထပ်တလဲလဲ ကြားခဲ့ရဖူးသော ဇာတ်လမ်းကလေးကို ခင်ပွန်းသည်အား ခရေစေ့တွင်းကျ ပြန်ပြောပြခဲ့တော့၏။

"ကြာလှပါပြီ မောင်ရယ်။ နှစ်နဲ့ချီကို ကြာခဲ့ပြီဆိုပါတော့။ နှမကလေး နို့စို့အရွယ်၊ အဖေနဲ့အမေကလည်း ဆူပန်ဘူရီမြို့က သူဌေးကတော်မုဆိုးမကြီးရဲ့အိမ်မှာ အိမ်စေကျွန်တွေ အဖြစ်နဲ့ ဝင်လုပ်နေရတဲ့ အချိန်ကပေါ့။ အဲဒီနေ့ကတော့ သူဌေးသားက ပဉ္စင်းတက်ဖို့ဆိုပြီး ဗိုးသူတော်ဝတ်နဲ့ ဗေဒင် မေးတယ်လေ။ အဲဒီတင် ဗေဒင်ဆရာကြီးက နှမကလေးဟာ သူ့ရဲ့ကြင်ယာ လောင်း ဖြစ်လိမ့်မယ်ဆိုတာနဲ့ အောက်တန်းစားကျွန်မသမီးတော့ မယူနိုင်ဘူးဆိုပြီး နှမကလေးကို သေကြောင်းကြံခဲ့တာပဲပေါ့။ ကံကောင်းထောက်မလို့ အသက်မသေခဲ့ပေမယ့် သူတို့လက်ထဲမှာ ဆက်မနေ ရဲတော့ဘဲ အမေနဲ့အဖေတို့ ထွက်ပြေးခဲ့ကြတယ်လေ။ ဒီလိုနဲ့ အဖေဟာ ကုန်ကူးရင်း ခုလို သူဌေးအဝ ရောက်ခဲ့ရတာ ပါပဲ။ အဲဒီတုန်းကသာ သေခဲ့ရင် နှမနဲ့မောင် ခုလိုတွေ့ရတော့မှာ မဟုတ်ဘူးနော်။ နှမနဲ့မောင် တွေ့ရအောင် အသက်ရှင်ခွင့်ပေး ခဲ့တဲ့ နတ်မင်းများနဲ့ ဖူးစာရေးနတ်ကလေးကို ကျေးဇူးတင် ရမှာပဲ။ သိလား"

နိုင်ပရာဆော့ခမျာ ကနွဲ့ကလျတီတီတာတာကလေးနှင့် ပြောပြနေသောချစ်ဇနီးကို ငေးကြည့်ရင်းကပင် ဝမ်းနည်းဝမ်း သာ ဖြစ်နေမိရတော့သည်။

ဘာပဲဖြစ်ဖြစ်။ ဗေဒင်ဆရာကြီး၏ဟောကိန်းက သွေး ထွက်အောင်မှန်ခဲ့သလို သူ့ရင်ခွင်ထဲရှိ မိန်းမပျိုကလေးမှာ တစ်

ချိန်က သူကိုယ်တိုင် သတ်ဖို့ကြံခဲ့သည့် နို့စို့သမီးလေး ဖြစ်တာလည်း မှားစရာမရှိတော့ပါ။

သို့ဖြင့် နိုင်ပရာဆော့တစ်ကိုယ်တည်း ရင်ထဲမှာ မြည်တမ်းတိုင်တည်မိသည်ကတော့

"ဘုန်းတန်ခိုးအနန္တနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ရဲ့ကျေးဇူးတော်ကြောင့် ငါဟာ မျိုးကောင်းရိုးကောင်း သူတော်ကောင်းမိဘများရဲ့ ရင်ခွင်မှာ သူဌေးသားအဖြစ် မွေးဖွားခဲ့ရတယ်။ လူချမ်းသာဘဝဟာ တစ်သက်လုံး ခိုင်မြဲနေလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ အဲဒီတုန်းက ကုသိုလ်၊ အကုသိုလ်၊ လောကဓံ၊ ကံကြမ္မာဆိုတာတွေကို အာမှ လေးလေးနက်နက် နားမလည်ခဲ့ဘူး။ ဒါကြောင့်လည်း လူချမ်းသာဘဝက ဆင်းရဲရမှာကြောက်တဲ့စိတ်နဲ့ 'ကျွန်မသမီး သဘောက်မလေး'ကို ဟိုတစ်ချိန်က သူဟာငါ့ထက်အောက်တန်းကျတဲ့ဘဝမှာ ရှိခဲ့ပေမယ့် ဒီနေ့တော့ သူ့ထက်နိမ့်ပြီး၊ ငါဟာ သူ့ခြေထောက်အောက်တောင် ရောက်နေရပါရောလား။ ကံကြမ္မာဆိုတဲ့ မျက်လှည့်ဆရာကြီးရဲ့ လှည့်စားချက်ပြကွက်တွေက အံ့မခန်းဆန်းကြယ်လှချည်ရဲ့။ ဪ၊ လူဆိုတာ ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံတွေရဲ့စီမံရာ နာခံရတဲ့ သားကောင်တွေပါပဲ။ ဒါကို မသိခဲ့တဲ့ငါက ရူးရူးနှမ်းနှမ်းနဲ့ မိုက်မဲရက်စက်ခဲ့တာပါကလား" ဟူ၍ နောင်တကြီးစွာ ဖြစ်နေတော့၏။

သို့သော် သူ့ရင်ထဲကစကားတွေက ဇနီးချောကလေးကိုတော့ တစ်ခွန်းမျှ ဖွင့်ထုတ်မပြောမိခဲ့ပါချေ။

ဇနီးချောကလေးနှင့် မိဘတွေကလည်း အနှစ်နှစ်ဆယ်ခန့်က လူချင်းကွဲခဲ့ရပြီး ပြင်းထန်သောဘဝဒဏ်များကြောင့် ရုပ်အသွင်တစ်မျိုး ပြောင်းနေသော နိုင်ပရာဆော့အား မမှတ်မိခဲ့ကြတာ အမှန်။

ထို့ကြောင့်လည်း အတိတ်ကို ပြည်ဖုံးကားချလိုက်သော နိုင်ပရာဆော့နှင့် ချစ်ဖနီးကလေးတို့၏မိသားစုဘဝမှာ အသက်ထက်ဆုံး ချမ်းမြေ့ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်သွားကြရလေသတည်း။ ။

**ဆင်ခြင်ရန်** ။ ။ ၁။ ချမ်းသာဆင်းရဲ ဘာမှမမြဲ၊ ကုသိုလ်ကောင်းမှုနှင့် သေခြင်းတရားသာ မြဲ၏။
၂။ တက်ကြွားကြွကြွ မြင့်လွန်းက လျှောကျ နောက်ဆုံး ရှိချေမည်။
၃။ လူ့ဘဝရတုန်းခဏမှာ အမုန်းကို ပယ်ခွာ ချစ်ကြပါ။ ချစ်ကြပါ။ ချစ်ကြပါ။

## မိုးခါးရေ မသောက်နိုင်ဘူး

ဘိုးစဉ်ဘောင်ဆက်ကပင် ဤပုံပြင်ကို ပြောလာခဲ့ကြရာ၌ ထောင်ထွက်လူဆိုးကြီး လေးယောက်နှင့် အစချီလေ့ ရှိပါသည်။

ထိုလူဆိုးကြီးများသည် နာမည်ကြီးမြေများ ဖြစ်၍ မင်းမှုထမ်းများ၏ ဖမ်းဆီးအပြစ်ပေးခြင်းခံရပြီး နှစ်ရှည်ထောင် ဒဏ်များ ကျခံခဲ့ရသည်။ ထို့နောက် ထောင်ဖောက်ထွက်ပြေးခဲ့ကြရာမှ ကိုယ်ရောင်ဖျောက်ရန် စိတ်ကူးမိကြ၏။ လုယက်စားသောက်ရန်လည်း မလွယ်တော့သဖြင့် လိမ်စားကြရန် ကြံမိကြ၏။

ဤသို့ဖြင့် သူတို့ကိုယ်သူတို့ သူတော်စင်ရသေ့ကြီးများ ဟန်ဆောင်ကာ တစ်ရွာဝင်တစ်ရွာထွက် ခရီးလှည့်ကာ အလှူခံစားခဲ့ကြရင်း ထိုင်းနိုင်ငံအလယ်ပိုင်း ရွာကြီးတစ်ရွာအနီးသို့ ရောက်လာခဲ့ကြသည်။

ရွာနှင့်မနီးမဝေး၌ ဘုန်းကြီးကျောင်းပျက်ကြီးတစ်ခုကို တွေ့၍ ဝင်ရောက်စခန်းချခဲ့လေ၏။

ထို့နောက် တရားထိုင်၊ ပုတီးစိပ်အလုပ်များကို လူမြင်ကောင်းအောင် ဟန်ဆောင်လုပ်ပြခြင်းဖြင့် ရွာသူရွာသားများကို အယုံသွင်းခဲ့ကြသည်။

သူတို့ကို တကယ့် ရသေ့သူတော်စင်များမှတ်ကာ ဆွမ်းလောင်းခဲ့ကြ၏။



လူဆိုးခေါင်းဆောင်ဖြစ်သူမှာ အားလုံးထဲတွင် အသက်အကြီးဆုံးဖြစ်သလို ဉာဏ်နီဉာဏ်နက်လည်း များလှ၏။

သို့ဖြင့် မတောက်တခေါက်တတ်ထားသော ဗေဒင်ဟူးရားပညာနှင့် ပေါက်ကရဂါထာမန္တာန်များကိုသုံး၍ ဆရာတစ်ဆူလုပ်၍ စားပေါက်ထွင်ပြန်သည်။

အန္တရာယ်ကင်းရေမန်းတွေပေး၍ အကြည်ညိုခံရအောင်လုပ်သည်။

ဤမျှနှင့် အားမရသေးတော့ သူတပည့်သုံးယောက်ကို ရွာသားများ လွှတ်ကျောင်းထားသောမြင်း၊ နွား၊ ကျွဲ၊ ဆိတ်များအား အလစ်တွင်ခိုးယူ၍ တောထဲသွားဝှက်စေသည်။

ပိုင်ရှင်က လိုက်ရှာ၍မတွေ့သည့်အဆုံး ရသေ့ကြီးထံ လာအကူအညီတောင်းရသည်။

ထိုအခါ ရသေ့လူဆိုးက မျက်စိစုံမှိတ်အာရုံခံပြကာ အကြားအမြင်ရသည့်ပုံစံမျိုးဖြင့်

"ဘာမှ မစိုးရိမ်နဲ့။ မင်းနွားက အသက်ရှင်နေတုန်းပဲ။ သူ ဘယ်ရောက်နေတယ်ဆိုတာလည်း ငါသိတယ်။ ငါ ပြောတဲ့အတိုင်းသာ သွားရှာ။ မင်းနွားကို ကျိန်းသေ တွေ့လိမ့်မယ်"

ဟု ဟောလိုက်သည်။

ဟောသည့်အတိုင်းလည်း မှန်၍ နွားပျောက်ပြန်ရသည်။

ဤသို့ဖြင့် ရွာသူရွာသားတွေ၏ ယုံကြည်အားထားရာ ပညာရှိရသေ့ကြီး ဖြစ်လာရသလို ဘုရားတစ်ဆူ ဂူတစ်လုံးနှယ် ကိုးကွယ်ပူဇော်ခြင်း ခံခဲ့ရတော့သည်။

ယိုယွင်းပျက်စီးနေသောကျောင်းကို အသစ် ပြုပြင်ဆောက်ပေးကြသည်။ ကျောင်းဝင်းကို ခြံခတ်၍ ပန်းခြံစိုက်ပေးကြသည်။ ရသေ့ယောင် လေးယောက်အဖို့ စောင်၊ ခြင်ထောင်၊ ဖျာ၊ ခေါင်းအုံးကအစ လိုလေသေးမရှိအောင် လှူဒါန်းကြသည်။

သည်ကြားထဲကပင် သူတို့က လစ်လျှင်လစ်သလို အကျင့်ဆိုးအတိုင်း ဖောက်ပြန်ကြ၏။ ညဘက်တွင် တိတ်တဆိတ် အရက်ချက်သောက်ကြသည်။ ကျောင်းဝိုင်းထဲသို့ လာလှူထားသောကြက်၊ ဘဲ၊ ဝက်တွေကို သတ်စားကြသည်။

ရွာသူရွာသားတွေကလည်း သူတို့အပေါ် အနည်းငယ်မျှ မယုံသင်္ကာမဖြစ်ဘဲ၊ သူတို့ ဘာလိုချင်တယ်ဆိုတာနှင့် အပြေးအလွှားယူဆောင်လှူဒါန်းကြ၏။

တစ်နေ့တော့ မားပြခေါင်းဆောင် ကြောင်သူတော် ရသေ့ကြီးက သူ့နောက်လိုက်တပည့်ကျော်များနှင့်ဝိုင်းဖွဲ့ရင်း သူ့စိတ်ထဲက အကြံတစ်ခုကို ဖော်ထုတ်တင်ပြခဲ့သည်။

"တို့ ထောင်က လွတ်တဲ့အချိန်ကစပြီး ဟိုတယ်မတက်ရတာ ကြာပြီကွ။ မင်းတို့ သုံးရက်လောက် ပျော်ပွဲကြီး မစားချင်ဘူးလား။ အေး။ စားချင်တယ် မဟုတ်လား။ ဒါဆိုရင် လပြည့်နေ့အထိ စောင့်။ အဲ့ဒီနေ့ကျ ရွာသားတွေ ကျောင်းလာပြီး လှူကြတန်းကြလိမ့်မယ်။ မင်းတို့က ဣန္ဒြေရရသာ နေ။ ကျန်တာ ငါ့တာဝန်ထား"

သည်လိုနှင့် လပြည့်နေ့ရောက်လာရာမှ တစ်ရွာလုံး ရသေ့ကျောင်းသို့ စုရုံးရောက်ရှိလာကြသည်။

သူတော်ယောင် ရသေ့ကြီးက

"ငါ လွန်ခဲ့တဲ့တစ်ရက်နှစ်ရက်က တရားကျင့်ရင်းနဲ့ နိမိတ်ဆိုးကြီးတစ်ခု မြင်လိုက်တယ်။ အဲဒါကတော့ မင်းတို့ရွာမှာ ကပ်ဆိုက်ပြီး ဘီလူးစားခံရမယ့်အမိပ္ပာယ်ပဲ။ ဘီလူးတွေဟာ ရာနဲ့ချီပြီး လာကြမှာဖြစ်တဲ့အပြင် မင်းတို့မျက်စိနဲ့လည်း မြင်ရမှာမဟုတ်တော့ ဘယ်လိုမှ ခုခံနိုင်ဖွယ်မရှိဘူး။ တစ်ရွာလုံး ကြက်ကလေး ငှက်ကလေးတွေလို သေကြေပျက်စီးရမယ့် ဘေးဆိုးအန္တရာယ်ဆိုးက ကယ်တင်နိုင်ဖို့ နည်းလမ်းတော့ ငါသိတယ်။

ငါ့စကားကို ယုံယုံကြည်ကြည်နဲ့လိုက်နာပြီး ငါခိုင်းတဲ့အတိုင်း လုပ်ကြမယ်ဆိုရင်တော့ မင်းတို့ အသက်ဘေးက လွတ်အောင် ငါ ကယ်တင်မယ်"

ရသေ့ကြီးစကားကြောင့် ကလေးလူကြီးမကျန် တစ်ရွာလုံး ကြောက်လန့်တကြားဖြစ်သွားကြသည်။

အားလုံးကပင် ရသေ့ကြီးကို ခြေထောက်ဖက်၍ ဘီလူး စားမခံရအောင် ကူညီပါရန် ငိုယိုတောင်းပန်ကြ၏။

သည်တွင်

"ကောင်းပြီ။ ဒါဆိုလည်း သေသေချာချာနားထောင်ကြ။ ဘီလူးတွေကို မင်းတို့အသားမစားရအောင် တစ်ခြား အသား တွေနဲ့အစားထိုးပြီး ဧရာမပွဲတော်စာကြီး ဆက်ရလိမ့်မယ်။ စင်စစ်တော့ ဖြားယောင်းလှည့်စားတာပေါ့ကွာ။ သူတို့ဟာ ပရိတ် ကြိုးနဲ့စည်းချထားတဲ့ ငါ့ကျောင်းဝင်းထဲဝင်ပြီး စားကြသောက်ကြ ပြီဆိုတာနဲ့ ငါ ပိုင်ပြီ။ သူတို့ကို ဖမ်းချုပ်ပြီး သတ်ပစ်လို့ရပြီ။ ဒီတော့ ပထမဆုံးလိုအပ်တာက ဝက်ကင် နှစ်ကောင်၊ ကြက် ဆယ်ကောင်၊ ဘဲ ဆယ်ကောင်ကို အရသာအရှိ ဆုံးချက်။ အကောင်းစားအရက် စဉ့်အိုးတစ်အိုးနဲ့ သစ်သီးဝလံ မျိုးစုံ၊ အချိုပွဲတွေ ဒီညနေ လာပို့ဖို့ပဲ။ ကျောင်းရှေ့မြက်ခင်းမှာ ငှက် ပျောပင်စိုက်။ ရာဇမတ်ကာပြီး ခမ်းခမ်းနားနားပြင်ထားရင် ပိုကောင်းတယ်။ ဘီလူးတွေကို နှိမ်နင်းဖို့ကတော့ ငါ့တာဝန်ထား။ ဒါဟာ မင်းတို့ရွာက ငါတို့အပေါ် ပစ္စည်းလေးပါးထောက်ပံ့ခဲ့တဲ့ အတွက် ကျေးဇူးတုံ့ပြန်တဲ့သဘောပါပဲ"

ရွာသူရွာသားတွေလည်း အားတက်သရောဖြင့် ရသေ့ကြီး ခိုင်းသည့်အတိုင်း နေ့တွင်းချင်းစီစဉ်ခဲ့ကြပြီး စားဖွယ်သောက် ဖွယ်များကို ရသေ့ကျောင်းသို့ လာပို့ကြသည်။

ထို့နောက် ရသေ့ဆိုးက ရွာသူကြီးကိုဦးတည်ပြီး ရွာသားအားလုံးကို ပြောပြန်သည်မှာ

"ကဲ။ မင်းတို့ကို အရေးကြီးတဲ့စကားတွေ မှာဦးမယ်။ ဒီညမှာ ဘီလူးတွေ လာကြတော့မှာဖြစ်တဲ့အတွက် ငါနဲ့ ဟော့ဒီကရသေ့ကြီးတွေက ကျောင်းဝင်းပတ်လည်မှာ ပရိတ်ကြိုးတွေနဲ့ အရံအတားလုပ်ပြီး စည်းချထားလိုက်တော့မယ်။ ပြီးတော့. . . သုံးရက်လုံးလုံး နေ့ရောညပါ ဂါထာမန္တာန်တွေ ရွတ်ပြီး ဘီလူးတွေနဲ့ ပညာပြိုင်ရမှာလည်းဖြစ်တယ်။ ဒါကြောင့် မင်းတို့ဟာလည်း အိမ်ပြန်ရောက်တာနဲ့ တံခါးတွေ လုံအောင်ပိတ်ပြီး အပြင်မထွက်တမ်း နေကြပါ။ ဘီလူးတွေ မကပ်နိုင်အောင် ဘုရားစာတွေ ရွတ်ဖတ်ဆုတောင်းကြပါ။ အေး။ ယောင်လို့များတော့ ကျောင်းဘက် ထွက်မလာကြနဲ့နော်။ စည်းပိုင်းထဲ ဝင်လိုက်တာနဲ့ အဲ့ဒီလူဟာ ရူးသွားလိမ့်မယ်။ ခု ငါပြောတာတွေကို ဂရုစိုက်လိုက်နာကြပါ။ ဘီလူးရန်ကို အောင်မြင်ဖို့အရေးမှာ မင်းတို့ရဲ့ယုံကြည်ကိုးစားမှုနဲ့ လေးစားလိုက်နာမှုလည်းပါတယ်ဆိုတာ သတိထား" ဟူ၍ ဖြစ်လေ၏။

ပြီးနောက် ရသေ့ခေါင်းဆောင်နှင့် အပေါင်းပါများသည် ကျောင်းဝင်းကို ပရိတ်ချည်များနှင့်ပတ်၍ ဂါထာတွေရွတ်သလိုလုပ်ပြီး စည်းချကြတော့သည်။

ရွာသူရွာသားတွေ အကုန်ပြန်သွားကြပြီး ညဦး မိုးချုပ်ပြီဆိုသည်နှင့် လေးယောက်သား ကျောင်းဝင်းဝသို့စုကာ အသံဆိုးအသံနက် အသံသေးအသံကြောင် ကြောက်စရာအသံမျိုးစုံဖြင့် အသားကုန်နားပိတ်၍ အော်ဟစ်ဆူပူကြလေတော့သည်။

သူတို့အသံတွေက တောတောင်တွေနှင့် ပဲ့တင်ရိုက်လိုက်ပြန်တော့ မကောင်းဆိုးဝါးဘီလူး အကောင်တစ်ရာမက. . .

ဖြာသံပေးပြီး ရောက်လာကြသည်နှင့်တူသွား၏။ ကြားရသူတိုင်းကို လိပ်ပြာလွင့်မတတ် အသည်းတုန်အူတုန် ဖြစ်သွားစေ၏။

ရွာသားများမှာ နားမခံသာအောင်ဖြစ်၍ ကြောက်လန့်ချောက်ချားစွာဖြင့် တံခါးပိတ်ထားသောအိမ်အသီးသီးတွင် ဒူးတုန်လျက် ငြိမ်ကုပ်နေကြရရှာသည်။

လမ်းပေါ်ဆင်းဖို့ မပြောနှင့်၊ အိမ်ထဲက အိမ်ပြင်ပင်မထွက်ရဲသလောက်ဖြစ်ပြီး ရသေ့ကြီးမှာသလို ဘုရားစာတွေ တတွတ်တွတ်ရွတ်ရင်းက ဖော်ချွေးတွေပင် ပြန်နေကြရသည်။

ရသေ့လူဆိုးများလည်း အသံနှင့်နှိပ်စက်၍ အားရပြီဆိုတော့မှ သူတို့ချင်း ဟားတိုက်ရယ်မောကာ အသင့်ပြင်ထားသောထမင်းပွဲကြီးတွင် စတိုင်ကျကျဝင်ထိုင်ကြတော့သည်။

အရက်တွေ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း စားကောင်းသောက်ဖွယ် ဟူသမျှကို စားပိုးနင့်မတတ် ပလုတ်ပလောင်းစားကြ၏။

စားရင်းသောက်ရင်းမှ အရှိန်တက်လာတော့ သီချင်းတွေ အော်ဆိုကြ၏။

ထ ကသူက က၏။

တစ်ချိန်က သူတို့ ဆိုးခဲ့မိုက်ခဲ့ ရာဇဝတ်မှုကျူးလွန်ခဲ့ပုံများကို ဇာတ်လမ်းဖွဲ့၍ ပြောသူက ပြော။

ထုံထုံအအနှင့် ရိုးသားလှသောရွာသားတွေကို အရွှဲလုပ်ပြီး ညာစားခဲ့သည့်အဖြစ်ကို စားမြုံ့ပြန်သူက ပြန်. . .

အနီးပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိတာ သေချာသည်နှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြလေတော့၏။

သို့သော်

မမျှော်လင့်သောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။

ဒါကတော့ နိုင်ဝမ်ဒီးဆိုသူ ရွာသားတစ်ဦးမှာ လွန်ခဲ့သော ငါးရက်ခန့်က ရပ်ဝေးရှိဆွေမျိုးများထံ အလည်သွားနေရာမှ ပြန်လာခြင်းပင်ဖြစ်သည်။

သို့ဖြင့် ရသေ့များ၏ ခြောက်လှန့်လှည့်စားထားမှုနှင့် ရွာသားများ၏အဖြစ်မှန်ကို မသိခဲ့သော နိုင်ဝမ်ဒီးသည် ရသေ့ကျောင်းဝင်းအတွင်းရှိ ပရိတ်ကြိုးများကိုဖြတ်၍ ဝင်ခဲ့မိသည်။

ရွာသို့အပြန်၌ အနီးဆုံးဖြတ်လမ်းကို ရွေးခဲ့ခြင်းပင် ဖြစ်သည်။ ကျောင်းအနီးသို့ အရောက်တွင် ဆူဆူညံညံ ဝုန်းဒိုင်းကြနေသံများကြောင့် အံ့ဩတုန်လှုပ်သွားပြီး မှောင်ရိပ်ထဲမှ အသာချောင်းကြည့်လိုက်သည်။

သည်တွင် သီချင်းတကြော်ကြော် အော်ဆိုရင်း ရယ်လားမောလား မြူးတူးပျော်ပါးနေသည့် အရက်သမားရသေ့တစ်သိုက်ကို တွေ့လိုက်ရတော့၏။

ရသေ့လေးယောက်စလုံးမှာ ဝတ်ရုံတွေ ကိုယ်မှာ မကပ်တော့သလို ရှူးရှူးမူးမူးနှင့် ခုန်ပေါက်သောက်စားလျက် ကိုးရိုးကားရား ပြောင်းဆန်နေကြသည့်မြင်ကွင်းက ထင်းထင်းကြီးပေါ်နေ၏။

ထို့အပြင် ဘယ်တုန်းက ဘယ်အိမ်ကို ဘယ်သို့ ဓားမြတိုက်ခဲ့ပုံ၊ ဘယ်မိန်းမပျိုကို စော်ကားခဲ့ပုံ၊ ဘယ်သူ့ကို ဘယ်နည်းဖြင့် သတ်ဖြတ်ခဲ့ပုံ စသည်များကို မြိန်ရေယှက်ရေ အော်ကြီးဟစ်ကျယ်ပြောရင်း ဟားတိုက်နေကြတာလည်း နားနှင့် ဆတ်ဆတ် ကြားလိုက်ရသည်။

လောလောဆယ်၌ ရွာသားတွေကို မှိုင်းတိုက် နဖါးကြိုးထိုးပြီး စိတ်တိုင်းကျကခိုင်းနေခဲ့သည့်အဖြစ်ကို ဖော်ထုတ်၍ ဓားမြဗိုလ်ရသေ့ကြီးကို မြှောက်ပင့်ချီးကျူးနေကြပြန်၏။

နိုင်ဝမ်ဒီးသည် မျက်စိနှင့်နားတွေကိုပင် မယုံနိုင်အောင် ဖြစ်ပြီး အတော်ကြာအောင် မင်သက်ငေးမောနေမိသေးသည်။

ထို့နောက်မှ တို့က သူတော်ကောင်းမှတ်လို့ ကျောင်းဆောက်၊ ဆွမ်းကပ်နဲ့ လိုလေသေးမရှိ ပြုစုကိုးကွယ်နေတဲ့ ရသေ့တွေဟာ လက်စသတ်တော့ သီလကြောင်ကျားငစဉ်းလဲကြီးတွေ ဖြစ်နေပါရောလားဟု ဆင်ခြင်ဉာဏ်ဝင်လာသည်။

စက်ဆုပ်ရွံရှာမှုများနှင့်အတူ နာကျည်းဒေါသတွေက သူ့တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။

သူ ဘာလုပ်ရမလဲ။ ဘာလုပ်နိုင်သလဲ စဉ်းစား၏။

ခုအချိန်မှာ သူက တစ်ယောက်တည်း၊ လက်နက်မပါ ဘာမပါနှင့် ဝင်ဖမ်းလို့တော့ လွယ်မှာ မဟုတ်။

သည်တော့ ရွာကို ပြန်၊ အကျိုးအကြောင်း ပြော၊ လူစုပြီး ရသေ့အရှေ့မြေတွေကို တိုက်ခိုက်ဖမ်းဆီးမှပဲ ဟု ကြံလိုက်သည်။

နိုင်ဝမ်ဒီးလည်း တိတ်တဆိတ်အသံမကြားအောင် ထွက်ခွာခဲ့ရာမှ ရွာထဲသို့ရောက်လာ၏။

သူ့အိမ်သာမက တစ်ရွာလုံး အိမ်တံခါးတွေ ကိုယ်စီပိတ်လျက် မှောင်ကြီးမည်းကြီးထဲတွင် မတုန်မလှုပ်ငြိမ်သက်လျက် ဘုရားရှိခိုးဆုတောင်းနေကြတာတော့ တတွတ်တွတ်နဲ့ပါလား။ ထူးတော့ ထူးနေပြီဆိုပြီး သူ့အိမ်ပေါက်ဝမှ လှမ်းအသံပြုလိုက်သည်။

"ဟေး . . . မိန်းမရေ။ တစ်ရွာလုံး ဘာတွေဖြစ်နေကြပါလိမ့်။ ငါ ပြန်လာပြီလေ။ လမ်းမှာ ရသေ့ကျောင်းကို ဖြတ်လာရင်းက အဲ့ဒီကောင်တွေ မူးရူးပြီး ဖြစ်ချင်တိုင်းဖြစ်နေတာ တွေ့ခဲ့ရတယ်။ အမှန်တော့ ဒီကောင်တွေဟာ ရသေ့အစစ်မဟုတ်ဘူး။ မြေလူဆိုးတွေကွ။ ထွက်ခဲ့ကြပါဦး။ တို့တစ်ရွာလုံး သူတို့ကို သွား ဝိုင်းဖမ်းကြရအောင်"

ရွာသားတွေက နိုင်ဝမ်ဒီး၏အော်သံများကို ကြားလိုက်သည်နှင့် မကောင်းဆိုးဝါးဘီလူးတစ်ကောင် ရသေ့ကျောင်းဘက်မှ လွတ်လာပြီဟု ထင်မှတ်လိုက်ကြသည်။

သို့ဖြင့် ကြောက်အားလန့်အား ပြေးပြေးဝပ်လျက် အသက်ပင်မရှုရဲဘဲ နားစွင့်နေမိကြ၏။

ထိုမှ နိုင်ဝမ်ဒီးမှန်း သိလိုက်ပြန်တော့ စိတ်သက်သာရာရသွား၏။

သို့ရာတွင် နိုင်ဝမ်ဒီးက ရသေ့ကျောင်းဝင်းကို ဖြတ်လာသည်ဆိုသောကြောင့် ဒီကောင်တော့ ရူးလာပြီပဲဟု တွက်လိုက်ကြပြန်သည်။

သူ့မိန်းမနှင့် ယောက်ွမကြီးများအပါအဝင် အိမ်သားတစ်စုက ကပျာကရာ တံခါးဖွင့်၍ လှေကားမှ ခုန်းစိုင်းဆင်းလာကြပြီး၊ နိုင်ဝမ်ဒီးအား စိုးရိမ်တကြီးဖြင့် ဖမ်းချုပ်လိုက်ကြ၏။

ထို့အတွက် နိုင်ဝမ်ဒီးတစ်ယောက် ရှုးရှုးရှားရှား ဒေါမာန်ပွားသွားရသလို စိတ်ရှိလက်ရှိအော်ပစ်လိုက်မိသည်။

"သွား၊ သွားကြစမ်းဗျာ။ ကျုပ် မရူးဘူးဗျ။ ကျုပ်ဦးနှောက်တွေ အကောင်းကြီး ရှိသေးတယ်။ ကျုပ်တို့က ရသေ့အစစ်မှတ်ပြီး ကိုးကွယ်ထားတဲ့ မြေကောင်တွေသာ လူမှန်းသူမှန်းမသိအောင် ရူးမူးပြီးကျွမ်းပြန်နေတာ။ ဆိုကြ ကကြနဲ့ မြင်မကောင်းရှုမကောင်းတွေ ဖြစ်နေတာကို ကျုပ်မျက်စိနဲ့ အတိုင်းသား မြင်ခဲ့တာ။ မယုံရင် အခု လိုက်ကြည့်ကြ"

ဘယ်လောက်ပဲ ပြောပြော အမောပဲ အဖတ်တင်သည်။

အားလုံးက သူ့ကို သနားစရာ၊ ကြောက်စရာသတ္တဝါတစ်ကောင်လိုသာ ပြူးပြဲကြည့်နေကြသည်။

ထိုသို့ဖြစ်လေ သူက ဒေါပွလေ၊ ကျယ်ကျယ်လောင်လောင်အော်ပြောလေ၊ ရူးတယ်လို့ ပိုထင်စရာ ရောက်လေ။

နောက်ဆုံးတော့ သူ့ကို အတင်းအဓမ္မဖမ်းချုပ်ပြီး ကြိုးဖြင့်တုပ်ကာ အိမ်ခန်းတစ်ခန်းမှာ အလုံပိတ်ထားလိုက်ကြတော့၏။

နိုင်ဝမ်ဒီးက မကြေမချမ်းနှင့် တစ်ယောက်တည်း ရေရွတ်မိသည်။

"ဖြစ်မှဖြစ်ရလေ။ ငါကလည်း စေတနာနဲ့ အကောင်းလာပြောရလေးရဲ့။ သူတို့က ငါ့ကို ကျေးဇူးမတင်တဲ့အပြင် အရူးဇာတ် သွင်းပစ်ရတယ်လို့။ ဒုက္ခပါပဲ"

ခဏအကြာ၌ ရွာသူကြီးဖြစ်သူ ရောက်လာပြီး နိုင်ဝမ်ဒီး ငြိမ်နေသည်ကို ကြည့်၍…

"သူ့ပုံစံကတော့ နဂိုအတိုင်းပါကလားကွ။ ပြီးတော့ သူဟာ ရိုးသားတယ်။ ဖြောင့်မတ်တယ်။ မဟုတ်တာ ဘယ်တော့မှ မပြောတတ်တဲ့လူစား"

မှတ်ချက်ချလိုက်ပေမယ့် သူက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ထပ်ပြောပြလိုက်သည်နှင့် ခေါင်းတယမ်းယမ်းနှင့် ရူးသွားပြီလို့သာ ဆုံးဖြတ်လိုက်၏။

ရသေ့စဉ်းလဲ၏ ဗူးသွင်းခံထားရသော ရွာသူရွာသားတွေမှာ အမှားကို အမှန်၊ အမှန်ကို အမှားထင်၍ သူ့ စကားကို ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်ခဲ့ကြသည်။

နိုင်ဝမ်ဒီးသည် စည်းဖောက်၍ ကျောင်းဝင်းထဲ ကျူးကျော်ခဲ့သဖြင့် ရူးရသည်ဟု ရသေ့ယောင်စကားကို အသေအလဲ ယုံခဲ့သလို သူတို့ကိုယ်တိုင်လည်း ရူးမှာကြောက်၍ အချိန်မတန်ခင် ရသေ့ကျောင်းနားကပ်ဖို့ တွေးတောင်မတွေးရဲခဲ့ကြချေ။

ထို့ကြောင့်လည်း နိုင်ဝမ်ဒီးကို သုံးရက်စေ့အောင် သော့ခတ်ပိတ်လှောင်ထားခဲ့ကြသည်။

သုံးရက်လွန်မြောက်သည့် မနက်ကျတော့ သူကြီးဦးဆောင်သော ရွာရှိလူကြီးများက စည်းဝေးတိုင်ပင်ပြီး နိုင်ဝမ်ဒီး၏

ရောဂါကို ရသေ့ကြီးများထံ ပို့ဆောင်ကုသရန် ဆုံးဖြတ်လိုက်လေသည်။

ဆုံးဖြတ်ချက်အတိုင်း မဆိုင်းမတွေဆိုသလို နိုင်ဝမ်ဒီးအား ရသေ့ကျောင်းသို့ ပို့စေရာတွင် တစ်ရွာလုံး အုံးအုံးကျွက်ကျွက် လိုက်ပါလာခဲ့ကြ၏။

ကျောင်းရောက်တော့ ရသေ့ကြီးများကို ခါတိုင်းလိုပင် ကြည်ညိုဘွယ်ရာ ဖူးတွေ့ခဲ့ကြရသည်။

ခေါင်းဆောင်ရသေ့ကြီးက ကျမ်းစာဖတ်နေသလို၊ တစ်ပါးက ပုတီးစိပ်နေပြီး၊ သူ့ဘေး၌ ရသေ့တစ်ပါးက ထီးချုပ်နေလျက် ကျန်တစ်ပါးက တံမြက်လှည်းနေ၏။

တကယ့်ကို ကြက်သရေမင်္ဂလာဦးတွေနှင့်။ လူဆိုးလူမိုက်ကြီးတွေရယ်လို့ ထင်စရာမရှိအောင် သရုပ်ဆောင်ထားကြသည်။

လူအုပ်ကြီးကို တွေ့တွေ့ချင်း၊ ရသေ့ကြောင်ကြီးက ပျူငှာသိမ်မွေ့စွာ နှုတ်ဆက်လိုက်၏။

သူတို့လာရခြင်းအကြောင်းရင်းကို သိပြီးသည့်နောက်တော့ နိုင်ဝမ်ဒီးအား ကရုဏာသက်စွာဖြင့် လှမ်းကြည့်ရင်း

"ကျွတ်ကျွတ်ကျွတ်၊ သနားပါတယ်။ သူ့ခမျာ တော်တော်အခြေအနေဆိုးခဲ့တာကိုး။ ဒါကြောင့်မို့ ကျုပ် ပြောသားပဲ။ ကျောင်းဝင်းထဲ ဘယ်သူမှ မဝင်မိပါစေနဲ့လို့၊ ခရီးထွက်နေတယ်ဆိုတော့လည်း သူ့ကုသိုလ်ပေါ့လေ။ အေးလေ။ ဘာပဲ ဖြစ်ဖြစ်။ ကျုပ် ကြိုးစားကုပေးရမှာပဲ။ စိတ္တဇရောဂါသည်တစ်ယောက်ကို မကယ်ဘဲ ပစ်ပယ်လိုက်မယ်ဆိုရင် အသက်တစ်ချောင်း ဆုံးရှုံးသွားရမှာကိုး။ ကျုပ်မှာ ဆေးကောင်းဝါး ကောင်းတွေ ရှိပါတယ်။ ဒါပေမယ့် ဆေးက အရမ်းအစွမ်းထက်တယ်။ ဒီတော့ သူ့ကို ပက်လက်လှဲပြီး ဖိချုပ်ထားဖို့ ဗလကောင်းကောင်း လူခြောက်ယောက်လောက် လိုတယ်"

ဒီစကားကို ကြားလိုက်သည်နှင့် နိုင်ဝမ်ဒီး ဒေါသူပုန်ထသွားပြီး ရသေ့ကြီးကို လက်ညှိုးငေါက်ငေါက်ထိုးလျက် အော်ကြီးဟစ်ကျယ်

"ဒီကောင်တွေဟာ ရာဇဝင်လူဆိုးကြီးတွေ၊ မြွေလူသတ်သမားတွေ၊ ရသေ့ယောင်ဆောင် ကြောင်သူတော်တွေ၊ တဖော်သမားတွေ၊ ကျုပ်ကို အရှူးဆိုပြီး ဆေးကုမယ်ဆိုတာကို လုံးဝလက်မခံနိုင်ဘူး"

ဟု ပြောင်ကျကျ ဖော်ကောင်လုပ်လေ၏။

ဒါပေမယ့် ရသေ့ကြီးက အပြုံးမပျက်၊ ရွာသားတွေကိုသာ မေးငေါ့ပြလိုက်ရာမှ နိုင်ဝမ်ဒီးကို အတင်းအဓမ္မ ဝင်လုံးကာ ကြမ်းပေါ်သို့ လှဲချလိုက်ကြ၏။

နိုင်ဝမ်ဒီးအား မလှုပ်သာအောင် ဖိချုပ်ထားကြစဉ် ရသေ့လူဆိုးကြီးက မီးဖိုချောင်ထဲဝင်၍ ငြုပ်ကောင်းမှုန့် နှစ်ထုပ်ကို ယူလာပြီး ဝါးကျည်တောက်ငယ်ကလေးတစ်ခု၌ ထည့်၍

"လူနာက ကြမ်းတော့ ခါတ်ကြမ်းကိုင်မှ ဖြစ်မှာပဲ" ဆိုကာ နိုင်ဝမ်ဒီး၏ နှာခေါင်းဝကိုတေ့၍ တစ်ထုပ်စီ မှုတ်သွင်းလိုက်တော့သည်။

နိုင်ဝမ်ဒီးမှာ ခေါင်းပြုတ်ထွက်သွားမတတ် မွှန်ထွန်သွားရာက ထွန့်ထွန့်လူးသွားရတော့၏။

ရှုန်းရင်းကန်ရင်း အော်ရင်းဟစ်ရင်းမှက ငြုပ်ကောင်းမှုန့်နှင့်ဒေါသ နှစ်မျိုးပေါင်း၍ဏ်ချက်ကြောင့် အမောတကောမျှော ခွေကျသွားရပြီး သတိလစ်မတတ် ဖြစ်နေရရှာသည်။

သည်အထဲ ရသေ့ကြောင်က ငြုပ်ကောင်းမှုန့် နှစ်ထုပ်ထပ်သွားယူပြီး ပြန်လာရာမှ

"ကျုပ် ပြောသားပဲ၊ ဆေးက တအားပြင်းတယ်လို့၊ တော်ရဲ့လူမမာလောက်တော့ တစ်ခါကုရုံနဲ့ ပျောက်တာပဲ၊ ဒါမှ

ဒီသူငယ် မသက်သာရင်တော့ နောက်တစ်ကြိမ် ထပ်ပြီး မှုတ်သွင်းရမှာပဲ။ နောက်တစ်ကြိမ် ထပ်ကုရက်သားနဲ့ မပျောက်ဘူးဆိုရင်တော့ ကျုပ် လက်လျှော့ရမှာပေါ့လေ"

ရသေ့ဆိုး၏ တတွတ်တွတ်ရေရွတ်နေသံများကို ကြားရင်းမှ နောက်တစ်ကြိမ် ထပ်မှုတ်ရန်ဟန်ပြင်နေသည်ကိုလည်း နိုင်ဝမ်ဒီး တွေ့လိုက်ရသည်။

နိုင်ဝမ်ဒီးကား စဉ်းစားရချေပြီ။

"အင်း။ ငါ တစ်ယောက်တည်း သူတို့ကို ဆက်ယှဉ်လို့ကတော့ အလကားပဲ။ ငါ့ဘက်မှာ ဘယ်သူမှ မရှိဘူး။ ကလိမ်ကကျစ်တွေဘက်မှာပဲ တစ်ရွာလုံး ရောက်နေပြီ။ ငါ ဆက်ပြီး တိုက်နေဦးမယ်ဆိုရင် ပြုပ်ကောင်းစာ ထပ်မိပြီး သေရုံပဲရှိမယ်။ တောတွေကြားမှာ ငါဟာ အာဇာနည် သူရဲကောင်းဘွဲ့လည်း ရမှာမဟုတ်ဘူး"

ဤသို့ တွေးမိပြီးနောက် သူ လက်မြှောက် အရှုံးပေးဖို့ ဆုံးဖြတ်လိုက်ရတော့၏။

ထို့အတွက် ဖြုန်းခနဲ ငုတ်တုတ်ထထိုင်လိုက်ကာ သူ့ဘေးရှိ လူတွေကို ပြူးတူးတူးကြောင်တောင်တောင် လိုက်ကြည့်ရင်းက

"ဟင်၊ ဒါ ဘာလုပ်နေကြတာလဲ။ ကျွန်တော့်ကိုကော ကြမ်းပေါ်မှာ ကြိုးတုပ်ရက်ကြီးနဲ့ ဘာဖြစ်လို့ လှဲထား ကြတာလဲ။ ခင်ဗျားတို့ ကျွန်တော့်ကို ဘာကြောင့် ဝိုင်းကြည့်နေတာလဲ။ ကျွန်တော် ဘာဖြစ်နေလို့လဲ"

စသဖြင့် ခုမှ စိတ်ကောင်းဝင် သတိပြန်လည်လာသလို ဗျာကျာဆင်လိုက်ခြင်း ဖြစ်၏။

တစ်ဆက်တည်း၌ ဓားမြဗိုလ်ရသေ့ကြီးကို လက်အုပ်ချီကန်တော့လျက်

"တပည့်တော် ကြုံရတာ သိပ်ထူးဆန်းပါတယ် ဘုရား။ တပည့်တော် အိပ်နေရင်းက အိပ်မက်မက်တာပါ။ အိပ်မက်ထဲမှာ ဒီကျောင်းဝင်းထဲကို ဖြတ်သွားရင်းက မကောင်းဆိုးဝါး မိစ္ဆာကောင်ကြီးတွေက ရသေ့အဝတ်အစားတွေနဲ့ မူးယစ်ပျော်ပါးနေကြတာ တွေ့လိုက်ရပါတယ်။ အဲ့ဒီမြင်ကွင်းကို အလန့်တကြားငေးကြည့်ရင်းကပဲ မိုက်ခနဲ သတိလစ်သလို ဖြစ်သွားပြီး ဘာမှ မသိတော့ပါဘူး။ ခုတော့ ဘုရားကျေးဇူးနဲ့ သတိပြန်ရလာတာပဲ။ အိပ်မက်ဆိုးကြီးလည်း ပြယ်သွားပြီ ထင်ပါတယ်"

သည်တော့မှ နိုင်ဝမ်ဒီး၏မိသားစုများလည်း စိတ်အေးချမ်းသာ ဝိုင်းအုံလာကြကာ

"တော်ပါသေးရဲ့ကွယ်။ မင်း သိပ်ကံကောင်းတယ်။ ရသေ့ဆရာတော်ကြီး ကယ်လိုက်လို့သာ မင်း အသက်မသေတာ။ မင်းအရှုံးပျောက်အောင်လုပ်ပေးတဲ့ ရသေ့ကြီးရဲ့မေတ္တာနဲ့ ကျေးဇူးတရားကို ဘယ်တော့မှ မမေ့နဲ့နော်"

ယောက္ခမကြီးက ဆုံးမလိုက်ရာ သူကလည်း ချော်လဲရောထိုင် မချီသွားဖြလုပ်၍ ရသေ့ကြီးကို ကျေးဇူးတင်စကားပြောပြီး ဦးတိုက်ပြလိုက်ရပြန်သည်။

ထို့နောက် သူတို့အားလုံး ရွာပြန်ခဲ့ကြတော့၏။

အိမ်ရောက်တော့ လက်ပူးလက်ကြပ်မိပါလျက် အရှုံးဖြစ်ရပြီး၊ မသေရုံတစ်မည်ခံခဲ့ရသောအဖြစ်ကို မခံချိမခံသာ ခံပြင်းဒေါသတွေ ထွက်ခဲ့ရပြန်သည်။

အများနှင့်တစ်ယောက် အားမတန်လို့မာန်လျှော့ခဲ့ရတာ စိတ်ထဲကတော့ လုံးဝ မကျေနပ်ခဲ့ပါ။

ဘီလူးက လူယောင်ဆောင်၊ လူက ဘီလူးဖြစ်၊ ပြောင်းတိပြောင်းပြန် မတရားခံရချက်က အသည်းနာစရာကောင်းလှချည့်ပေါ့။

သို့ဖြင့် နိုင်ဝမ်ဒီး သူ့ကိုယ်သူ ပြန်ပြောမိသည်။

"တခြားလူတွေ မယုံတာတော့ ထားလိုက်ပါတော့။ ငါ့မယားကတော့ ငါ့ကို သိပ်ချစ်တာ။ ငါပြောသမျှစကားကို တစ်ခါမှ ပယ်တယ် မရှိခဲ့ဘူး။ ခုလည်း ငါ့စကားကို နားထောင်မှာသေချာတယ်"

ဆိုပြီး၊ ထိုနေ့ည အိပ်ရာဝင်ချိန် လင်မယားနှစ်ယောက်တည်း တွေ့ခဲ့ရာမှ သူက တိုးတိုးတိတ်တိတ်ကြိတ်၍

"အချစ်ရယ်။ ဒီရသေ့တွေအကြောင်း မင်းမို့လို့ ဖွင့်ပြောတာ။ မင်းကတော့ ယုံပါနော်။ သူတို့ဟာ အရက်မူးပြီး မျောက်တွေလို ကခုန်နေကြတာ။ ငါ့မျက်စိနဲ့ သေသေချာချာကြီးကို မြင်တာပါ။ နောက်ပြီး သူတို့ဟာ လူသတ်မားပြကြီးတွေဖြစ်ပြီး ဥစ္စာရှိက်မှုအမျိုးမျိုး ကျူးလွန်လို့ ထောင်ကျရာက ထောင်ဖောက်ပြေးခဲ့ကြတယ်ဆိုတာလည်း အချင်းချင်းပြောနေတာ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပါ။ အဲဒါကို အရင် မယုံပေမယ့် ခုတော့ ယုံလိုက်စမ်းပါကွာ"

ဒါပေမယ့် နိုင်ဝမ်ဒီး၏စကားကို ကြားကြားချင်း သူ့မိန်းမက

"ဟောတော့။ ကိုယ်တော်လေး စိတ်ဖောက်ပြီး အရူးထလာပြန်ပြီ။ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

အကြံထုတ်လိုက်ရာမှ တောက်ကာင်ကာ ရုတ်တရက်ကုတင်ပေါ်မှ ခုန်ဆင်းပြီး သူ့အာမေဖာမေတွေရှိရာ အခန်းကိုပြေး၍

"အမေ။ အဖေ။ လုပ်ကြပါဦး။ နိုင်ဝမ်ဒီး ပြန်ရူးပြီထင်ပါရဲ့။ မြန်မြန်လာကြည့်ကြပါဦး"

နိုင်ဝင်ဒီးလည်း "ဪ၊ ငါ့စကားကို မယားအရင်းခေါက်ခေါက်ကြီးကတောင် လက်မခံနိုင်ပါလား"ဟု နောင်တရပြီး ဝမ်းနည်းမဆုံးဖြစ်သွားရသည်။

တစ်ဖက်ကလည်း ရသေ့ယုတ်၏ပြုပ်ကောင်းမှုနှင့်ကို တွေးကြောက်မိပြန်ရာမှ ဦးနှောက်ခြောက်သွားရပြန်၏။

"ဒီအတိုင်းဆို အများ မိုးခါးရေသောက်သလို မသောက်နိုင်တဲ့ငါ့အတွက် နေစရာမရှိတော့ဘူး။ ဒီက ငအ အရူးတွေကြားမှာ ဆက်နေလို့ကတော့ ငါပဲ ဒုက္ခရောက်ရုံရှိတော့မယ်"

ထိုသို့ထိုနှယ် စဉ်းစားမိသည့်အဆုံး နိုင်ဝမ်ဒီးခမျာ အိပ်ရာမှ ကမန်းကတမ်းထ၍ အိမ်အောက်သို့ ဒရောသောပါးဆင်းခဲ့တော့သည်။ ဖိနပ်မပါ ခြေဗလာ အဝတ်တစ်ထည်ကိုယ်တစ်ခု ဖြင့်သာ သူ့ဇာတိရပ်မြေ မွေးဌာနေသို့ တစ်ဟုန်ထိုးမနားတမ်း ထွက်ပြေးခဲ့ရရှာလေသော ဟူသတည်း။

**ဆင်ခြင်ရန်** ။ ။ ၁။ ရေတစ်ပေါက်က မီးတောက်ကြီးကို မငြိမ်းနိုင်။
၂။ အသိဉာဏ်မဲ့သူတွေကြားမှာ ပညာရှိသူ နေလို့မရ။
၃။ ညံ့သူတွေများလျှင် ညံယောင်ဆောင်နေတာ အကောင်းဆုံး။
၄။ မှန်တိုင်းလည်း မပြောနှင့်၊ မှားတိုင်းလည်း မလျှောက်နှင့်။

☺



## သစ္စာတန်ခိုး

ရှေးအခါက ထိုင်းနိုင်ငံ ဆူပါဘူရီမြို့အနီး ကလောင်မြစ်ကမ်းဘေး၌နေကြသော ထိုင်းလူငယ်ဇနီးမောင်နှံတို့ ရှိကြလေ၏။

သူတို့သည် လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြသူများဖြစ်၍ ဇနီးသည်မှာ ကိုယ်ဝန်ကြီးကိုဆောင်ထား၏။

တစ်ညမှာတော့ ရက်မစေ့သေးဘဲ အသည်းအသန်ဗိုက်နာခဲ့ရာမှ ကလေးမွေးတော့မည်ဟု နားလည်လိုက်ကြသည်။

ဝမ်းဆွဲသည်က သူတို့အိမ်မှ သုံးလေးမိုင်ဝေးသော ရွာတွင်နေသဖြင့် လယ်သမားလူငယ်အဖို့ အကြံအိုက်သွားရ၏။

အနီးအပါးမှာတော့ အိမ်ထောင်စု နှစ်စုသုံးစုရှိ၍ မိန်းမဖော်တစ်ချို့က လာကူညီကြ၏။

သူတို့တွေက တစ်သမှုမှတ်သမှုဖြင့် ဝိုင်း၍မွေးဖွားခဲ့ကြရာမှ သားငယ်ကလေး မျက်နှာမြင်ခဲ့၏။

လယ်သမား လူငယ်အဖို့ အပျော်ကြီး ပျော်သွားရသည်။

သို့သော် ကြာကြာတော့ မပျော်လိုက်နိုင်ပါချေ။

အဘယ်ကြောင့်ဟူမူ သူ့ဇနီးက မီးဖွားပြီးသည့်တိုင်အောင်နာကျင်မှုဝေဒနာကို ဆိုးဆိုးဝါးဝါး ဆက်လက်ခံစားနေရသောကြောင့်ပင် ဖြစ်၏။

ဤတွင် အိမ်နီးချင်းမိန်းမများက ရေမန်းတိုက်သူ တိုက်၊ နှိပ်သူ နှိပ်၊ နယ်သူ နယ် အစွမ်းကုန်ပြုစုကြပြန်၏။

သို့တိုင် ကလေးအမေခမျာ သက်သာသည် မရှိခဲ့။

အခြေအနေက တဖြည်းဖြည်းဆိုးလာသလို ယဲ့ယဲ့ကလေးမျှသာ ကျန်တော့သည်။

သူတို့ထဲ၌ သူနာပြုဆရာမလည်း မရှိသဖြင့် လူနာအခြေအနေကို သည်အတိုင်းလက်ပိုက်ကြည့်နေရုံသာ တတ်နိုင်၏။

ထိုအခါ ခင်ပွန်းဖြစ်သူ လယ်သမားကလေးမှာလည်း ရတက်မီး လောင်ရင်းတန်းလန်းက သူ့ဇနီးအသက်ကို ကယ်နိုင်မည့်နည်းလမ်းအား ရှာကြံနေမိသည်။

သို့ဖြင့် လွန်ခဲ့သော တစ်ရက်နှစ်ရက်က သူ့အိမ်ရှေ့ လှေဆိပ်သို့ လှေထိုးကပ်ပြီး သီတင်းသုံးနေခဲ့သော ဘုန်းကြီးတစ်ပါးကို အမှတ်ရလိုက်၏။

ဘုန်းကြီးကြွလာသည်ကို တွေ့ခဲ့ကြသော သူ့အိမ်နီးချင်းများကို လယ်သမားကလေးက တိုင်ပင်မိ၏။

"ငါက အဲ့ဒီဘုန်းကြီးကို သုံးရက်ဆက်ပြီး ဆွမ်းလောင်းခဲ့တာကွ။ ဒီတော့ သူ့ကို သွားခေါ်ပြီး ငါ့မိန်းမကို လာကြည့်နိုင်းရရင် မကောင်းဘူးလား။ သူကတော့ ငါ့မိန်းမအတွက် တစ်ခုခုဆုတောင်းပေးနိုင်မယ် ထင်တာပဲ။ ကံကောင်းလို့ သူဟာ တန်ခိုးကြီးတဲ့ဘုန်းကြီးဖြစ်နေရင် ဂါထာတစ်ပုဒ်နှစ်ပုဒ် မန်းမှုတ်ပေးတာနဲ့ သက်သာသွားနိုင်တယ်။ တို့တတွေ ငုတ်တုတ် ထိုင်ကြည့်နေတာ ထက်စာရင် တော်ဦးမှာပေါ့"

လယ်သမားကလေးလည်း သူ့အိမ်ရှေ့ ဆိပ်ခံတွင်ကပ်ထားသောလှေသို့ အပြေးဆင်းသွားပြီး၊ လှေထဲကဘုန်းကြီးအား ပင့်၏။

ဒါပေမယ့် ဘုန်းကြီးက ငြင်း၏။

"သည်းခံဒကာ။ ဘုန်းကြီးဟာ ဒီမီးဖွားတဲ့အလုပ်ကို ဘာမှ နားမလည်ဘူး။ ဒကာ လာလျှောက်တာ လွဲနေပြီ"

လယ်သမားကလေးလည်း အားကိုးရာမဲ့ ငိုကျွေးတော့သည်။

"ဒါဖြင့် ကျွန်တော့်မိန်းမကို ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား။ မြေပြင်နဲ့ ကောင်းကင်မှာရှိသမျှ နတ်မင်းအပေါင်းတို့၊ အချိန်မနှောင်းခင် ကြွလာကြပါ။ ကျွန်တော်မျိုးတို့ ဒုက္ခရောက်နေတုန်းမှာ မေတ္တာထားပြီး လာကူညီကြပါ"

စသဖြင့်လည်း တိုင်တည်လေ၏။

ထိုအခါ အာဂန္တုဘုန်းကြီးလည်း မနေသာတော့ပါ။

သူ့ကို နေ့စဉ်ရက်ဆက် ဆွမ်းလောင်းခဲ့သည့် ကျေးဇူးကိုလည်း ထောက်ထားမိပြီး လယ်သမားခေါ်ရာနောက် တက်လိုက်ခဲ့တော့သည်။

အိမ်ခန်းထဲမှ လယ်သမားမိန်းမ၏အခြေအနေကို ကြည့်လိုက်တော့ သိပ်မဟန်လှကြောင်း တွေ့ရသည်။

သို့ဖြင့် ကြားဖူးနားဝရှိသော ဘုရားစာများနှင့် ဂါထာမန္တာန်တွေ ရွတ်ပေး၏။

ပရိတ်ရေတွေ တိုက်၏။

သို့လင့်ကစား လယ်သူမကလေးမှာ ကောင်းမလာပါ။

ဘုန်းကြီးလည်း ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ တခြားလူများနည်းတူပင် လက်မှိုင်ချ၍ ထိုင်ငေးနေမိလေတော့သည်။

လယ်သူမကလေးကတော့ ဘာတစ်ခုမှ လုပ်မပေးနိုင်လျှင် အနေးနှင့်အမြန် သေရတော့မည်မှာ ကျိန်းသေနေပေပြီ။

ဘုန်းကြီးလည်း ဟိုတွေးဒီတွေးနှင့် ရောက်တက်ရာရာတွေးရင်းမှ ဖြုန်းခနဲ အကြံရလိုက်သလို လယ်သမားကလေးဘက်လှည့်ပြောလိုက်၏။

"ဘုန်းကြီး အကောင်းဆုံးနည်းကို စဉ်းစားမိပြီ။ ဒကာလေးရေ၊ တခြား ဟုတ်ပါရိုးလား။ ကျုပ်ရယ် ဒကာရယ်

ဒဏ္ဍာမိန်းမရယ် သစ္စာဆိုကြမယ်။ တို့များလူမသိသူမသိ ဖုံးကွယ်ထားတဲ့အပြစ်တွေကို ထုတ်ဖော်ဝန်ခံပြီး၊ နောက်နောင်လည်း မကျူးလွန်တော့ပါဘူးလို့ ကတိပြုကြရမယ်။ ဒါကို ရတနာသုံးပါးနဲ့ ကိုယ်စောင့်နတ်တွေ တိုင်တည်ပြီး ကာကွယ်စောင့်ရှောက်ပါ၊ ကူညီမိုင်းမပါလို့ ဆုတောင်းကြရအောင်။ တို့သုံးယောက် ပေါင်းလိုက်ရင် အားတစ်ခုဖြစ်လာပြီး ဒဏ္ဍာမိန်းမကို တယ်နိုင်မှာပဲ"

လယ်သမားလင်မယားခမျာလည်း အကြံကုန် ဂဠုန် ဆားချက်ဆိုဘိသကဲ့သို့ ဘုန်းကြီးပြောသည့်အကြံကို လိုက်နာဖို့ တစ်လမ်းသာ ရှိတော့၍ မလွှဲသာလွှဲသာ သဘောတူလိုက်ကြတော့သည်။

ပထမဦးစွာ အိမ်နီးချင်းများကို ရှောင်ပေးရန် လယ်သမားက ပန်ကြား၏။

သူတို့သုံးယောက်တည်း ကျန်ခဲ့ပြီဆိုမှ ဘုန်းကြီးက ပရိတ်ရေထည့်ထားသော သပိတ်ကို သုံးယောက်သား အလယ်တွင်ချ၍ ဖယောင်းတိုင်တစ်တိုင်ကို သပိတ်နှုတ်ခမ်းပေါ်၌ မီးထွန်းပြီး စိုက်လိုက်၏။

အားလုံး အဆင်သင့်ဖြစ်ပြီဆိုတော့ သုံးယောက်စလုံး ဘုရားကန်တော့၍ နတ်ဒေဝတာများကို ပင့်ကြသည်။

ဘုန်းကြီးက အစီအစဉ်ကို ဦးဆောင်စတင်ရန် လယ်သမားကလေးက လျှောက်၏။

ဘုန်းကြီးကလည်း လက်ခံပြီး အောက်ပါအတိုင်း ဖွင့်ဟသစ္စာဆိုလေသည်။

"အမှန်တော့ ကျုပ်ဟာ ဘုန်းကြီးအစစ် မဟုတ်ပါဘူး။ ဓားပြတစ်ယောက်သာ ဖြစ်ပါတယ်။ မကောင်းမှုအမျိုးမျိုး ကျူးလွန်လို့ ထောင်လည်း အကြိမ်ကြိမ်ကျခဲ့ပါတယ်။ နောက်ဆုံးတစ်ခေါက် ထောင်ကလွတ်ခဲ့တဲ့နောက် သင်္ကန်းတွေကို ခိုးပြီး

ဘုန်းကြီးအယောင် ဆောင်ခဲ့တာပါ။ ဒါကလည်း ဒီ အိမ်စုက လူတွေ အိပ်မောကျနေတဲ့အချိန်မှာ ပစ္စည်းတွေဝင်ခိုးဖို့ အကြံနဲ့ ဖြစ်ပါတယ်။ ခိုးလို့မရရင် လုယက်ဖို့ ကြံထားပါတယ်။ အခုလို ဝန်ခံစကားပြောပြီးတဲ့ အချိန်ကစပြီး နောက်နောင် ဘယ်တော့မှ ခိုးပြတိုက်လုယက်မှုတွေ မလုပ်တော့ပါဘူး။ ဤ မှန်ကန်သော သစ္စာစကားကြောင့် မိန်းကလေးမှာ ခံစားနေရသောရောဂါဝေဒနာများပျောက်ကင်း၍ အသက်ချမ်းသာရာ ရပါစေသတည်း"

ထို့နောက် လယ်သမားယောကျ်ားအလှည့်ကျ၍ သူ့မိန်းမကို မရဲတရဲလှမ်းကြည့်ရင်း စိတ်တင်းပြီး သစ္စာပြုပြန်၏။

"လွန်ခဲ့သော နှစ်လက အကျွန်ုပ်၏မိန်းမသည် ကိုယ်ဝန်အရင့်အမာကြီးဖြစ်နေသဖြင့် ၎င်း၏ညီမ ကျွန်ုပ်၏ခယ်မဖြစ်သူနှင့် ဖောက်ပြားကာ အာသာဆန္ဒကို ဖြေဖျောက်မိပါသည်။ ထို့ပြင် ခယ်မအား ခိုးပြေးရန်လည်း ကြံမိပါသည်၊ ခယ်မက သဘောမတူ၍ အကြံ အထမမြောက်ခဲ့ပါ။ ရှေ့ဆက်၍လည်း ဤအမှားမျိုး မလုပ်တော့ပါ။ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်၏မိန်းမ ရောဂါသက်သာပြီး အမြန်ဆုံး ကျန်းမာပါစေ"

ထိုအခါ ရှိုးရှိုးတန်းတန်းဆိုလျှင် ဘယ်လိုမှ ထနိုင်မှာ မဟုတ်သည့်မိန်းကလေးက ငေါက်ခနဲ လူးလဲရုန်းထပြီး အော်သံငေါက်ငေါက်ဖြင့်

"ဪ။ ရှင်က ဒီလိုကိုး။ ဒါဖြင့် ကျွန်မကလည်း ဖွင့်ပြောရသေးတာပေါ့။ အခုမွေးတဲ့ ပေါက်စီကလေးဟာ ရှင်နဲ့ရတာ မဟုတ်ဘူး။ မှတ်ကရောလား"

ဒေါနှင့်မောနှင့်ပြောပြီး အိပ်ရာပေါ် ပြန်လဲသွားရာမှ ရှေးနည်းအတိုင်း

"ဒါပေမယ့် နောက်ကို ကျွန်မယောကျ်ားကလွဲ၍ တစ်ခြား ဘယ်သူနဲ့မှ မဖောက်ပြန်တော့ပါ။ ကတိသစ္စာပြုပါတယ်။ ဒီသစ္စာ

မုန့်ပါက ကျွန်မမိသားစုမှာ ဘေးရန်ကင်းပြီး ချမ်းသာပျော်ရွှင်ခြင်းတွေနဲ့ ပြည့်စုံရပါစေ"

ဟု ဆိုလိုက်လေ၏။

သည့်နောက်တော့ ဘုန်းတော်ကြီးနှင့် ပုဂ္ဂိုလ်က ဖယောင်းတိုင်ကိုယူ၍ ပရိတ်ရေထဲနှစ်လိုက်ရင်းက ထပ်ဆင့်တိုင်တည်လိုက်ပြန်သည်။

"ကျွန်ုပ်တို့၏သစ္စာစကားများသည် မုသားမပါ စင်းလုံးချော မှန်ကန်ကြပါသည်။ မှားယွင်းဒိုက်မဲမှုများကို ဝန်ခံ၍ လူကောင်းသူကောင်း ရဟန်းကောင်းများအဖြစ် အကျင့်သီလကောင်းများ ဆောက်တည်သွားရန်လည်း ကတိပြုကြပါသည်။ ထို့အတွက် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ သာသနာစောင့် လောကစောင့် နတ်မင်းကြီးများက ဤသပိတ်ရေထဲသို့ အစွမ်းထက်သော မဟာဩသဓနတ်ဆေးများ သွန်းလောင်းပေးကြပါ။ ဤပရိတ်ရေ၏ တန်ခိုးအာနုဘော်ကြောင့်လည်း ကျွန်ုပ်တို့မှာ ရှိသမျှ အာယာတရန်ငြိုးအမုန်းတရား ပြေပျောက်လျက် ချစ်ခြင်းမေတ္တာနှင့် ပျော်ရွှင်ခြင်းသုခများ ခံစားရရှိပါစေသတည်း။ အထူးသဖြင့် ဤနှမငယ်တွင် ခံစားနေရသော နာကျင်မှုဝေဒနာပြင်းထန်သောရောဂါများသည် တစ်မုဟုတ်ချင်း ပျောက်ကင်းချမ်းသာပါစေသတည်း"

အဆုံးတွင် ဘုန်းကြီးလုပ်သူက နတ်ရေစင်ဖြင့် မိန်းမငယ်ကို ပက်ဖျန်း၍၊ တစ်ချို့ကို သူ့ယောက်ျားအား ဝမ်းပျဉ်၌ လိမ်းစေပြီး၊ ကျန်ရေများကို ဝေငှသောက်သုံးကြစေ၏။

သစ္စာ၏ တန်ခိုးသတ္တိကား ထူးခြားဆန်းကြယ် အံ့ဩဘွယ်ရာ ကောင်းလှသည်။

## ရွှေလိုချင် ရွှေဖြစ်ရမယ်

ဘုရင်နောင်ရှိင်းလက်ထက်အချိန်အခါ ဟံသာဝတီ အယုဒ္ဓယမြို့တော် အနီး၌ နိုင်ဟာတောင်းနှင့် နန်းဆောင်ဆိုင်အမည်ဖြင့် လင်မယား နှစ်ယောက် ရှိလေသည်။

သူတို့၏ မိဘများက အထိုက်အလျောက်ချမ်းသာကြွယ် ဝသော်လည်း တစ်အိုးတစ်အိမ်ထောင်ခဲ့သော သူတို့လင်မယား ကတော့ မရှိမရှားစားနိုင်သောက်နိုင်ရုံအဆင့်သာ ဖြစ်ခဲ့၏။

နန်းဆောင်ဆိုင်သည် သွက်လက်ထက်မြက်၍ လုံ့လဝီရိယ ကြီးမားပြီး မယားဝတ္တရားကျေပွန်သော အိမ်ထောင်ရှင်မကောင်း တစ်ယောက် ဖြစ်၏။

ဒါပေမယ့် ယောကျ်ားဖြစ်သူ နိုင်ဟာတောင်းကတော့ သူနှင့် ဘက်မညီ။ အခြားယောကျ်ားများလို လက်ကြောတင်း သူ မဟုတ်။ စားမဦးချအလုပ်ကို မလုပ်တတ်။ အချိန်ရှိသရွေ့ အဂ္ဂိရတ်ထိုးပြီး ရွှေဖြစ်ငွေဖြစ်ကြံနေသူ၊ စိတ်ကူးယဉ်သမားတစ်ဦး သာ ဖြစ်နေလေတော့သည်။

လူပျို့ဘဝကတည်းက ထိုးလာတဲ့ဖို၊ မိန်းမရပြီးတော့လည်း မရပ်သေး။ နှစ်တွေလတွေဆက်ပြီး ကြိုးစားပေမယ့် အရာမထင်။ မီးသွေးဖိုးကုန်ရုံသာ အဖတ်တင်၏။

အချိန်ကုန်လူပန်း ကြေးကနေ ရွှေဖြစ်ဖို့ကတော့ အရိပ် အယောင်ကလေးမျှ မသမ်းခဲ့သေး။

သူကတော့ အားမလျှော့၊ စိတ်မပျက် ဖွဲကောင်းနေပေမယ့် ဇနီးသည်ကတော့ စိတ်ကုန်လှပါပြီ။

ကြည့်လေ။ ရှိသည့်ပစ္စည်းကလေးတွေက တိုးတယ် မရှိ။ ကြာလျှင် ပရပ်လုံးလို လုံးပါး ပါးတော့မည်ဟု သိသည်။

ယောက်ျားဖြစ်သူက ပထမတော့ချော့ပြောသည်။ မရတော့ ကြမ်းသည်။ နောက်ဆုံးတော့ ဆောင့်သည်၊ နေ့ရှိသမျှ ပူညံဆူညံနှင့် လင်မယား တကျက်ကျက်ဖြစ်ခဲ့ရတော့သည်။

နိုင်ဟာတောင်းသည် ပြောတုန်းခဏသာ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့လူစား။ မထုံတက်သေးနှင့် သူထင်ရာ သူ ဆက်လုပ်ရုံမက နန်းဆောင်ဆိုင်ကိုပင် စိတ်မရှည်ရကောင်းလား အပြစ်တင်သေးသည်။

ကြာတော့ နန်းဆောင်ဆိုင် သည်းမခံနိုင်တော့။

သူ့အဖေအိမ်သို့ သွားတိုင်လေတော့သည်။

သူ့ယောက်ျား ပြောမရဆိုမရ အပ္ပိရတ်ရှူး,ရှူးပြီး ထိုင်ဖြုန်းပစ်နေသည့်အကြောင်းများကို အိတ်သွန်ဖာမှောက် ပြောပြီး ချုန်းပွဲချ ငိုလေတော့၏။

အဖေကြီးက သမီးပြောသမျှ ငြိမ်၍ နားထောင်ရင်း သနားကရုဏာသက်စွာဖြင့် ငေးကြည့်နေမိခဲ့၏။

ဘာတစ်ခွန်းမှ ပြန်မပြော။

သမီး ပြန်သွားပြီဆိုမှ သူ့အိမ်မှ အစေအပါးတစ်ယောက်ကိုလွှတ်၍ သားမက် နိုင်ဟာတောင်းအား အိမ်လည်လာရန် ခေါ်ခိုင်းလိုက်သည်။

နိုင်ဟာတောင်းလည်း ယောက္ခမကြီးကို ရိုသေသလို ချက်ချင်းပင် ထလိုက်လာ၏။

ထို့နောက် အဖိုးကြီးနှင့် နိုင်ဟာတောင်း အခန်းတစ်ခု၌ အေးအေးဆေးဆေး တွေ့ဆုံခဲ့ရပြီး အဘိုးကြီးက

"အဖေ သိရသလောက် ငါ့သားဟာ အင်္ဂလိပ်ရတ်ပညာမှာ အလွန်ဝါသနာပါပြီး နှစ်နဲ့ချီလိုက်စားခဲ့တာ ကြာပြီလို့ ဆိုတယ်။ နို့ပေမယ့် ထင်တိုင်းမပေါက်ဘဲ အရှုံးပေါ်နေတယ် မဟုတ်လား။ အေး။ မင်းက အဖေ့ကိုမှ မတိုင်ပင်ဘဲကိုး ကွ။ အဖေ့အနေနဲ့ ဒါတွေ နားမလည်ဘူး စိတ်မဝင်စားဘူး မှတ်နေတယ် ထင်ပါရဲ့။ စင်စစ်တော့ အဖေက ရွှေဖြစ်အောင်လုပ်တဲ့အတတ်ကို ကောင်းကောင်းကျွမ်းပြီးသားကွ။ အင်္ဂလိပ်ပညာရဲ့ အဓိကလျှို့ဝှက်ချက်တွေကို ပိုင်ပိုင်နိုင်နိုင်သိတာပေါ့။ ကြေးကို စင်အောင်ထိုးနိုင်ရင် ပုရပိုက်ခေါက်ဆိုတဲ့ တစ်ဆယ့်ခြောက်ပဲရည်ဖြည့် ရွှေစင်ဖြစ်တဲ့ အထိကို လုပ်နည်းတွေရှိခဲ့တယ်။ ခက်တာက အဖေက အခု အသက်ကြီးလှပြီ။ အဲဒီလို စွန့်စွန့်စားစားပင်ပင်ပန်းပန်းနဲ့ အချိန်ကုန်ခံပြီး မလုပ်နိုင်တော့ဘူး"

နိုင်ဟာတောင်းသည် ယောက္ခမအိုကြီး၏ စကားကို နားထောင်ရင်း ငါ အနှစ်နှစ်အလလက မျှော်မှန်းခဲ့တဲ့ရည်ရွယ်ချက်ကြီး အောင်မြင်ရတော့ပါလားဆိုပြီး အားရတက်ကြွလာစိတ်ဖြင့် မျက်လုံးတွေ တဖျတ်ဖျတ်အရောင်တောက်လာ၏။

သို့ဖြင့် တရိုတသေလက်အုပ်ချီ၍ ယောက္ခမကြီးအား ရှိခိုးရင်း

"အဖေခင်ဗျား။ အဖေ့သားကို သနားသဖြင့် အဖေတတ်သမျှ ပညာရပ်များကိုပေးပါတော့။ အောင်မြင်မှုရဖို့အတွက် အမိုးကြေကြေအရေခမ်းခမ်း နောက်မဆုတ်တမ်း ကြိုးစားပါ့မယ်။ သား ချမ်းသာချင်လှပါပြီ"

အဖိုးအိုလည်း သားမက်ဖြစ်သူက သူ့စကားကို လေးလေးယုံကြည်ပြီး လိုက်နာကျင့်ဆောင်မည်မှန်း သိသည့်နောက် ယခုလို စကားဆက်ခဲ့ပြန်၏။

"ငါ့ရဲ့ ရွှေဖြစ်နည်းမှာ သုံးရမယ့်ဓာတ်ပစ္စည်းတွေ အားလုံးလိုလို ငါ့ဆီမှာ ရှိနေပေမယ့် တစ်မျိုးတော့ လိုနေတယ်။ အဲ့ဒီတစ်မည်ကလည်း ရှားရှားပါးပါးမဟုတ်ပါဘူး။ မင်းမျက်စိအောက်တင် ရှိတာပါ။ အလွယ်တကူ ရှာလို့ရပါတယ်။ အဲ့ဒီဓါတ်ပစ္စည်းကတော့ တခြား ဟုတ်ပါရိုးလား။ ငှက်ပျောရွက်တွေမှာ လာကပ်နေတတ်တဲ့ အဖြူရောင်အမှုန်အမွှား မှုံတစ်မျိုးပဲ။ အဲ့ဒီ အဖြူမှုန့်ကလေးတွေ တစ်ပိဿာကျော်ကျော်လောက်ရရင် ဖြစ်ပြီ။ ဒါပေမယ့် တစ်ခြားခြံတွေက ငှက်ပျောပင် မဟုတ်ရဘူးနော်။ မင်းပိုင်တဲ့ ငှက်ပျောပင်တွေ ဖြစ်ရမယ်။ မင်းကိုယ်တိုင်တွင်းတူး။ မင်းကိုယ်တိုင်စိုက်တဲ့ ငှက်ပျောပင်တွေ ဖြစ်ရင် ပိုကောင်းတယ်။ အဲ့ဒီ အမှုန်ကလေးတွေ မြန်မြန်နဲ့ များများရချင်ရင်တော့ ငှက်ပျောပင်တွေ များများစိုက်ရမှာပေါ့။ မင်းလုပ်မယ်ဆိုရင် ငါတတ်နိုင်သလောက် ကူညီမယ်။ ဘာအခက်အခဲတွေ့တွေ့ ငွေရေးကြေးရေးကအစ လိုအပ်သလို ပြောပေါ့။ ဟုတ်ပြီလား"

နိုင်ဟာတောင်း အပျော်ကြီး ပျော်သွားသည်။

မကြာခင် ရွှေသူဌေးကြီး ဖြစ်ရတော့မည်ဆိုပြီး ပီတိတွေဖြာသွားသည်။

တစ်ဖက်ကတော့ သူ အလဟဿဖြုန်းတီးပစ်ခဲ့သဖြင့် အရင်းအနှီးစိုက်ဖို့ သိပ်မကျန်တော့။

သို့ပေမယ့် အိမ်ပြန်လာပြီး သူ့ဇနီးနန်းဆောင်ဆိုင်အား အဖေမှာလိုက်သည့်စကားများကို ဝမ်းသာအားရ ပြောပြသည်။

နန်းဆောင်ဆိုင်လည်း ဝမ်းမြောက်စွာပင် သူ့ကို လက်တွဲကူညီဖို့ သဘောတူ၏။

သူတို့က ကြာကြာအချိန်မဆွဲတော့ဘဲ နေ့ချင်းညချင်း မဟာစီမံကိန်းကို အကောင်အထည်ဖော်တော့သည်။

သူတို့မှာ ရှိသမျှရွှေတွေငွေတွေနှင့် အမွေရထားသည့် ပစ္စည်းဥစ္စာတွေကို ရာတ်သုံးပြီး သူတို့အိမ်တစ်ဝိုက် လက်လှမ်းမီသမျှ ခြံတွေမြေတွေကို ဝယ်သည်။

ခြံရှင်းဖို့ အလုပ်သိမားတွေ ငှားသည်။

ပြီးတော့ လင်မယားနှစ်ယောက် ဦးဆောင်မှု ငှက်ပျောပင်တွေ စိုက်သည်။

နိုင်ဟာရွှေတောင်းကတော့ ပထမတစ်ကြော ငှက်ပျောပင်တွေ စစိုက်ပြီးကတည်းက နောက်ပိုင်းတွင် ငှက်ပျော ဘယ်နှစ်ကေစိုက်၍ ငှက်ပျောဘယ်နှစ်ပင် ရှိခဲ့ပြီဆိုတာတွေကို မသိတော့။

သူသိသည်က ငှက်ပျောပင်တွေ အမြန်ဆုံးကြီးပြီး အဖူးမှုန်လေးတွေ များများတင်ဖို့ပင် ဖြစ်၏။

ငှက်ပျောပင်တွေ အရွယ်ရောက်၍ ငှက်ပျောရွက်ကြီး တဖားဖား ဖြစ်လာပြီဆိုတော့လည်း သူ့ခမျာ အမှုန်ကလေးတွေ လိုက်ရှာစုရင်း ချိန်လားတွယ်လား အလုပ်ရှုပ်နေရသည်မှာ အမော။

ထိုအချိန်မှာ သူမိန်းမနန်းဆောင်ဆိုင်ကတော့ တစ်နေကုန် အားကြိုးမာန်တက်နှင့် ငှက်ပျောခြံလုပ်ငန်းကို ကြီးကြပ်နေခဲ့သည်။

ငှက်ပျောပင်တွေ သန့်မာကြီးထွားရေးအတွက် ရေလောင်း၊ ပေါင်းသင်၊ အကိုင်းအရွက်တွေ ချိုင် စသဖြင့် ဟာကွက် မရှိရအောင် ဂရုစိုက်နေခဲ့၏။

ဤသို့ဖြင့် သုံးနှစ်ဆိုသောကာလသို့ ရောက်မှန်းမသိရောက်သွားတော့၏။

ထိုအခါ ရောမ ငှက်ပျောခြံရှင်ကြီးအဖြစ် တစ်မြို့လုံးက သြချရလောက်အောင် ဖြစ်ထွန်းလာကြရလေပြီ။

သူတို့ခြံရှေ့ မြစ်ဆိပ်မှာ အခါက ငှက်ပျောဗိုင်ကြီးဖွင့်လျက် အကြီးအကျယ် တင်ပို့ရောင်းချနေရသည့်ဘဝသို့ ရောက်ခဲ့ကြ၏။

ငှက်ပျောလှေတွေက နေ့ရောညပါ ဥဒဟိုမပြတ်ဝင်ထွက် သွားလာလျက် ကြက်ပျံမကျ ရောင်းဝယ်ဖောက်ကားနေသည်မှာ ပွဲတော်ကြီးလား အောက်မေ့ရတော့သည်။

သို့ရာတွင် နိုင်ဟာတောင်းကတော့ ဒါတွေကို သတိမမူ၊ ဂရုမစိုက်အား။

လူတွေ ပျားပန်းခတ်မျှခြေရှုပ်ပြီး ဘာတွေလုပ်လို့ ဘယ် လောက်ရောင်းရပြီး ဘယ်အခြေအနေ ဆိုက်နေပြီလဲ။ ယောင်လို့ မျှ တစ်ခါ မမေးဖူးခဲ့။

သူ့အလုပ်က မိုးလင်းလာသည်နှင့် အလုပ်သမားတွေ ထပ် စိုက်ထားသော ငှက်ပျောပင်တွေ ရှင်,မရှင်၊ ငှက်ပျောရွက်တွေ ကြီးမကြီး လိုက်စစ်ပြီး ညနေစောင်းတွင် ငှက်ပျောရွက်တွေ ပေါ်မှ အဖြူမှုန်လေးတွေ လိုက်ခြစ်ကာ ဘယ်လောက်သား ရသွားပြီဟု ချိန်တွယ်စုဆောင်းထားဖို့ပင် ဖြစ်၏။

သည်လိုနှင့် နောက်ထပ် နှစ်နှစ် ကုန်မှန်းမသိ ကုန်သွား ပြန်သည်။

ငါးနှစ်တင်းတင်း ပြည့်ခဲ့သည်နှင့်အမျှ ယောဂီမကြီး လို ချင်သော ငှက်ပျောရွက်ကဖြစ်သည့် အဖြူမှုန့်ကလေးတွေလည်း တစ်ပိဿာကျော်ကျော် ရခဲ့ပါလေပြီ။

ဇနီးအိမ်ရှက်က လက်တွေ့ဖြစ်တော့မည်ဆိုပြီး အဖြူမှုန့် များကို ထုပ်ပိုးကာ ယောဂီမကြီးအိမ်သို့ တန်းပြေးခဲ့တော့ သည်။

ယောဂီမကြီး ရှေ့မှောက်တွင် မှုန့်များကို ဖြည်ပြရင်း

"ကဲ၊ အမေ။ အမေမှာထားတဲ့ ဓာတ်ပစ္စည်းတွေ ရခဲ့ပြီဗျ။ တစ်ပိဿာထက် အများကြီးတောင် ကျော်ဦးမယ်"

အမေအိုယောက္ခမကြီးက ရယ်ရယ်မောမောနှင့်သာ ပြန်ပြောလိုက်သည်။

"အေး။ မကြာခင် မင်းဟာ ရွှေသူဌေးကြီး ဖြစ်တော့မယ်သားရဲ့"

ယောက္ခမကြီးစကားက နိုင်ဟာတောင်းအား အရူးဘုံမြောက် ဖြစ်သွားစေသည်။ ဝမ်းသာပျော်ရွှင်မှုကို ဘယ်လိုမှ ဟန်ဆောင်ဖုံးဖိလို့မရဘဲ တစ်မျက်နှာလုံးဝင်းထိန်နေတော့၏။

အဖိုးအိုလည်း ဘာမှဆက်မပြောတော့ဘဲ အိပ်စေတစ်ယောက်ကို လွှတ်၍ သမီးနန်းဆောင်ဆိုင်အား ခေါ်ခိုင်းလိုက်သည်။

နန်းဆောင်ဆိုင်ရောက်လာသောအခါ ငှက်ပျောသီးဖိုးငွေတွေ စုမိဆောင်းမိရှိရဲ့လားဟု မေး၏။ သမီးက ရှိပါသည်ဆိုလျှင် . . .

"အဖေ ကြည့်ချင်လို့ သွားယူလိုက်စမ်းပါ သမီးရယ်" ဟု ပြော၏။

ယောက္ခမအိုကြီး၏လုပ်ရပ်ကို နိုင်ဟာတောင်း ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ငှက်ပျောသီးရောင်းရတာနှင့် ဇာဂ္ဂရတ်ထိုး၍ ရွှေဖြစ်နည်းက ဘာပတ်သက်လို့လဲ။

စဉ်းစားရင်း အဖြေရှာမရသည့်အဆုံး ခေါင်းတွေ ချာချာလည်နေမိဆဲမှာပင် နန်းဆောင်ဆိုင် ရောက်လာသည်။

အံ့အားသင့်နေသော နိုင်ဟာတောင်း၏ရှေ့မှာပင် နန်းဆောင်ဆိုင်က ငွေထုပ်ကိုရေတွက်ပြရာမှ ငါးနှစ်အတွင်း ငှက်ပျောသီး ရောင်းရသော အမြတ်ငွေဒင်္ဂါးများမှာ သောင်းသိန်း၍ နေလေတော့၏။

အဖိုးအိုက နိုင်ဟာတောင်းဘက် လှည့်ကာ ပြောပြန်၏။

"ကဲ။ ဟော့ဒီငွေဒင်္ဂါးတွေဟာ အဖေ့နည်းနဲ့ ဖြစ်လာတာတွေပဲ။ ခုဆို ဒီငွေဒင်္ဂါးတွေကို မင်းအလိုရှိတဲ့ ရွှေတွေအဖြစ်နဲ့ ပြောင်းပစ်လိုက်လို့ရပြီ။ ဆယ့်ငါးပဲရည် ယူမလား။ ဆယ့်ခြောက်ပဲရည် ယူမလား။ ကြိုက်တာ ယူပေတော့။ ဒါမှမကျေနပ်သေးရင် စိန်တွေ ကျောက်တွေ ပတ္တမြားတွေ သွားဝယ်လိုက်ဦး။ ဒါမှမဟုတ် မြင်းတွေ နွားတွေ ကျွဲတွေ ဆင်တောင်ဝယ်မွေးလို့ ရဦးမယ်။ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ပိုးမဲ ကတ္တီပါတွေ ဝယ်ဝတ်စမ်း။ ကြိုက်သလို စည်းစိမ်ခံစားစမ်း။ ငါ့စိတ်ထင်တော့ ငါ့နည်းဟာ မင်းအင္ဂရက်နည်းထက် ပိုပြီး ကောင်းတယ်လို့ ဆိုချင်တယ်"

ပြောလိုက်တော့မှ နိုင်ဟာတောင်း ဂါးစပ်အှုဟောင်းသားနှင့် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

သူ့မိန်းမက ငှက်ပျောသီးတွေရောင်းရုံနှင့် ဒီလောက်ပဲ ငွေတွေရ,ရသလားဟု အံ့ဩဝမ်းသာဖြစ်နေရသည်က တစ်ကြောင်း၊ နောက်တစ်ကြောင်းက သူ့ယောက္ခမအိုကြီးက ပညာသားပါပါဖြင့် သူ့ကိုလှည့်စားရကောင်းလားဟု မခံချိမခံသာ ဖြစ်နေရသည်က တစ်ကြောင်း။

မခံချင်ဒေါသနှင့် ပီတိစိတ်တို့ လွန်ဆွဲနေရာမှ နောက်ဆုံးတော့ ပီတိစိတ်က အနိုင်ရလိုက်ပြီး ပြုံးယောင်သမ်းလာ၏။

ထိုအချိန်မှာပင် အဖိုးအိုက သားမက်ဖြစ်သူအား ရှင်းပြဆုံးမပြန်သည်။

"မင်း တစ်သက်လုံး ဒုက္ခဆင်းရဲခံပြီးကြိုးစားခဲ့တဲ့ ကြေးတို့ ငွေတို့ ခဲတို့စတဲ့ သတ္တုတွေက ရွှေစင်စစ်စစ်ဖြစ်အောင် ပြောင်းလဲဖို့ဆိုတာ သဘာဝကိုဆန့်ကျင်တဲ့ လုပ်ရပ်ပဲ ငါ့သားရဲ့။ အဖိုးတန်ရတနာဆိုတာ သူ့သဘာဝနဲ့ သူ မြေကြီးထဲမှာ

နှစ်ပေါင်းသန်းကုဋေ ချီပြီးမှ ဖြစ်လာရတာမျိုးပါ။ လူဖန်တီးလို့ မရကောင်းပါဘူး။ ရတဲ့တိုင်အောင်လည်း ရတဲ့နေရာလို့ မခေါ်ထိုက်ပါဘူး။ တို့လို သာမန်လူသားတွေအဖို့ အဝတ်တစ်ထည်ကို ဆေးဆိုးသလို ရွှေဖြစ်ငွေဖြစ် လုပ်ဖို့ဆိုတာ လွယ်တာမှတ်လို့ကွာ။ တို့လူသားတွေထဲမှာ လူဆိုးက လူကောင်းဖြစ်အောင် ပြောင်းဖို့တောင် ခက်ခက်ခဲခဲ မနည်းကြိုးကြိုးစားရတာ မဟုတ်လား။ သဘာဝရဲ့ သယံဇာတတွေကို ကိုယ်လိုသလို ပြောင်းလဲနိုင်ဖို့ဆိုတာ ဖြစ်တောင့်ဖြစ်ခဲ စိတ်ကူးယဉ်အိပ်မက် မက်တာပါပဲ။ တစ်နည်းဆိုရင်တော့ လက်တွေ့မကျဘူးဆိုရမယ်။ တော့။ လက်တွေ့ကျကျနဲ့ စိုက်ပျိုးရေးလုပ်တဲ့အခါကျတော့ မျှော်လင့်တွက်ဆတဲ့အတိုင်း အောင်မြင်တာပဲမဟုတ်လား။ ကဲ။ မင်း အဂ္ဂိရတ်ရှာဘဝနဲ့ ကုန်ခဲ့ရတဲ့ အချိန်တွေကို ပြန်သုံးသပ်ကြည့်စမ်း၊ အရှုံးချည်းပဲ ပေါ်ခဲ့သလို ဘယ်လောက် နှမျောစရာကောင်းလိုက်သလဲ။ အဲ့ဒီတုန်းကသာ ခုလို ငှက်ပျော ခြံလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ရင် ခုထက် နှစ်ဆသုံးဆ ချမ်းသာနေပြီပဲပေါ့။ ဒီတော့ နိဂုံးချုပ်ပြောရရင် အကျိုးမပေးဘဲ အဂ္ဂိရတ်ထိုးတဲ့အလုပ်ကို စွန့်လွှတ်ပြီး တကယ်ရွှေဖြစ်မယ့် စိုက်ပျိုးရေးကိုသာ အားစိုက်ပြီး ခရီးဆက်ပါလေတော့ သားရာ"

နိုင်ဟာတောင်းလည်း ယောက္ခမအိုကြီး၏ ဆုံးမစကားများကို ရေရေလည်လည်သဘောပေါက်ခဲ့ရသလို တစ်ချိန်တုန်းက ဆုံးရှုံးမိုက်မှားခဲ့ခြင်းများအတွက် နောင်တရလို့ မဆုံးနိုင်အောင် ဖြစ်နေခဲ့ရသည်။

သူတို့အပေါ် မေတ္တာကရုဏာကြီးမားစွာဖြင့် ဉပါယ်တံမျဉ်သုံး၍ တစ်ဖက်လှည့်နှင့် ငှက်ပျောပင်စိုက်စေခဲ့သည့် ပဉာ ရှိ ဖခင်အိုကြီး၏ လုပ်ရပ်ကိုလည်း အပြစ်မမြင်တော့သည့်အပြင် ကျေးဇူးတင်လို့ မဝစတမ်းဖြစ်ခဲ့ရတော့၏။

ထိုကျေးရွာကို မမေ့စတမ်းတုန့်ပြန်ဆုပ်သောအားဖြင့်-သူစုဆောင်းခဲ့သော ငှက်ပျောရွက်မှ အဖြူရောင်မှိုအမှုန့်ကလေးများကို ထမင်းရည်၊ မြေကြီးများနှင့် ရောစပ်ကာ ကျေးရွာရှင်ယောကျ်ာမအဖိုးအိုကြီး၏ ပုံတူပန်းပုရုပ် သွန်းလုပ်ကာ အိမ်ဦးခန်းတွင် သားစဉ်မြေးဆက်ပူဇော်ထားခဲ့ပါလေတော့သတည်း။

**ဆင်ခြင်ရန်** ။ ။ ၁။ ဆူးစူးလျှင် အပ်နှင့် နှုတ်ရ၏။
စိတ်ကူးယဉ်သမားကို လက်တွေ့ပြရ၏။
၂။ အသက်ကြီးလေ ပညာဗဟုသုတ ကြီးလေ၊ အဖိုးတန်လေ ဖြစ်သည်။
၃။ ရွှေမိုးရွာအောင် မိုးပေါ်မျှော်နေမည့်အစား၊ မြေကြီးမှာ ရွှေပင်တွေ စိုက်လျှင် ရွှေသီးတွေ စားရမည်။

☺

## ပျားရည်တစ်စက်၏ သမိုင်း

ဟိုးဟို ရှေးလွန်လေပြီးသော အခါသမယတစ်ခုက အင်မတန်သာယာစည်ပင်သော ရွာကြီးတစ်ရွာ ရှိခဲ့ဖူးပါသည်။

ထို ရွာသူရွာသားများသည် အချင်းချင်း ချစ်ခင်လေးစား၍ စည်းလုံးညီညွတ်မှု ရှိကြသည်။ တစ်ယောက်ကို တစ်ယောက် လက်ကလေးနှင့်မှ မရွယ်ဘူးအောင် ခိုက်ရန်ဖေါ်သကင်းကြသည်။ စိတ်သဘောထား ကောင်းကြသလောက် ဖြောင့်မတ် ရိုးသားကြသည်။ ကြင်နာသနားတတ်ကြသည်။ ထို့ကြောင့်လည်း သူတို့ရွာကြီးမှာ သာယာအေးချမ်းလျက် ပျော်ရွှင်ချမ်းမြေ့သော စံပြရွာကြီး ဖြစ်ခဲ့ရလေ၏။

သို့သော် တစ်နေ့တော့

ထိုရွာကြီးသို့ ပျားရည်အိတ်ကြီးထမ်းလာသော မျက်နှာစိမ်း ပျားဖွတ်သမားတစ်ယောက် ရောက်လာသည်။

ပျားဖွတ်သမားက ရွာလယ်လမ်းအတိုင်း ဖြတ်သန်းသွားရာမှ ပျားရည်အိတ်ထဲက ပျားရည်တစ်စက် ဖိတ်ကျခဲ့သည်။

သစ်ပင်တစ်ပင်ထက်မှ အိမ်မြှောင်တစ်ကောင်က ထိုပျားရည်ကို မြင်ပြီး အပြေးအလွှားဆင်းရက်သည်။

ထိုအိမ်မြှောင်ကို ကြောင်တစ်ကောင်က ပြေးကိုက်သည်။

ထိုကြောင်ကို ခွေးတစ်ကောင် ခုန်အုပ်သည်။

အနီးရှိကြောင်ပိုင်ရှင်က ခွေးကို ချောက်လှန့်သည့်အနေဖြင့် တုတ်နှင့်ရိုက်၏။



သူ့ခွေးကို ရိုက်ရကောင်းလားဆိုကာ ခွေးပိုင်ရှင် ဘင်းလာပြီး၊ ကြောင်ပိုင်ရှင်ကို ခြေနှင့် ကန်ကျောက်၏။

ကြောင်ပိုင်ရှင်ကလည်း အညံ့မခံ လက်တုန့်ပြန်ရာမှ အကြိတ်အနယ်ရန်ပွဲကြီး စဖြစ်တော့သည်။

ဆူဆူဆဲဆဲနှင့် လုံးထွေးသတ်ပုတ်နေသံများကြား၍ ကြောင်ပိုင်ရှင်၏ ဆွေမျိုးများနှင့်မိတ်သင်္ဂဟများ အပြေးရောက်လာကြပြီး ခွေးပိုင်ရှင်ကို ဝိုင်းရိုက်ကြ၏။

ထိုအခါ ခွေးပိုင်ရှင်က ဟစ်အော် အကူအညီတောင်းရာမှ သူ့ဆွေမျိုး မိတ်ဆွေတစ်အုပ်ကြီးက သူ့ဘက်မှ စစ်ကူဝင်လာကာ ကြောင်ပိုင်ရှင်များအဖွဲ့ကို တိုက်ခိုက်ကြပြန်၏။

တစ်ခဏချင်းအတွင်း တောမီးများလောင်သည့်ပမာ ရန်ပွဲက ပျံ့နှံ့ကြီးကျယ်သွားရာမှ တစ်ရွာလုံးသို့ ကူးစက်သွားတော့၏။

ခွေးပိုင်ရှင်နှင့် ကြောင်ပိုင်ရှင် နှစ်ဘက်အုပ်စုက သူ့ဘက်ကိုယ့်ဘက် နီးစပ်ရာပါခဲ့ကြသလို ရှန်းရင်းဆန့်ခတ်နှင့် ရိုက်နှက်ထိုးကြိတ်ရင်း ရှုတ်ရှုတ်သဲသဲ စစ်ပွဲကြီးလားမှတ်ကြရသည်။

အစပိုင်းကတော့ ခြေချင်းကန်၊ လက်သီးချင်း ထိုး၊ သွားချင်းကိုက်ခဲ့ရုံသာ ရှိခဲ့သော်လည်း ဒေါသမုန်တိုင်း ထန်လာသည့်နောက် ခဲတွေ တုတ်တွေပါလာရုံမက ဓားတွေ လှံတွေနှင့် တစ်လုံးစိုး တူမီးသေနတ်တွေပါ ကိုင်စွဲပြီး ထိုးခုတ်ပစ်ခတ်ကြပြန်လေတော့၏။

ထို့ပြင်တစ်ဘက်နှင့်တစ်ဘက် သူသေသေ ကိုယ်သေသေ ဆိုသည့်ပိဘ်ဓာတ်ဖြင့် ရက်ရက်စက်စက် သတ်ဖြတ်တိုက်ခိုက်ကြရာမှ ဟာကာယ့်စစ်ပွဲကြီး ဖြစ်ခဲ့ရလေ၏။

နေ့ဘက်သာမက ညဘက်မှာ ချိုတိုက်ခိုက်ကြ၍ ကင်းတွေချ၊ ခံတပ်တွေ ဆောက်နှင့် ကြီးကြီးကျယ်ကျယ် ကာကွယ်ထားကြရပြန်သည်။

သည်ကြားထဲမှ တစ်ဖက်ဖက်ကို အမှေ့တိုက်စစ်ဆင် ဝင်ရောက်စီးနင်းမှုတွေ လုပ်လာကြသည်။

သို့ဖြင့် စစ်မြေပြင်နှစ်ဘက်စလုံးမှာ လူသေကောင်တွေ၊ သွေးသံရဲရဲဖြင့် ဒဏ်ရာရထားသူတွေ တစ်ပုံတစ်ခေါင်းကြီး ပြည့်နေရတော့၏။

ထိုသို့ သွေးချောင်းစီးခဲ့ရသည့်တိုင်အောင် နှစ်ဘက်စလုံးက ကောင်းကျိုးဆိုးပြစ်ကို မဆင်ခြင်၊ သင်ခန်းစာ မယူနိုင်ကြသေးဘဲ ဒေါသမာန်တွေ ထားနေကြဆဲ ဖြစ်၏။ တစ်ဘက်နှင့်တစ်ဘက် အပြတ်အသတ် အနိုင်ယူချေမှုန်းနိုင်ဖို့ ကြိုးစားလျက် အမုန်းတရားတွေ ပွားသထက်ပွားနေမိကြ၏။

ထို့နောက်တော့ သူ့ဘက်ကိုယ့်ဘက် နီးစပ်ရာရွာတွေကို အကူအညီတောင်း၍ စစ်ပြင်ကြပြန်သည်။ စစ်ပွဲကြီးက ရေပီးအစားခံရသော ပိတ်စကြီးကဲ့သို့ ကျယ်ပြန့်သွားပြီး တစ်နယ်လုံး မငြိမ်မသက်နှင့် ရေပွက်ခဲ့ရတော့၏။

နောက်ဆုံးတွင် ထိုနယ်ကြီး ဆူပူသောင်းကျန်းနေသည့် သတင်းက ဘုရင့်နားတော် ပေါက်သွားသည်။

ဘုရင်မင်းမြတ်လည်း ထို ထကြွဆူပူမှုကြီးကို နှိမ်နင်းရန် စစ်တပ်ကြီးတစ်တပ် စေလွှတ်လိုက်ရ၏။

ထိုအခါ အသက်ပေါင်းများစွာ ထပ်မံပျက်စီးဆုံးရှုံးရပြီး အိုးပျက်အိမ်ပျက်နှင့် မြာပုံဘ ရောက်ကုန်ကြရပြန်သည်။

သည်အခါကျမှ ယုံရွာကြီးတစ်ဝိုက်မှာ ရှေးယခင်ကဲ့သို့ ငြိမ်းချမ်းတည်ငြိမ်မှု ပြန်လည်ရရှိခဲ့ရလေသတည်း။

ထိုသို့ ကပ်ဆိုးကြီးဆိုက်ခဲ့ရသော ဖြစ်စဉ်အားလုံး၏ မူလ အစကား ဘာမဟုတ်သည့် ပျားရည်တစ်စက်ကြောင့်ပင် ဖြစ်လေတော့၏။

**ဆင်ခြင်ရန်။** ။ ဒေါသနှင့်တူသော မီးသည် မရှိ။